www.burmeseclassic.com





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ဗြိစက္က

နဂါးခံတွင်း ကျားခံတွင်း

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ် အပ်ံ ဝန္ဒာမိ

ကြိုစက္က ...................... နဂါးစံတွင်း ကျားစံတွင်း

**အဖုံးခွင့်ပြုချက်အမှတ်**
၁၃၃၄ / ၂၀၀၃ (၁၁)

**စာမူခွင့်ပြုချက်အမှတ်**
၁၄၄၀ / ၂၀၀၃ (၁၀)

**ပထမအကြိမ်**
၂၀၀၄ ခုနှစ်၊ ဧပြီလ။

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၆၀၀ ကျပ်

**အဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈) လမ်း -၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးလှနိုင် (မြိုတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။

**ဖြန့်ချိရေး**
မြိုတ်စာပေ၊ ၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။

**စီစဉ်သူ**
ကိုလှနိုင် (မြိုတ်)

**အထက်မြန်မာပြည်ဖြန့်ချိရေး**
နဂါးစာပေ၊ (မန္တလေး)
ထွန်းဦးစာပေ (မန္တလေး)

## အခန်း(၁)

ညသည်တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

လမိုက်ရက်ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ထုများက ဖုံးလွှမ်းထားပေသည်။

အမှောင်ထုဖုံးလွှမ်းထားသည်ဆိုသော်ငြားလည်း မစို့မပို့အနည်းငယ်လင်းလျက်ရှိသော အလင်းရောင်ကြောင့် သစ်ပင်အစရှိသောအရာဝတ္ထုများမှာ အမှောင်ထဲတွင် သတ္တဝါကြီးများနှင့် သဏ္ဌာန်တူနေတော့သည်။

လေတစ်ချက်ဝှေ့လိုက်တိုင်း ယိမ်းထိုးလှုပ်ရှားမှုများမှာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးကြီးများ ပျော်မြူးကခုန်နေကြသလိုပင်၊ သန်းခေါင်ယံအချိန်လောက်တွင် တိတ်ဆိတ်ခြင်းကိုဖောက်ပြီး ခွေးတစ်ကောင်၏ စူးစူးဝါးဝါး 'အူ' သံတစ်ချက်ထွက်ပေါ်လာသည်။

ထိုခွေးအူသံပေါ်လာသောနေရာမှာ ဟော်နန်းကုန်းဘက်ဆီမှဖြစ်သည်၊ ထိုခွေးအူသံကိုကြားလိုက်ရသူများအဖို့ နောက်တစ်နေ့နံနက်တွင် အမင်္ဂလာသတင်းတစ်ခု မလွဲမသွေကြားရတော့မည်ကို အလိုလိုသိနေကြသည်။

ထိုခွေးအူသံမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသောညအတွက် ချောက်ခြားဖွယ်ရာပင်ဖြစ်တော့သည်၊ ဟော်နန်းကုန်းရှိသောနေရာမှာ မိုင်းပွန်မြို့စွန်ဘက်ရှိ တောင်ကုန်းဘက်တွင်ဖြစ်သည်။

ထိုတောင်ကုန်းပေါ်တွင် ရှေးက ဆောက်လုပ်ထားသောဟော်နန်းကြီးတစ်ဆောင်ရှိသဖြင့် ထိုဟော်နန်းကြီးအားအစွဲပြု၍ ဟော်နန်းကုန်းဟူ၍အမည်တွင်နေခဲ့ခြင်းဖြစ်သည်၊ ထိုဟော်နန်းကြီးတွင် ရှေးကစော်ဘွားအနွယ်တော်များ အဆက်ဆက်နေလာခဲ့ကြသည်။

သို့သော် တိုက်ဆိုင်သည်ဟုဆိုရမည်လား. . .၊

ထူးဆန်းသည်ဟုဆိုရမည်လား. . .၊

ထိုဟော်နန်းကြီးတွင် နေထိုင်ခဲ့ကြသောမိသားစုများမှာ တစ်ဦးမဟုတ်တစ်ဦး အသေဆိုးဖြင့်သေခဲ့ကြသည်မှာ တိုက်ဆိုင်





မှုတစ်ခုဟုဆိုရလျှင်သော်မှ အတော်ထူးဆန်းသောတိုက်ဆိုင်မှုပင်ဖြစ်တော့သည်၊ ကြောက်မက်ဖွယ်ကောင်းသည်မှာ ထိုသို့သေဆုံးသွားသူတိုင်း မည်သို့မည်ပုံသေဆုံးသွားသည်ကို ယနေ့တိုင်မည်သူမျှ အဖြေရှာမတွေ့သေးပေ။

သတ္တဝါတစ်စုံတစ်ရာကြောင့် သေဆုံးလေသလား. .၊

လူသတ်၍ သေလေသည်လော. . .၊

သို့မဟုတ် သူ့အလိုလို ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာတစ်စုံတစ်ရာတွေ့မြင်ကာ နှလုံးသွေးရပ်၍ သေဆုံးသွားခြင်းပေလော၊ ယနေ့တိုင် အဖြေရှာမတွေ့ကြသေးပေ။

သေဆုံးသွားသူများ၏အလောင်းကို ပုလိပ်ဘက်မှသော်လည်းကောင်း၊ မှုခင်းဆရာဝန်များကသော်လည်းကောင်း၊ ရှုထောင့်အမျိုးမျိုးမှ စစ်ဆေးကြသော်လည်း ထူးခြားမှုတစ်စုံတစ်ရာကို မတွေ့ကြရပေ. . .။

ဆေးပညာရှုထောင့်မှသော်လည်းကောင်း၊ မှုခင်းရှုထောင့်ဘက်မှသော်လည်းကောင်း အမျိုးမျိုးစစ်ဆေးကြည့်ကြသော်လည်း ဒဏ်ရာဒဏ်ချက်တစ်စုံတစ်ရာ၊ မသင်္ကာစရာတစ်စုံတစ်ရာ မတွေ့ကြရဘဲ အကြောင်းတစ်စုံတစ်ရာကြောင့် နှလုံးသွေးရပ်ကာ သေဆုံးသွားခြင်းဖြစ်သည်ဟုသာ ယေဘုယျမှတ်ချက်ချနိုင်ကြသည်။

အတွင်းဒဏ်ရာသော်လည်းကောင်း. .၊

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဒဏ်ရာသော်လည်းကောင်း. . .၊

အဆိပ်မိသောလက္ခဏာ တစ်စုံတစ်ရာသော်လည်းကောင်း စစ်ဆေးရှာဖွေ၍မတွေ့ရပေ။

ထူးခြားသောတိုက်ဆိုင်မှုမှာ ဟော်နန်းကုန်းအိမ်ကြီးအတွင်း၌ သေဆုံးသွားကြသူများမှာ အိမ်ကြီး၏အိပ်ခန်းတစ်ခုအတွင်းရှိ ကုတင်ပေါ်တွင် အိပ်ပျော်နေသကဲ့သို့ သေဆုံးသွားကြခြင်းပင်ဖြစ်သည်။

သို့သော် ပုလိပ်ဘက်မှတော့ ထိုသေဆုံးမှုများကို ရိုးရိုးသားသား သေဆုံးမှုများမဟုတ်ကြောင်း သံသယရှိကြသော်လည်း သဲလွန်စတစ်စုံတစ်ရာ မတွေ့ကြရပေ။

ဤသို့ဖြင့် လူသတ်တရားခံမပေါ်၊ ဒဏ်ရာဒဏ်ချက်မပေါ်ပဲ သေဆုံးသူများလာသောအခါ ထိုဟော်နန်းကုန်းအိမ်ကြီး၌ နေထိုင်သူမရှိတော့ပေ. . .။

ထို့ကြောင့် တံခါးပိတ်ထားကာ 'ဘိုးမင်းဖြူ' ဆိုသောလူကြီးတစ်ဦးက တံခါးသော့များကို ထိမ်းသိမ်းစောင့်ရှောက်ထားလေသည်။

ဘိုးမင်းဖြူသည် ရှေးကစော်ဘွားများ အဆက်ဆက်ကတည်းက ထိုအိမ်ကြီးတွင်လူယုံတော်အဖြစ် နေထိုင်လာခဲ့သူဖြစ်သည်၊ အသက်(၇၀)ကျော်ဝန်းကျင်အရွယ်ရှိပြီး အသားဖြူဖြူအရပ်မြင့်မြင့်နှင့်ဖြစ်သည်၊ ခေါင်းတွင် သျှောင်တစ်စောင်းထုံး





ထားပြီး ဆံပင်မွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများမှာ ဆွတ်ဆွတ်ဖြူလျက်ရှိသည်၊ ဘုရားတရားကြည်ညိုလေးစားဟန်ရှိပြီး ပုတီးတစ်ကုံးဖြင့်နေလေ့ရှိရာ သူ့ကိုရုတ်တရက်ကြည့်လိုက်လျှင် သူတော်စင်တစ်ဦးနှင့်တူလှပေသည်။

အချိန်မှာ မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့များ မတရားကျူးကျော်သိမ်းပိုက်အုပ်ချုပ်နေသော အချိန်ကာလဖြစ်သည်၊ အုပ်ချုပ်မှုနှင့်ဝေးသော မိုင်းပွန်မြို့ကဲ့သို့နေရာမျိုးတွင် လူဘယ်နှစ်ဦးပဲသေသေ၊ တာဝန်ရှိသူများက သာမန်မျှသာ ဝတ်ကျေတန်းကျေစုံစမ်းနိုင်ကြသဖြင့် လူသေမှုများအတွက် ယခုတိုင် တရားခံများကိုမဖော်နိုင်ခြင်း၊ တစ်စုံတစ်ရာအဖြေမထုတ်နိုင်ခြင်း ဖြစ်တော့သည်။

မိုင်းပွန်မြို့တွင်းမှာလည်း လောင်းကစားဝိုင်းများ၊ အရက်ဝိုင်းများနှင့် အပျော်အပါးလိုက်စားချင်သူတို့အတွက် နေရာတိုင်းတွင် အနှံ့အပြားရှိနေပေသည်၊ ထိုလောင်းကစားဝိုင်းများ၊ အရက်ဝိုင်းများတွင် ဟော်နန်းကုန်းပေါ်မှ အိမ်ကြီးအကြောင်းက ရေပန်းစားလျက်ရှိနေသည်။

အချို့ကလည်း ထိုအိမ်ကြီးကို 'မိစ္ဆာစံအိမ်ကြီး'ဟူ၍ ကင်ပွန်းတပ်ခေါ်ဝေါ်ကြသည်၊ ယခုအခါ အရက်ဆိုင်များ၊ လောင်းကစားဝိုင်များတွင် ဟော်နန်းကုန်းအိမ်ကြီးနှင့်ပတ်သက်၍ လောင်းကြေးထပ်ခြင်းများ ပြုလုပ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဟော်နန်းကုန်းအိမ်ကြီးမှာ တစ်ယောက်တည်း တစ်ညအိပ်ဝံ့တဲ့သူရှိရင် ကြိုက်တဲ့ကြေးနဲ့လောင်းဝံ့တယ်. . ."

အရက်ဝိုင်းတစ်ဝိုင်းမှလူတစ်ယောက်က အရက်ကလေး တထွေထွေနှင့် လောင်းကြေးစိန်ခေါ်နေခြင်းဖြစ်သည်။

ထိုသို့ စိန်ခေါ်နေသံကြားသောအခါ အခြားအရက်ဝိုင်း တစ်ဝိုင်းမှ အရက်မူးစပြုနေသော လူတစ်ယောက်က ဒယိမ်းဒယိုင်နှင့် ထလာသည်။

"ငါ အိပ်ဝံ့တယ်၊ ဘာကြေးနဲ့လောင်းမှာလဲ"

"မင်းတကယ်အိပ်မှာလား"

"တကယ်အိပ်မှာ၊ လောင်းကြေးက ဘာနဲ့လောင်းမှာလဲ"

"လောင်းကြေးက မပြောနဲ့လေ၊ မင်းတကယ်အိပ်မယ် ဆိုရင် ပြီးတာပါပဲ၊ ရွှေဆိုရင် ရွှေ ငွေဆိုရင် ငွေနဲ့ ကြိုက်တာ လောင်းမယ်"

"ကြိုက်ပြီ၊ ရွှေဒင်္ဂါးနဲ့ လောင်းမယ်၊ လောင်းကြေးက ဘယ်လိုပေးမှာလဲ"

"လောင်းကြေးက ငါးလေးတစ်လေးပေးမယ်၊ မင်းက ရွှေဒင်္ဂါးတစ်ပြားထပ်ရင် တို့က ငါးပြားထပ်ပေးမယ်၊ မင်းက ဆယ်ပြားထပ်ရင် တို့က ရွှေဒင်္ဂါးငါးဆယ်ထပ်ပေးမယ်"

"အင်း. . . လောင်းကြေးကတော့ ကြိုက်လောက်





စရာပါပဲ၊ ဒါထက် လောင်းကြေးက ဘယ်မှာထပ်မှာလဲ၊ ဘယ်သူ့ဆီမှာ ထပ်မှာလဲ စိတ်ချယုံကြည်ရမှု ဖြစ်မှာနော်"

"လောင်းကြေးထပ်မယ့်နေရာကတော့ စိတ်ချရပါတယ် ကွာ၊ အခုဟော်နန်းကုန်းအိမ်ကြီးကိုစောင့်ရှောက်နေတဲ့ ဘိုးမင်း ဖြူထံမှာ လောင်းကြေးထပ်ထားကြတာပေါ့၊ နောက်တစ်နေ့ အနိုင်အရှုံးအဖြေပေါ်ရင်. . . မင်းနိုင်ရင်မင်းသွားယူ၊ ငါနိုင်ရင် ငါသွားယူရုံပဲပေါ့"

"ကြိုက်ပြီ ကျုပ်ကဘယ်တော့သွားအိပ်ရမှာလဲ"

"လကွယ်နေ့ည"

"မနက်ဖြန် လကွယ်နေ့ပဲ၊ စည်းကမ်းချက်တွေကရော ဘာတွေရှိသေးလဲ"

"တစ်ခြားတော့ ထွေထွေထူးထူးမရှိပါဘူး၊ မင်းအိပ်မယ့် လကွယ်နေ့ညမှာ ဟော်နန်းကုန်းအိမ်ကြီးအတွင်းက မင်းအိပ်ရ မယ့်အခန်းထဲကို တို့ကလိုက်ပို့ပေးမယ်၊ ပြီးရင် အပြင်ကသော့ ခတ်ထားခဲ့မယ်၊ မနက်လင်းရင် ပြန်လာဖွင့်ပေးမယ်၊ အဲဒီ အချိန်အထိ မင်းဘာမှမဖြစ်ဘူးဆိုရင် ဘိုးမင်းဖြူဆီမှာအပ်ထား တဲ့ လောင်းကြေးတွေကိုသွားယူရုံပဲ. . ."

"ကြိုက်ပြီ မနက်ဖြန်ည ဟော်နန်းကုန်းအိမ်ကြီးမှာ ကျုပ်အိပ်မယ်၊ အရက်မူးအောင်သောက်ပြီး တစ်ရေးတစ်မော အိပ်ရုံနဲ့ ရွှေဒင်္ဂါးငါးဆယ်တောင်ရမှာဆိုတော့ ညတိုင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ဖို့ကောင်းနေပြီ. . . ”

“အိပ်မယ့်နေ့ညကျရင် မင်းကြိုက်သလောက် အရက်သောက်တာကိုလည်း ကျုပ်တို့ဒကာခံပါ့မယ်. . . ”

“အင်မတန်ကောင်းတဲ့အစီအစဉ်ပေါ့ဗျာ၊ ကျုပ်ကငယ်ငယ်ကတည်းက တစ္ဆေသရဲတို့ ဝိဉာဉ်တို့ကိုယုံတာမဟုတ်ဘူး၊ ကြောက်လည်းမကြောက်တတ်ဘူး၊ အိပ်တဲ့ညမှာ လာချင်တဲ့တစ္ဆေ လာပါစေ၊ ဓားမြှောင်စာမိပြီး တစ္ဆေဘဝက နောက်ထပ်တစ်ဘဝထပ်ပြောင်းသွားရမယ်၊ ကျုပ်နာမည် ဓားဘိုးခင်တဲ့ မှတ်ထား”

ထိုသို့ပြောဆိုကာ ခါးထဲတွင်ထိုးထည့်ထားသော အသွားခြောက်လက်မခန့်ရှိဓားမြှောင်ကို ဟန်ပါပါဆွဲထုတ်လိုက်ကာ စားပွဲပေါ်သို့ ‘ဒုန်း’ကနဲဝိုက်ချလိုက်ရာ အရက်ပုလင်းနှင့်ဖန်ခွက်များပင် လှုပ်ယမ်းသွားလေတော့သည်။

ဤသို့ဖြင့် လောင်းကြေးတည့်သွားပြီး နောက်တစ်နေ့မိုးချုပ်ကာစအချိန်တွင် ဓားဘိုးခင်ဆိုသူကို အရက်တစ်ဝတိုက်ပြီးနောက် ဟော်နန်းကုန်းအိမ်ကြီးမှ အခန်းတစ်ခန်းအတွင်းသို့ လိုက်ပို့ပေးကြသည်။

ဓားဘိုးခင်အား အခန်းထဲပို့ပြီးနောက်. . .

“ကဲ. . . တို့ပြန်တော့မယ်၊ မင်းအလုပ်က ဒီအခန်းထဲမှာ တစ်ရေးတစ်မောအိပ်ရုံပါပဲ၊ ဟိုအခန်းအလယ်မှာ ခုတင်တစ်လုံးလည်းရှိတယ်၊ အဲဒီခုတင်ပေါ်မှာ အေးအေးဆေးဆေး





တက်အိပ်ပေါ့ကွာ၊ တို့ပြန်သွားပေမယ့် ဒီအိမ်ကြီးမှာမင်းအတွက် အဖော်တွေကျန်ပါသေးတယ်”

“ဘယ်သူတွေလဲ”

“ဩော် တစ်ခြားတော့မဟုတ်ပါဘူး၊ ဒီအိမ်ကြီးထဲမှာ အရင်ကသေသွားတဲ့လူတွေရဲ့ဝိညာဉ်တွေပေါ့ကွာ ဟားဟားဟား”

လောင်းကြေးထပ်သောဒိုင်များက ဓားဘိုးခင်ဆိုသူကို အိပ်ခန်းထဲထည့်ကာ အပြင်မှတံခါးကိုသော့ခတ်ခဲ့ပြီးနောက် ပြန်သွားကြလေတော့သည်။

အားလုံးပြန်သွားသောအခါ အိမ်ကြီးအတွင်း၌ တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးစိုးလာသည်၊ ဓားဘိုးခင်သည် အရက်ကလေးတစ်ထွေထွေနှင့် အသင့်ဆောင်ယူလာသော ဖယောင်းတိုင်နှင့်မီးခြစ်ကို ထုတ်ယူပြီး မီးထွန်းလိုက်သည်၊ ဖယောင်းတိုင်မီးရောင်ကြောင့် အခန်းထဲရှိ အရာဝတ္ထုများကို မြင်ရသည်။

အခန်းတွင်း၌ အခြားပစ္စည်းများများစားစားမရှိလှပဲ အခန်းအလယ်တွင် ကြေးခုတင်ကြီးတစ်လုံးရှိကာ မွေ့ယာတစ်ချပ်ခင်းထားလေသည်၊ ခုတင်ကြီး၏ခေါင်းရင်းဘက်တွင် ဘာပစ္စည်းမှမရှိပဲ ခြေရင်းဘက်၌ ကြီးမားသောဆီဆေးပန်းချီကားကြီးတစ်ချပ် ချိတ်ဆွဲထားသည်။

တောင်စွယ်နေကွယ်ခါနီးအချိန်တွင် လူတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဓားဖြင့်ခုတ်သတ်တော့မည့် လူသတ်သမားကြီးတစ်ယောက်၏ ပုံကို မာန်ပါပါရေးဆွဲထားခြင်းဖြစ်သည်။

ဓားဘိုးခင်သည် လက်တစ်ဘက်က ဓားမြှောင်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး၊ ကျန်လက်တစ်ဘက်က မီးတိုင်ကိုကိုင်ကာ အခန်းထဲအနှံ့လျှောက်ကြည့်သော်လည်း မသင်္ကာစရာဟူ၍ ဘာတစ်ခုမှမတွေ့ရပေ။

"အင်း အခန်းထဲမှာတော့ ဘာတစ်ခုမှ မသင်္ကာစရာမတွေ့ရဘူး၊ ငါ့ကို အနှောင့်အယှက်ပေးဖို့ဆိုရင် အပြင်ကလာမယ့် တစ္ဆေ၊ သရဲတွေ၊ ဝိညာဉ်တွေပဲဖြစ်ရမယ်၊ လာချင်တဲ့လာပါစေ၊ ငါ့ဓားမြှောင်နဲ့တွေ့လို့ကတော့ နှစ်ဘဝပြောင်းသွားမယ်သာမှတ်"

ဟု စိတ်တွင်းမှ တစ်ကိုယ်တည်းကြိမ်းဝါးလိုက်ရင်း ဖယောင်းတိုင်မီးကို ခေါင်းရင်းဘက်မှ ကြေးခွက်တိုင်ပေါ်တွင် စိုက်ထားလိုက်ပြီး ခုတင်ပေါ် ထိုင်လိုက်သည်။

ထိုအခါမှ မိမိဝင်လာသောတံခါးပေါက်ကိုမြင်ပြီး စိတ်မချသလိုဖြစ်သွား၍ ထသွားကာ အတွင်းဖက်မှ တံခါးချက်ထိုးပြီးမှပြန်လာကာ ခုတင်ပေါ် လှဲချလိုက်သည်။

အိစက်သောမွေ့ယာပေါ် လှဲလိုက်သောအခါ ခန့်ညားစွာပြုလုပ်ထားသော မျက်နှာကျက်အမိုးကိုမြင်ရသည်။

ခုတင်ပေါ် လှဲချလိုက်သောအခါ ၎င်းနှင့်မျက်နှာချင်းဆိုင်





ဖြစ်သွားသောအရာမှာ ခြေရင်းဘက်ရှိ ပန်းချီကားကြီးအတွင်းမှ လူသတ်သမားကြီး၏ ပုံဖြစ်သည်။

မီးရောင်ဖြင့် မသဲမကွဲမြင်နေရသော ပန်းချီကားအတွင်းမှ လူသတ်သမားကြီး၏ပုံမှာ အသက်ဝင်နေသယောင်ထင်ရပြီး ၎င်းအားစိုက်ကြည့်လျက်ရှိသည်။

"အင်း ဒီအရုပ်ကြီးကတော့ ငါ့ကို ဘာမှအန္တရာယ်ပြုနိုင်မယ် မထင်ပါဘူးလေ"

ဓါးဘိုးခင်သည် သူ၏လှုပ်ရှားမှု ငြိမ်သက်သွားသောအခါ ပတ်ဝန်းကျင်မှ တိတ်ဆိတ်ငြိမ်သက်ခြင်းကို သတိပြုမိသွားသည်။

ထို့ပြင် အိမ်ကြီးအတွင်းပိုင်းဆီမှ လူညည်းသံလိုလို၊ ငိုသံလိုလို အသံများကိုမသဲမကွဲ ကြားလာရသည်။

ထိုအခိုက်မှာပင် သူထွန်းထားသော ဖယောင်းတိုင်မီးကကုန်သွားပြီဖြစ်သောကြောင့် အခန်းတွင်း၌ အမှောင်ထုကဖုံးလွှမ်းသွားလေတော့သည်၊ ထိုအခါမှ ပြတင်းပေါက်မှန်တံခါးမှတစ်ဆင့် အပြင်ဘက်တွင်လည်း အလွန်မှောင်မဲတိတ်ဆိတ်နေသည်ကို သတိပြုမိသွားသည်။

ထိုအချိန်တွင် ဓားဘိုးခင်သည် ညဦးပိုင်းက လောင်းကြေးဒိုင်များဖြင့်သောက်ခဲ့သောအရက်ရှိန်မှာ အအေးဒဏ်ကြောင့်တစ်ရိပ်ရိပ်မူးတက်လာပြီး ခေါင်းမထူချင်လောက်အောင် ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဒီည ငါဘာဖြစ်တာလဲ. . အရင်ရက်တွေက ဒီထက်မက သောက်ခဲ့တာတောင် ဒီလောက်မမူးပါဘူး. . ."

ဓားဘိုးခင်ရီဝေဝေဖြစ်နေရင်း အတွေးကောင်းနေစဉ် ဟော်နန်းကုန်းအနီးမှ ခွေးအူသံတစ်ချက်ပေါ်ထွက်လာလေတော့သည်။

ခွေးအူသံများ ဆက်ကာဆက်ကာပေါ်လာပြီး မရှေးမနှောင်းမှာပင် ဟော်နန်းကုန်းအိမ်ကြီးအတွင်းရှိ အခန်းတစ်ခန်းဆီမှ မသဲမကွဲအော်ဟစ်ငြီးငြူသံများပေါ်ထွက်လာပြီးနောက် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ပကတိပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။



## အခန်း(၂)

အင်းစိန်စီအိုင်ဒီရုံးခန်းအတွင်း၌ ဖြစ်သည်။

ပုလိပ်မင်းကြီးက ကျွန်ုပ်အားတွေ့ဆုံရန် ပြာတာကလေးက လာရောက်အကြောင်းကြားသဖြင့် ကျွန်ုပ်လည်းလေ့လာလက်စအမှုတွဲဖိုင်များကို စားပွဲပေါ်ထားခဲ့ပြီး မင်းကြီးရုံးခန်းအတွင်းသို့ ဝင်လာခဲ့သည်။

"ထိုင်ပါ အိုင်ပီအောင်မင်းအောင်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မင်းကြီး"

"ဒါထက် မိုင်းပွန်ဘက်က အခုတလောရောက်လာတဲ့ အမှုတွဲတွေ ဖတ်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖတ်ပြီးပါပြီ မင်းကြီး"

"ဘာထူးခြားမှုတွေ တွေ့သလဲ"

"မိုင်းပွန်ဘက်မှာ လူတွေမကြာခဏသေတဲ့ အိမ်ကြီး တစ်လုံးအကြောင်းနဲ့ပတ်သက်တဲ့ အမှုတွဲတစ်ခုလည်း တွေ့ရတယ်၊ အဲဒီမှာတော့ မိုင်းပွန်ကပုလိပ်အရာရှိတွေက ဒီအိမ်ကြီးမှာ လူတွေ မကြာခဏသေဆုံးရတာ သွေးရိုးသားရိုးသေဆုံးတာမဖြစ်နိုင်ကြောင်း မှတ်ချက်ပေးထားတာ ဖတ်ရပါတယ်မင်းကြီး"

"အင်း. . ."

"နောက်စိတ်ဝင်စားဖို့ကောင်းတဲ့အမှုတွဲတစ်ခုက အဲဒီနယ်ဘက်မှာ ရွှေဒင်္ဂါးတုတွေထွက်နေတာ အခုထိခြေရာခံလို့ မရသေးဘူးဆိုတဲ့ အမှုတွဲပါမင်းကြီး၊ ဒီအမှုတွဲနှစ်ခုစလုံး စိတ်ဝင်စားဖို့ကောင်းလှပါတယ်"

"ကျွန်ုပ်အခုမောင်မင်းကိုခေါ်တာ ဒီကိစ္စပဲ၊ အောင်မင်းအောင်"

"ဟုတ်ကဲ့ အမိန့်ရှိပါမင်းကြီး"

"မိုင်းပွန်မှာရှိတဲ့ စုံထောက်အစုတ်ပလုတ်တွေကတော့ ဒီလောက်ခက်ခဲတဲ့အမှုမျိုးတွေကို ဘယ်လိုနည်းနဲ့မှဖော်ထုတ်နိုင်မှာလဲမဟုတ်ဘူး၊ ဘယ်တော့မှလည်း တရားခံကိုဖမ်းမိနိုင်မှာ မဟုတ်ဘူး"

မင်းကြီးက ဗာဂျီးနီးယားဆေးမှုန့်အစစ်များထည့်ထားသော ဆေးတံကိုမီးညှိပြီး တစ်ဖွာနှစ်ဖွာ,ဖွာလိုက်ရာ မီးခိုးငွေ့များ





နှင့်အတူ သင်းပျံ့သောဆေးနံ့များက အခန်းတွင်း၌ဝေ့ဝဲပျံ့နှံ့နေတော့သည်။

"ဒီတော့. . ."

"ဟုတ်ကဲ့ အမိန့်ရှိပါမင်းကြီး"

"ကျွန်ုပ် ဒီအမှုတွေရဲ့ အဖြစ်မှန်တွေကိုသိချင်တယ်၊ တရားခံတွေကို လိုချင်တယ်၊ အဲဒါ မောင်မင်းကိုတာဝန်ပေးမယ်၊ မောင်မင်း မိုင်းပွန်ကိုအမြန်ဆုံးသွားပေတော့"

"ဟုတ်ကဲ့"

"ဒီစီအိုင်ဒီမှာရှိတဲ့ စုံထောက်တွေ၊ ဆားပုလင်းတွေထဲက မောင်မင်းကြိုက်တဲ့သူကို ရွေးခေါ်သွားပါ၊ အမှုမှန်အမြန်ဆုံးပေါ်ဖို့သာအရေးကြီးတယ်"

"ဟုတ်ကဲ့"

"မောင်မင်း ဘယ်သူ့ကိုခေါ်သွားမလဲ"

"စုံထောက် ထက်မင်းကျော်စွာကိုခေါ်သွားပါ့မယ် မင်းကြီး"

"အော်. . . အရင်တစ်ပတ်က ဂန္ဓဝါဘက်ကတရားခံကို ဖမ်းပေးခဲ့တဲ့ စုံထောက်ကလေးကိုပြောတာလား"

"ဟုတ်ပါတယ် မင်းကြီး"

"အင်း. . ထက်ထက်မြက်မြက်နဲ့ လုပ်ရည်ကိုင်ရည်ရှိတော့ ရှိပါတယ်၊ မောင်မင်းသဘောကျရင် ခေါ်သွားလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်ုပ်လိုချင်တာကတော့ တရားခံအစစ်အမှန်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဆီကို အမြန်ဆုံးဖမ်းခေါ်လာနိုင်ဖို့ပဲ”

“အမြန်ဆုံး ကြိုးစားခဲ့ပါ့မယ် မင်းကြီး”

“ဘာပြောစရာရှိသေးလဲ”

“တင်ပြစရာမရှိတော့ပါ မင်းကြီး”

“ကောင်းပြီ၊ မောင်မင်းသွားနိုင်ပြီ”

ကျွန်ုပ်သည် မင်းကြီးအားအရိုအသေပေးပြီး မင်းကြီးရုံးခန်းအတွင်းမှထွက်လာသောအခါ အပြင်ဘက်မှ အရိပ်အခြည်စောင့်ကြည့်နေသော လုပ်ဖော်ကိုင်ဖက်များက အခြေအနေကို ဝိုင်းဝန်းမေးမြန်းကြလေသည်။

“ဘယ့်နှယ့်လဲ ကိုမင်းအောင်၊ ခင်ဗျားကို မင်းကြီးက ဘာတွေမကျေမနပ်နဲ့ ဆူလွှတ်လိုက်ပြန်ပြီလဲဗျ၊ ပြောပါဦး”

“မဟုတ်ကာမှလွဲရော၊ ရွာမဘက်ကလူသတ်မှုတစ်ခု အခုထိတရားခံလက်သည်မပေါ်သေးလို့ ကောင်းကောင်းကြိမ်းမောင်းလွှတ်လိုက်ပြီမဟုတ်လား”

ဟု ထင်ရာမြင်ရာဝိုင်းဝန်းမေးမြန်းကြရာ ကျွန်ုပ်မှာ စိတ်မောလူမောဖြင့် မိမိစားပွဲတွင်ဝင်ထိုင်ရင်း. . .၊

“ခင်ဗျားတို့ထင်တာတွေ တစ်ခုမှမဟုတ်ပါဘူးဗျာ၊ ကျုပ်ကို အမှုတစ်ခုအတွက် နယ်သွားဖို့ ခိုင်းတာပါ”

“ဟင် နယ်သွားရမယ်ဟုတ်လား၊ ဘယ်နယ်ဘက်လဲဗျ”

“မိုင်းပွန်ဘက်ကို”





“မိုင်းပွန်ဆိုတော့ ရှမ်းပြည်နယ်ပေ့၊ ကောင်းတယ်ဗျို့၊ ရန်ကုန်မှာ မင်းကြီးနဲ့နီးနီးနားနားနေရတာထက်စာရင် အခုလို နယ်သွားပြီး ဝေးဝေးနေရတာ နားအေးပါးအေးရှိလှတယ်၊ ဒါထက် ခင်ဗျားတစ်ယောက်တည်းသွားမှာလား၊ ဘယ်သူတွေပါသေးသလဲဗျ ကိုမင်းအောင်”

“ကျုပ်နဲ့အဖော်တစ်ယောက်ခေါ်သွားလို့တော့ ပြောတာပဲ”

“ဟင် ဟုတ်လား၊ ဒီလိုဆိုရင်ဖြင့် ခင်ဗျားနဲ့အတူ ကျုပ်လိုက်ခဲ့ပါရစေဗျာ၊ အိမ်မှာနေရင်လည်း မိန်းမကဆူ၊ ရုံးရောက်ပြန်တော့လည်း မင်းကြီးကဆူနဲ့ နားပူလွန်းလို့ပါဗျာ”

ဟု စုံထောက်ဦးထင်ပေါ်က တောင်းတောင်းပန်ပန်နှင့် ပြောသည်။ ထိုအခါ စုံထောက်ဦးဇော်ဝိတ်ကလည်း. . .၊

“ကိုမင်းအောင်၊ ခင်ဗျားအတွက်အဖော်တစ်ယောက်လိုတယ်ဆိုရင်ဖြင့် ကျုပ်လိုက်ခဲ့ပါရစေဗျာ၊ ကျုပ် ရန်ကုန်က ဝေးဝေးကိုပြေးချင်နေတာကြာပြီ၊ ခင်ဗျားအပန်းမကြီးဘူးဆိုရင် တစ်ဆိတ်လိုက်ခဲ့ပါရစေ”

ဟု တောင်းတောင်းပန်ပန် ဝင်ပြောလေသည်။

“ခင်ဗျားက ဘာတွေ အခက်အခဲရှိနေလို့လည်း ကိုဇော်ဝိတ်ရယ်”

“ရှိပါသော်ကော ကိုထင်ပေါ်ရယ်၊ အိမ်မှာတင်ကျွေး



www.burmeseclassic.com

www.burmeseclassic.com



ထားရတဲ့လူတွေက အများကြီးရယ်၊ ယောက္ခမတွေရော၊ ယောက်ဖတွေရော၊ မရီးတွေရော၊ ခယ်မတွေရော၊ လူပိုလူလျှံတွေဆိုတာ အများကြီးဆိုတော့ ကျုပ်ရတဲ့လခကလေးနဲ့ တစ်လတစ်လ ဘယ်လိုလောက်နိုင်မှာတဲ့လဲဗျာ၊ ဒီတော့ အနီးအပါးမှာရှိတဲ့ တရုတ်ဆိုင်ကရော၊ ကုလားဆိုင်ကရော အကြွေးတွေယူထားရတာ လည်ပင်းရောက်လုနေပြီ၊ ကျုပ်လည်းနေ့တိုင်း ကြွေးရှင်မျက်နှာတွေကိုကြည့်နေရတာ မျက်နှာပူလှပါပြီ၊ ဒါကြောင့် ဒီကဝေးရင်ပြီးရော၊ ဘယ်ကိုသွားသွား ကျုပ်ကိုခေါ်စမ်းပါဗျာ"

ဟု အကြောင်းစုံကို နတ်သံနှော၍ ပြောပြလေသည်။

"အေးဗျာ၊ ခင်ဗျားတို့ကို အားတော့နာပါတယ်၊ ခေါ်လည်းခေါ်သွားချင်ပါတယ်၊ ဒါပေမယ့် ကျုပ်က မင်းကြီးကို ထက်မင်းကျော်စွာကို ခေါ်သွားမယ့်အကြောင်း ပြောခဲ့ပြီးပြီဗျ၊ အခုပဲ ကျုပ်သူ့ဆီသွားမလို့"

ကျွန်ုပ်လည်း စကားကိုတိုတိုဖြတ်ကာ ဦးထုပ်နှင့်လက်ဆွဲအိတ်ကိုဆွဲ၍ ရုံးခန်းအတွင်းမှထွက်ခဲ့လေတော့သည်။

ထို့နောက် ရုံးမှအသုံးပြုရန်ပေးထားသော ဘောက်စ်ဝက်ဂွန်းကားကလေးဖြင့် ထက်မင်းကျော်စွာနေထိုင်ရာ ကရစ်လမ်းဘက်သို့ မောင်းလာခဲ့တော့သည်။

ကျွန်ုပ်သည် အင်းစိန်လမ်းမကြီးအတိုင်းမောင်းလာပြီး လှည်းတန်း၊ ဟံသာဝတီအဝိုင်း၊ ကမာရွတ်အစရှိသောနေရာများ





ကို ဖြတ်လာခဲ့ပြီး ကျုံးကြီးထောင့်သို့ရောက်သောအခါ ဗိုလ်ချုပ်လမ်းအတိုင်း အရှေ့ဘက်သို့မောင်းလာခဲ့သည်။

ထိုအချိန်က ရေကျော်တစ်ဝိုက် ပလက်ဖောင်းပေါ်တွင် ဖွင့်လှစ်ရောင်းချသော လက်ဖက်ရည်၊ ကော်ဖီ၊ ခေါက်ဆွဲဆိုင်၊ ဝက်ခေါင်းသုတ်၊ ဝက်သားတုတ်ထိုးဆိုင်များမှာ ဈေးပေါပေါနှင့် အရသာကောင်းလှသောကြောင့် ညနေပိုင်းအချိန်တွင် လာရောက်စားသောက်သူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် လမ်းဘေးတွင် တိတ်တိတ်ရောင်းချလျက်ရှိသော အရက်ပုန်းဆိုင်ကလေးများတွင် ကြက်တန်းဘက်မှ ကုလားများ လာရောက်သောက်စားလျက်ရှိရာ အထူးပင်စည်ကားလှပေသည်။

၄၇လမ်းထိပ်တွင်ဖွင့်လှစ်ထားသော မိုးမြန်မာထမင်းဆိုင်မှာ ထမင်းဟင်းအချက်အပြုတ်ကောင်းသည်သာမဟုတ်ပဲ ဈေးနှုန်းမှာလည်း ချိုသာလှသည်၊ တစ်မတ်၊ ငါးမူးရှိရုံမျှဖြင့် ထမင်းတစ်နပ်အတွက် လောက်ငှပေရာ လက်လုပ်လက်စားများအတွက် တွက်ခြေကိုက်လှပေသည်။

ကြက်တန်းဘက်မှ သံထည်အလုပ်သမားကုလားများဖြစ်တစ်နေကုန် ပင်ပင်ပန်းပန်းအလုပ်လုပ်ကြပြီး ညနေစောင်းသောအခါ ရေကျော်ဘက်ဆင်းလာပြီး အပန်းဖြေအနားယူလို့ရှိကြသောကြောင့် ညဦးပိုင်းအချိန်တွင် ၄၇၊ ၄၈လမ်းတစ်ဝိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေကျော်ဈေးတစ်ဝိုက်တွင် လွန်စွာစည်ကားလှသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော စုံထောက်ထက်မင်းကျော်စွာမှာ ကရစ်လမ်း၊ အလယ်ဘလောက်၊ ခရစ်ယာန်ဘုရားကျောင်းရှေ့တွင် နေထိုင်သောကြောင့် ကျွန်ုပ်သည် ကရစ်လမ်းအတွင်းသို့ ချိုးဝင်လာခဲ့ပြီး ထက်မင်းကျော်စွာနေထိုင်သော တိုက်ရှေ့ရှိ ပိတောက်ပင်ကြီးအောက်၌ ကားကိုရပ်ထားခဲ့ပြီးနောက် တိုက်ပေါ်တက်ခဲ့သည်။

ထက်မင်းကျော်စွာနေသောအခန်းမှာ ပထမထပ်၌ဖြစ်သောကြောင့် လှေခါးအတိုင်းအပေါ်သို့တက်လာခဲ့ပြီး အခန်းရှေ့ရောက်သောအခါ တံခါးကိုခေါက်လိုက်သည်။

“ဒေါက်. . ဒေါက်. . ဒေါက်”

“အိုင်ပီလား၊ ဝင်ခဲ့ပါ. . တံခါးဖွင့်ထားပါတယ်”

အတွင်းမှ ထက်မင်းကျော်စွာအသံကြားလိုက်ရသဖြင့် စေ့ထားဟန်ရှိသောတံခါးကိုတွန်းဖွင့်ပြီး အတွင်းသို့ဝင်လိုက်သည်။

ထက်မင်းကျော်စွာသည် ကျွန်ုပ်ကိုမြင်သောအခါ ပြတင်းပေါက်နားရှိစားပွဲမှ ထလာသည်။

“ကျွန်ုပ်လာမယ်မှန်း ဘယ်လိုများကြိုသိနေတာပါလိမ့်”

“ဒီအချိန်မှ ကျွန်တော့ဆီတကူးတကလာမယ့်ဧည့်သည်ဆိုလို့ အိုင်ပီတစ်ယောက်ပဲရှိတယ်လေ၊ နောက်ပြီး အိုင်ပီစီးတဲ့





ကားစက်သံကိုလည်း မှတ်မိနေလို့ တံခါးကြိုဖွင့်ပေးထားတာပါ”

“တော်ပါပေတယ် မောင်ကျော်စွာရယ်”

“ထိုင်ပါအိုင်ပီ၊ ကျွန်ုပ်ဆီကို အချိန်မရွေးရောက်လာပုံထောက်တော့ ကိစ္စတစ်ခုအရေးကြီးလာပုံရတယ်၊ ကျွန်တော် ကော်ဖီဖျော်လိုက်ဦးမယ်၊ အေးအေးဆေးဆေးပြောကြတာပေါ့”

“မသောက်တော့ပါဘူးမောင်ကျော်စွာ၊ မောင်ရင်နဲ့ တရုတ်တန်းဘက်သွားပြီး ဆီချက်ခေါက်ဆွဲစားကြရအောင်၊ ဆိုင်ကြီးတွေမှာထက် ၂၅လမ်း၊ အထက်ဘလောက်၊ ဖရေဇာလမ်းဘေး တရုတ်ဘုံကျောင်းထောင့်မှာ တဲထိုးရောင်းတဲ့ဆီချက်ဆိုင်က ပိုကောင်းတယ်၊ အဲဒီဆိုင်က ကြက်သားပြုတ်တာ အချိုမှုတ်မပြယ်ဘူး”

“သွားကြတာပေါ့ ကျွန်တော်ကလည်း အဲဒီလိုအစားအစာကောင်းလေးတွေဆိုရင် သဘောကျလှရှိတယ်”

“စောစောက မောင်ရင်စားပွဲမှာ တကုပ်ကုပ်နဲ့ဘာတွေအလုပ်ရှုပ်နေတာလဲကွယ့်”

“တခြားတော့မဟုတ်ပါဘူး အိုင်ပီရယ်၊ တယ်လီပသီနည်းလို့ခေါ်တဲ့ စိတ်ချင်းဆက်သွယ်ခြင်းအကြောင်းကို လေ့လာနေတာပါ”

“ဘယ်လိုစိတ်ချင်းဆက်သွယ်နည်းလဲကွယ့် ရှင်းပြီး”

“အင်္ဂလိပ်ဝေါဟာရမှာ အက်စ်ထရာဆင်းစရီ[illegible]ကိုရှင်း



www.burmeseclassic.com

www.burmeseclassic.com



(Extrasensory Perception) လို့ခေါ်တယ်၊ အတိုကောက်ကတော့ အီးအက်စ်ပီ(ESP) ပေါ့၊ အဓိပ္ပာယ်အပြည့်အစုံကတော့ ထူးခြားသောအာရုံခံစားမှုလို့ပဲ ပြောရမှာပဲအိုင်ပီ"

"အင်း"

"သာမန်အာရုံခံစားမှုအင်္ဂါများကိုအသုံးမပြုပဲ၊ ကျိုးကြောင်းဆင်ခြင်မှုန်းဆတွက်ချက်ခြင်းမပြုပဲ ထူးခြားတဲ့စိတ်စွမ်းအင်ကိုအသုံးပြုပြီး ဟောကိန်းထုတ်တဲ့ကိစ္စမျိုးတွေပါ"

"ဒါတွေဟာ မှော်လိုလို၊ နတ်လိုလို၊ ပယောဂပညာလိုလို အများကထင်နေတာမဟုတ်လား"

"ဒါတွေကလည်းရှိနေတာပါပဲ၊ ဒါပေမယ့် စိတ်စွမ်းအင်နဲ့ပတ်သက်တဲ့ ပညာရပ်တွေကသပ်သပ်ပါ၊ အချို့ဆိုရင် သာမန်သွားလာနေထိုင်ရင်းနဲ့ တစ်ခုခုဖြစ်တော့မယ်ဆိုတာ ကြိုသိနေတာမျိုးပေါ့၊ သူ့စိတ်ထဲမှာထင်နေတာမျိုးဟာ မကြာခင်တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာတာမျိုးပါ၊ ဒါမျိုးကမွေးရာပါ စိတ်စွမ်းအင်မျိုးပါ အိုင်ခီ"

"အင်း"

"အနောက်တိုင်းအယူအဆမှာ မွေးစဉ်က အချင်းမျက်နှာဖုံးစွပ်နဲ့ မွေးဖွားလာတဲ့သူတွေဟာ ကြီးပြင်းလာတဲ့အခါ ထူးခြားတဲ့စိတ်စွမ်းအင်မျိုးတွေ ပါလာတတ်တယ်လို့ ယုံကြည်ကြတယ်၊ အမေရိကန်ပြည်၊ ဗာဂျီးနီးယားပြည်နယ်မှ ဟယ်လင်





ဆင်မလင်ဖိလစ်ဆိုတဲ့ အမျိုးသမီးတစ်ယောက်ဟာ မွေးစကအချင်းမျက်နှာဖုံးစွပ်နဲ့မွေးဖွားလာခဲ့ပြီး အရွယ်ရောက်လာတဲ့အခါမှာ ထူးခြားတဲ့စိတ်စွမ်းအင်နဲ့ပတ်သက်ပြီး အတွေ့အကြုံတွေ အများကြီးရခဲ့တယ်"

"ဘယ်လိုအတွေ့အကြုံတွေလဲကွယ့်"

"သူက အစကတော့ သူ့မှာစိတ်စွမ်းအင်ရှိနေတာကို သတိမထားမိခဲ့ပါဘူး၊ ဥပမာ တယ်လီဖုန်းမြည်လာရင် ဘယ်သူ့ဆီကတယ်လီဖုန်းလဲဆိုတာ စိတ်ထဲကကြိုသိနေတာမျိုးပေါ့၊ စာတစ်စောင်ရောက်လာရင်လည်း စာအိတ်မဖောက်ရခင်မှာ အတွင်းမှာ ဘယ်လိုအကြောင်းအရာမျိုးတွေရေးထားတယ်ဆိုတာ ကြိုသိနေလေ့ရှိတယ်"

"တိုက်ဆိုင်မှုတွေရော မဖြစ်နိုင်ဘူးလား"

"တိုက်ဆိုင်မှုဆိုရင်လည်း တစ်ခါတစ်ရံမှပဲဖြစ်မှာပေါ့၊ သူ့ဘဝမှာ ထူးခြားမှုတွေအများကြီးကြုံရတယ်၊ အဲဒီထဲမှာ သူနာပြုအဆောင်မှာနေတုန်းက သူ့ရဲ့လက်ပတ်နာရီလေးပျောက်သွားဖူးတယ်၊ အဆောင်မှာက လူပေါင်းရာနဲ့ချီပြီးနေကြတာဆိုတော့ ဘယ်သူ့ဆီမှာနာရီရောက်နေတယ်ဆိုတာ သိနိုင်ဖို့မလွယ်ဘူး"

"ဟုတ်တာပေါ့"

"ထူးဆန်းတာက အဲဒီပျောက်သွားတဲ့နာရီဟာ သူနာပြုဆရာမလေးတွေမယူဘူးဆိုတာ သူ့စိတ်ထဲကအလိုလိုသိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့်ဘယ်သူ့ကိုမှမမေးတော့ဘဲ အံ့လုပ်သမားလေးတစ်ယောက်နေတဲ့အခန်းကိုတန်းသွားပြီး ဖုန်တွေတက်နေတဲ့ ဗီဒိုတစ်လုံးနောက်မှာရှိတဲ့ မိန်းမစီးဖိနပ်တစ်ဖက်ထဲမှာဝှက်ထားတဲ့ သူ့ရဲ့နာရီကို ပြန်ယူနိုင်ခဲ့တယ်၊ ဒါဟာ စိတ်စွမ်းအင်တန်ခိုးကြောင့်ပဲ အိုင်ဗီ"

"အင်း. . . ဒါကတော့ တိုက်ဆိုင်မှုလို့ပြောလို့မရတော့ဘူး၊ ဒါမျိုးက အင်မတန်တိုက်ဆိုင်မှုဖြစ်နိုင်ခဲတာပဲ"

"ဟယ်လင်ဆင်မလင်ဖိလစ်နဲ့ပတ်သက်ပြီး နောက်ထပ်ထူးဆန်းတဲ့မှတ်တမ်းတွေရှိသေးတယ်၊ တစ်နေ့မှာ သူအိပ်ပျော်နေတုန်း လူနာဆောင်(K)မှာရှိတဲ့ မစ္စတာရော်ဂျစ်ဆိုတဲ့သူဟာ သူ့ရဲ့ ခုတင်ဘေးမှာလာပြီးမတ်တပ်ရပ်နေတယ်လို့ အိပ်မက်မက်တယ်၊ အဲဒီလူနာကိုကြည့်လိုက်တော့ တစ်ကိုယ်လုံးမှန်သားလိုကြည်လင်နေတယ်လို့ ထူးထူးခြားခြားတွေ့ရတယ်"

"ဟယ်လင်ဟာ ဒီအိပ်မက်ကြောင့် အိပ်ယာကနိုးလာပြီး လူနာဆောင်(K)မှာ ညစောင့်တာဝန်ကျနေသူကို မစ္စတာရော်ဂျစ်ကို သွားကြည့်ဖို့ပြောလိုက်တယ်၊ မစ္စတာရော်ဂျစ်အခုလေးတင်ကွယ်လွန်သွားပြီလို့လဲ တစ်ဆက်တည်းပြောလိုက်တယ်"

"ဩော်"

"အဲဒီလို ဖုန်းဆက်တော့ ညစောင့်သူနာပြုဆရာမလေးက အတော့်ကိုစိတ်ညစ်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ သူ





စောစောကကြည့်ခဲ့တုန်းက မစ္စတာရော်ဂျစ်ဆိုသူရဲ့ကျန်းမာရေးဟာအတော်ကိုကောင်းမွန်နေတာကိုး၊ ဒါပေမယ့် သူနာပြုဆရာမလေးသွားကြည့်တဲ့အခါကျတော့ မစ္စတာရော်ဂျစ်ဟာ အမှန်တကယ် သေဆုံးနေခဲ့တယ်"

"ဒါကတော့ တယ်လီပသီလို့ခေါ်တဲ့ စိတ်ချင်းဆက်သွယ်မှုကြောင့်ဆိုတာ ငြင်းဖို့မလိုပါဘူး၊ ဒီလိုဆိုရင် အဲဒီလိုစိတ်စွမ်းအင်ရှိတဲ့လူမျိုးတွေကို မီဒီယမ်(Medium)လို့ခေါ်ရမှာပေါ့၊ ပေါင်းကူးဆက်သွယ်ပေးတဲ့လူပေါ့"

"အိုင်ဗီပြောတာဖြစ်နိုင်ပါတယ်၊ ဒီလိုလူမျိုးတွေဟာ အာရုံခံစားမှုမှာ သူများတွေထက်သာလွန်ကြတယ်၊ ထူးခြားတဲ့ အာရုံခံစားမှုမှာ အဓိကအမျိုးအစား(၃)ခုရှိတယ်လေ"

"ဘာတွေပါလိမ့်"

"တယ်လီပသီ(Telepathy)လို့ခေါ်တဲ့ စိတ်ချင်းဆက်ဆံမှု၊ ဆက်သွယ်မှု၊ ကလယ်ယာဗွိုင်းယင့်စ်(Clairvoyance)လို့ခေါ်တဲ့ ဒိဗ္ဗစက္ခုအမြင်ရခြင်းနဲ့ ပရီကော့ဂနစ်ရှင်း(Precognition) လို့ခေါ်တဲ့ ကြိုတင်သိခြင်းဆိုတဲ့ သုံးမျိုးပဲ၊ ဒီလိုစွမ်းအင်မျိုးရှိတဲ့လူမျိုးတွေဟာ လူတစ်ယောက်ရဲ့ကံကြမ္မာကို ကြိုတင်ခံ မှန်းနိုင်တဲ့ကိစ္စတွေမှာ အကျိုးပြုနိုင်သလို အမှုမှန်ဖော်ထုတ်တဲ့ နေရာတွေမှာလည်း အတော့်ကိုအကျိုးရှိလှတယ်"

"ဟုတ်တာပေါ့ကွယ်၊ ဒီလိုသာကြိုတင်သိမြင်ခံစားနိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ကျုပ်တို့ကိုင်တွယ်ဖြေရှင်းရတဲ့ အမှုတွဲတွေမှာပါဝင်တဲ့ တရားခံတွေကို အမြန်ဆုံးဖမ်းဆီးနိုင်မှာပေါ့"

"ကဲ စကားကောင်းနေတာနဲ့ အချိန်တော်အတော်လင့်သွားပြီ၊ သွားကြစို့ရဲ့"

ကျွန်ုပ်နှင့်ထက်မင်းကျော်စွာတို့သည် ဘောက်စ်ဝက်ဂွန်းကားလေးဖြင့် အနော်ရထာလမ်းအတိုင်း မောင်းနှင်ထွက်ခွာလာကြသည်။



## အခန်း(၃)

တရုတ်တန်းဘက်မှစားသောက်ဆိုင်များသည် ညလုံးပေါက် ဖွင့်လှစ်ရောင်းချသည်ဖြစ်ရာ စားသောက်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

ကျွန်ုပ်တို့သည် ကားကလေးကို ၂၅လမ်းထိပ် တရုတ်ဘုံကျောင်းအနီးတွင် ရပ်ထားခဲ့ပြီး ဆီချက်ဆိုင်သို့လာခဲ့ကြသည်။

ကျွန်ုပ်တို့ရောက်သွားချိန်တွင် လူများ အတော်အတန်စည်ကားနေပြီဖြစ်ရာ လမ်းဘေးတွင်ချထားသောစားပွဲပုလေးနှင့် ခွေးခြေပုကလေးများတွင် သွားရောက်ထိုင်ကြရသည်။

ထို့နောက် ဆီချက်နှစ်ပွဲနှင့်အသားကင်နှစ်ပွဲ မှာယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့သောက်စရာလိုမလား၊ ဒီဆိုင်မှာအစုံရပါတယ်"

"မလိုတော့ပါဘူးကွယ်၊ ရေနွေးကြမ်းတစ်အိုးသာ ယူလာခဲ့ပါ"

အတန်ကြာသောအခါ မှာထားသောဆီချက်နှင့်အသားကင်များရောက်လာသည်။ ဆီချက်ပွဲများမှာ အသားများများ၊ ဆီချက်နံ့ကြက်သွန်မြိတ်နံ့သင်းသင်းဖြင့် စားချင်စဖွယ်ရှိလှသည်။

ကျွန်ုပ်တို့သည် ဆီချက်ကိုမြိန်ရှက်စွာစားသောက်ရင်းနှင့်ပင် စကားပြောကြသည်။

"အိုင်ပီ အလုပ်ကိစ္စအတွက် ခရီးတစ်ခုထွက်ရမယ်ထင်တယ်"

"ဟုတ်ပါ့ဗျာ. . မောင်က ကျုပ်ခရီးထွက်ရမှာကို ဘယ်လိုများကြိုသိနေတာလဲ"

"ဒါကသိပ်ပြီးမဆန်းလှပါဘူးလေ၊ အိုင်ပီ အချိန်မတော်ကျွန်တော့်ဆီကို အရေးတကြီးရောက်လာကတည်းက အလုပ်ကိစ္စအရေးကြီးလို့ဆိုတာသိနိုင်တာပဲ"

အခုတလော ရန်ကုန်မြို့ထဲမှာ အမှုကြီးတွေအရေးပေါ်တယ်လို့ မကြားမိသေးဘူး၊ ဒါ့ကြောင့် အလုပ်ကိစ္စရှိတယ်ဆိုရင်နယ်ဘက်ကိုပဲသွားရမယ်ထင်လို့ မေးတာပါ"

"မောင်ရင်တွေးကြည့်တာ ပြေးကြည့်တာထက်တောင်





မှန်သေးတယ်၊ ဟုတ်တယ်၊ ကျုပ်အမှုကိစ္စအတွက် [illegible]သွားရမယ်၊ အဲဒါမောင်ရင့်ကိုပါ ခေါ်သွားဖို့ မင်းကြီးဆီမှာ [illegible]ပြုခဲ့ပြီးပြီ"

"ဘယ်နယ်ကိုသွားရမှာလဲ"

"မိုင်းပွန်"

"မိုင်းပွန်ဆိုတော့ ရှမ်းပြည်နယ်ဘက်ပေါ့၊ ကောင်းတယ်၊ ဒီရာသီက ရန်ကုန်မှာနေလို့မကောင်းဘူး၊ ပူလွန်းတယ်၊ ရှမ်းပြည်နယ် က အခုလိုပူပြင်းတဲ့ရာသီမှာ နေလို့သိပ်ကောင်းတယ်"

"အမှုကတော့ စိတ်ဝင်စားစရာပါပဲ၊ အိမ်ကြီးတစ်လုံးမှာလူတွေမကြာခဏသေဆုံးနေတာ အခုထိအဖြေထုတ်လို့မရသေးဘူး"

"ဘယ်လိုသေတာတဲ့လဲ"

"ဘယ်လိုသေတာလဲဆိုတော့ မှတ်တမ်းတွေထဲမှာ ဖော်ပြထားတာက ဒီဟော်နန်းကြီးမှာ ပထမနေခဲ့တဲ့စော်ဘွား[illegible]ကြကတည်းက အဲဒီလိုတရားခံလက်သည်မပေါ်ပဲ တစ်ယော[illegible]ပြီးတစ်ယောက် သေခဲ့ကြတာတဲ့၊ သေပုံသေနည်းနဲ့ သေတဲ့နေရာကတော့အတူတူပဲ"

"စိတ်ဝင်စားစရာပါပဲ၊ ကဲ အသားကင်တွေစားလို[illegible]ဦး၊ ပူပူနွေးနွေးလေးမှ စားလို့ကောင်းတာ"

ထက်မင်းကျော်စွာက ကျွန်ုပ်ဘက်သို့အသားကင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်များ တိုးပေးသဖြင့် တစ်ဖတ်နှစ်ဖတ်ယူ၍ ဝါးလိုက်သည်၊ ပြီးလျှင်စွပ်ပြုတ်ရည်တစ်ဇွန်းခပ်သောက်လိုက်ပြီးမှ စကားပြန်ဆက်ရသည်။

"သေပုံသေနည်းက ဘယ်လိုတဲ့လဲ"

"ဆရာဝန်တွေရဲ့ဆေးစာမှာတော့ နှလုံးသွေးရပ်ပြီးသေတာလို့ ဖော်ပြထားတယ်"

"အသက်ရှူရပ်ပြီးသေတာမျိုးပေါ့၊ စိတ်ချောက်ခြားဖွယ်ရာတစ်ခုခုတွေ့ပြီး နှလုံးသွေးရပ်သွားတာမျိုးဖြစ်မှာပါ၊ ဒါထက်အိုင်ပီပြောတဲ့စကားထဲမှာ သေတဲ့နေရာကလည်းအတူတူဆိုတော့ ဘယ်လိုနေရာမျိုးမှာသေကြတာလဲ"

"မိုင်းပွန်မှာ ရှေးကတည်းက စော်ဘွားကြီးတွေအဆက်ဆက် နေလာခဲ့ကြတဲ့ ဟော်နန်းကြီးတစ်ဆောင်ရှိတယ်၊ အဲဒီဟော်နန်းကြီးရှိတဲ့နေရာကိုလည်း ဟော်နန်းကြီးကိုအစွဲပြုပြီးဟော်နန်းကုန်းလို့ခေါ်ကြတယ်၊ သေတာက အဲဒီဟော်နန်းကြီးရဲ့အခန်းတစ်ခန်းမှာပဲ"

"ဒါဆိုရင် စော်ဘွားကြီးတွေအိပ်တဲ့ အိပ်ခန်းဖြစ်မယ်ထင်တယ် အိုင်ပီ"

"ဟုတ်လောက်တယ်၊ မှတ်တမ်းတစ်ခုထဲမှာတော့ အဲဒီအကြောင်းကို ပြည့်ပြည့်စုံစုံဖော်ပြထားတာတွေ့ရတယ်၊ စော်ဘွားကြီးတွေလည်း အဲဒီအခန်းထဲမှာ သေသွားကြတယ်၊ ဒီဘက်





ရောက်လာတော့ နေဝံ့တဲ့သူမရှိတော့ပါဘူး"

"ဒါဖြင့် နောက်ပိုင်းသေတဲ့လူတွေက ဘယ်လိုသေကြတာလဲ"

"အလောင်းအစားလုပ်ကြတာတဲ့၊ အဲဒီဟော်န
အိမ်ကြီးမှာ တစ်ညအိပ်ဝံ့၊ မအိပ်ဝံ့ဆိုပြီး လောင်းကြေ
တောင်ရှိသတဲ့၊ အဲဒီမှာ အလောင်းအစားလုပ်ကြရင်း
တဲ့သူတိုင်းသေကြတာပဲ မောင်ကျော်စွာ"

"အင်း. . . အိုင်ပီပြောပုံအရဆိုရင် အဲဒီအိ
လျှို့ဝှက်ချက်တစ်ခုခုတော့ရှိပုံရတယ်၊ မိုင်းပွန်ရောက်သော
လေ့လာကြည့်ရတော့မယ်"

ကျွန်ုပ်နှင့် ထက်မင်းကျော်စွာတို့သည် စကားတစ်ပြေပြောနှင့် ဆီချက်ခေါက်ဆွဲ၊ အသားကင်များကို မြိန်ရေယှက်ရေစားသောက်နေကြစဉ် ဆီချက်ဆိုင်မှ တရုတ်ကြီးနှင့် လာရောက်စားသောက်သူ တစ်ယောက်တို့ အော်ကြီးဟစ်ကျယ် စကားများနေသည်ကို လှမ်းမြင်ရသည်။

"မင်း ဘာလူပါးဝတာလဲ၊ ငါ့ကို ဒီလိုလာလုပ်လို့ မီရဘူးလေ၊ မင်း ခေါက်ဆွဲမှာစားတယ်၊ ပြီးတော့ ငါ့ကို ရွှေဒင်္ဂါး အတုကြီးလာပေးတယ်၊ ဒါကောင်းသလား၊ ငါ့ကို ပ
လာဖမ်းတာ ခံရအောင်လုပ်တာပေါ့လေ"

တရုတ်ကြီးက ဒေါသတကြီးအော်ပြောနေ ရာ ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



အသစ်၊ အင်္ကျီအသစ်များဝတ်ဆင်ထားစေကာမူ နယ်မှလာဟန်တူသောလူရွယ်ကလည်း လူကြားထဲ၌ သူ့အားထိုသို့အပြောခံရသဖြင့် တရုတ်ကြီးအား တစ်ခွန်းမခံပြန်လည်ပြောဆိုလျက်ရှိ ။

ကျွန်ုပ်နှင့်ထက်မင်းကျော်စွာတို့လည်း ထိုနေရာသို့ ကြပြီး. . .၊

"ဘာဖြစ်ကြတာလဲဗျ"

ဟုမေးလိုက်ရာ တရုတ်ကြီးက. . .၊

"ဆရာကြီးပဲစဥ်းစားကြည့်ပါ၊ ဆိုင်ကခေါက်ဆွဲ မှာစားတော့ ရွှေဒင်္ဂါးအတုကြီးကျုပ်ကိုပေးတယ်၊ ဒါကောင်းသလား"

ဟုဆိုကာ လက်ထဲမှာကိုင်ထားသော ရွှေဒင်္ဂါးပြားကို ကျွန်ုပ်အားလှမ်းပေးလိုက်သဖြင့် ယူ၍ကြည့်လိုက်ရာ တစ်ဖက်တွင်ကနုတ်ပန်း၊ ကျန်တစ်ဖက်တွင် ကျားခေါင်းတံဆိပ်ကပ်ထားသော ရွှေဒင်္ဂါးဖြစ်နေကြောင်းတွေ့ရသည်။

ရွှေဒင်္ဂါးပြုလုပ်ထားသည်မှာ သေသပ်ပိရိလွန်းသောကြောင့် ရုတ်တရက်ကြည့်ပါက အတုအစစ်ခွဲခြားမရနိုင်အောင် သေသပ်ပိရိလှပေသည်။

ကျွန်ုပ်က ရွှေဒင်္ဂါးပြားကို အသေအချာကြည့်ပြီးနောက်

"သူစားတဲ့ခေါက်ဆွဲဖိုး ကျသမျှကျုပ်ရှင်းပေးပါ့မယ်"

ဟုဆိုလိုက်သောအခါ တရုတ်ကြီးမှာ အလွန်ရွှင်လန်း





သောအမူအရာဖြင့် "ကျေးဇူးတင်ပါတယ် ဆရာကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး"ဟုအကြိမ်ကြိမ်ပြောကာ ထွက်သွားတော့သည်။

ထိုအခါမှ စောစောကဆိုင်ထဲမှရန်ပွဲကို စိတ်ဝင်တစားကြည့်နေကြသူများမှာ မိမိတို့မှာကြားထားသော စားသောက်ဖွယ်ရာများကို ပြန်လည်စားသောက်နေကြသည်။

"ကိုင်း. . . လာမောင်ရင်. . ၊ မောင်စားသမျှ ကျုပ်ရှင်းပါ့မယ်၊ ကျုပ်တို့စားပွဲမှာ လာထိုင်ပါဦး"

လူရွယ်မှာ အသက်(၃၀)ကျော်ဝန်းကျင်ရှိပြီး အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်သည်၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများကြောင့် ရုပ်ကြမ်းသယောင်ရှိသော်လည်း ရိုးသားဟန်တော့ရှိပေသည်။

"ကျွန်တော့်နာမည် ကိုသန်းအေးလို့ခေါ်ပါတယ်၊ ကျွန်တော့်ကို အခုလိုဝင်ပြီးအကူအညီပေးတာ ဆရာကြီးကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွယ်၊ မြန်မာလူမျိုးချင်း အခုလိုအကူအညီပေးရတာ အပန်းမကြီးလှပါဘူး၊ ဒါထက် မောင်ရင်က ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ၊ ဒီရွှေဒင်္ဂါးပြားကကော ဘယ်လိုရလာတာလဲပြောပါဦး"

"ကျွန်တော်က ကုန်သည်တစ်ယောက်ပါ မြစ်ကြွန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ နေပါတယ်၊ ရှမ်းပြည်ဘက်ကုန်သွားရောင်းရင်း ရွှေဒင်္ဂါး ရလာတာပါ"

"ရှမ်းပြည်ဘက်ဆိုတော့ ဘယ်နယ်ဘက်ရောက်ခဲ့တာလဲ"

"ကုန်သည်ဆိုတော့ နေရာအနှံ့သွားရတာပေါ့ ဆရာကြီးရယ်၊ ဒီရွှေဒင်္ဂါးက အင်း. . . နေပါဦး၊ (ခေတ္တစဉ်းစားနေပြီးမှ) အော်. . . သတိရပြီ၊ သတိရပြီ၊ မိုင်းပွန်နယ်မှာ ငါးခြောက် ရောင်းရင်းနဲ့ ရလာတာပါ"

ဟုပြောပြသည်။

မင်းထက်ကျော်စွာက ကျွန်ုပ်လက်ထဲမှ ရွှေဒင်္ဂါးကို တောင်းယူပြီး အသေအချာကြည့်ရှုနေသည်၊ ပြီးလျှင် လက်ဖြင့် တောက်၍ ပလက်ဖောင်းပေါ် ပစ်ချလိုက်သည်။

ရွှေဒင်္ဂါးပြားလေးမှာ ပလက်ဖောင်းကျောက်ပြားပေါ် သို့ ကျသွားသောအခါ 'ချွင်. . ချလွင်' ဟူသော အသံလွင်လွင်ကလေး ထွက်ပေါ်လာရမည့်အစား ခပ်အုပ်အုပ်အသံတစ်မျိုးသာ ထွက် လာသည်၊ ထက်မင်းကျော်စွာက ရွှေဒင်္ဂါးပြားလေးကို ကောက် ယူပြီး အိတ်အတွင်းထည့်လိုက်သည်။

"အခုကာလပေါက်ဈေးက ရွှေဒင်္ဂါးတစ်ပြားကို(၁၆)ကျပ် လောက် ပေါက်ဈေးရှိနေတာမဟုတ်လား၊ ကျွန်တော်က ကုန်ပစ္စည်း နဲ့လဲရတာဆိုတော့ ဆယ့်နှစ်ကျပ်လောက်နဲ့ရတာနဲ့ ယူလာခဲ့တာ ပါ။ အတုမှန်း၊ အစစ်မှန်းလည်းမသိပါဘူး၊ ကျွန်တော်တို့က တော





သူတောင်သားဆင်းရဲသားတွေဆိုတော့ ရွှေဒင်္ဂါးတွေဘာတွေလဲ သိပ်မမြင်ဖူးပါဘူး၊ ဒါ့ကြောင့် ရွှေဒင်္ဂါးအတုအစစ်လဲ မခွဲတတ် ပါဘူး"

ဟု ကိုသန်းအေးဆိုသူက ငြိမ်ငြိမ်ဖြူဖြူပြောဆိုနေလေသည်။

"ဒါထက် ခင်ဗျားက ဘယ်ကိုပြန်မှာလဲ"

"ကျွန်တော်တို့ ရွာကိုပဲပြန်မှာပါ။ မနက်စောစောထွက် မယ့် ရောဝတီသင်္ဘောနဲ့လိုက်ရမှာ"

"မနက်စောစောထွက်မယ့် ရောဝတီသင်္ဘောနဲ့ လိုက်မှာ ဆိုတော့ ခင်ဗျားနေတဲ့နယ်က မော်ကျွန်း-ဘိုကလေးနယ်ဘက် ဖြစ်မယ်ထင်တယ်"

"ဟုတ်ပါတယ်ဗျာ ကျွန်တော်က ဘိုကလေးမှာ နေ တာပါ။ အခုမှ ကျွန်တော့်အဖြစ်က အတော့်ကိုအခက်ကြုံရတော့ တာပါပဲ"

"ဘာကြောင့်များလဲ ပြောပါဦး"

"အမြတ်များများရမလားဆိုပြီး တစ်နယ်တစ်ကျေးသွား ပြီး ကုန်ရောင်းပါတယ်၊ ရွှေဒင်္ဂါးအတုနဲ့မိလာလို့ အမြတ်မရပဲ အခုတော့ အရင်းပါပြုတ်တဲ့ကိန်း ရောက်နေပြီ၊ ရွာပြန်ရောက် ရင် အိမ်ကလူတွေကို ဘယ်လိုပြန်ပြောရမှန်း မသိတော့ပါဘူး၊ အဲဒါထက်ဆိုးတာက ပြန်မယ့်ခရီးစရိတ်တောင် မရှိတော့ပါဘူး ဆရာတို့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းနည်းပက်လက် ပြောပြနေသည်။

ထိုအခါ ထက်မင်းကျော်စွာက

"အင်း ခင်ဗျားက လောင်းကစားကိုလည်း အတော်ဝါသနာပါတာဆိုတော့ ဘာကြောင့်ပဲဖြစ်ဖြစ် ကုန်ဖိုးငွေတွေ ပါမသွားရင်တော့ ခင်ဗျားလောင်းကစားရှုံးလာခဲ့ပြန်ပြီလို့ အိမ်ကလူတွေက တစ်ထစ်ချထင်ကြတော့မှာပဲ"

"ဟုတ်လိုက်လေ ဆရာရယ်၊ ရွာပြန်ရောက်တဲ့အခါ မိန်းမနဲ့ယောက္ခမတွေကို အဖြစ်မှန်ပြောပြရင်လည်း ဘယ်လိုနည်းနဲ့မှ ယုံကြည်ကြမှာမဟုတ်ဘူး၊ ခက်တာပါပဲ"

"ဒီအတွက် မပူပါနဲ့လေ. . . ခင်ဗျားအခက်အခဲကို ကျုပ်က အကူအညီပေးလိုက်ပါ့မယ်"

ထက်မင်းကျော်စွာ၏စကားကို ကြားရသောအခါ ကိုသန်းအေးဆိုသူ၏မျက်နှာပေါ် ဝယ် ရွှင်လန်းတက်ကြွမှုများ တမဟုတ်ချင်းဖြစ်ပေါ်လာတော့သည်။

"တ. . တကယ်ပြောတာလားဆရာ"

"တကယ်ပြောတာပါဗျာ"

"ဆရာက ဘယ်လိုအကူအညီပေးမှာလဲဟင်"

"ခင်ဗျားရလာတဲ့ ရွှေဒင်္ဂါးအတုကြီးကို အခုပေါက်ဈေးပေးပြီး ဝယ်ထားလိုက်ပါ့မယ်"

"ဗျာ"





"မအံ့ဩပါနဲ့ ကိုသန်းအေးရယ်၊ ကျုပ်က ခင်ဗျားရဲ့ အခက်အခဲကို အကူအညီပေးတာပါ၊ ရော့ဒီမှာ ငွေ(၁၆)ကျပ်၊ ဒါဆိုရင် ခင်ဗျားအတွက်ရွာအပြန် မျက်နှာပန်းလှသွားပြီပေါ့ဗျာ"

ထက်မင်းကျော်စွာက အပေါ် အိတ်အတွင်းမှ ငွေ(၁၆) ကျပ်ကို ထုတ်ယူပြီး ကိုသန်းအေးဆိုသူအား ကမ်းပေးလေရာ ကိုသန်းအေးမှာ အလွန်အံ့ဩဝမ်းသာသောအမူအရာဖြင့် တုန်တုန်ရီရီဖြင့် လှမ်းယူလေသည်။

ထိုအချိန်တွင် ထက်မင်းကျော်စွာသည် မမျှော်လင့်သော လှုပ်ရှားမှုကိုပြုလိုက်လေသည်။

ပိုက်ဆံကို ဝမ်းသာအားရလှမ်းယူနေသော ကိုသန်း ဆိုသူ၏မျက်နှာကို ညာလက်သီးဖြင့် အားရပါးရထိုးချလိုက်

"ခွပ်"

"အား"

ကိုသန်းအေး ပလက်ဖောင်းပေါ် လဲကျသွားသည်နှင့် ထက်မင်းကျော်စွာက အလျင်အမြန်ထသွားပြီးနောက် လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်သည်။

စားသောက်ဆိုင်မှလူများမှာ အံ့ထိတ်တလန့်ဖြစ်သွားကြရုံမကပဲ အနီးပတ်ဝန်းကျင်မှလူများပါ ရောက်လာကြသည်။

ထက်မင်းကျော်စွာက ကိုသန်းအေးဆိုသူ၏အတွင်းအိတ်ထဲမှ အထုပ်တစ်ထုပ်ကို နှိုက်ယူလိုက်သည်၊ မကြာမီတွင်ရောင်



www.burmeseclassic.com

www.burmeseclassic.com



လှည့်သော ပုလိပ်များရောက်လာသဖြင့် လသာရဲစခန်းသို့ အပ်နှံလိုက်သည်။

ထို့နောက် စားသောက်ဆိုင်ကို ကျသင့်ငွေရှင်းပေးပြီးနောက် ကားကလေးဖြင့်ပြန်ခဲ့ကြသည်။

ကားပေါ်ရောက်သောအခါမှ ကျွန်ုပ်မှာသိချင်တာကို မေးရသည်။

"နေစမ်းပါဦး မောင်ကျော်စွာရဲ့၊ ကိုသန်းအေးကို ဘာမှုနဲ့ဖမ်းလိုက်တာလဲ၊ နောက်ပြီး သူ့ရဲ့အိတ်ထဲက ဘာအထုပ်ကို ယူထားလိုက်တာလဲပြောပါဦး"

"ဒီလူက လူလိမ်တစ်ယောက်ပဲ အိုင်ပီ၊ သူက ရွှေဒင်္ဂါးပ်နေတဲ့ဂိုဏ်းနဲ့ တစ်နည်းတစ်ဖုံအဆက်အသွယ်ရှိတဲ့ယောက်ပဲ၊ ဒါ့ကြောင့် ဖမ်းလိုက်တာ"

"သူ့အိတ်ထဲက နိုက်ယူတဲ့အထုပ်ထဲမှာ ရွှေဒင်္ဂါးတွေ"

"ဟုတ်တယ်၊ အစစ်တော့မဟုတ်ဘူး၊ ရွှေဒင်္ဂါးအတုတွေပဲ"

"သဲလွန်စကောက်ပုံလေးရော ရှင်းပြပါဦး"

ထက်မင်းကျော်စွာက ဘားမားစတိတ်(Burma States)စီးကရက် တစ်လိပ်ကိုမီးညှိ၍ တစ်ဖွာနှစ်ဖွာ,ဖွာပြီးမှ ရှင်းပြလေသည်။





"သူ့ကိုစတွေ့ကတည်းက ကျွန်တော်မသင်္ကာလှဘူး၊ ဘာ့ကြောင့်လဲဆိုတော့ တောသူတောင်သားဆိုတာ ငွေထက်ရွှေကို ပိုပြီးခုံမင်တယ်၊ ရွှေစုတာကိုဝါသနာပါကြတယ်၊ ရှာဖွေရတဲ့ငွေပိုငွေလျှံလေးတွေရလာရင် ရွှေဝယ်ပြီးစုထားလေ့ရှိကြတယ်၊၊ ရွှေကို ဘယ်တော့မှ ထုတ်မသုံးတတ်ကြဘူး အိုင်ပီ"

"ဒါတော့ ဟုတ်တယ်"

"ဒီလူက တောသားဖြစ်တယ်လည်းပြောသေးတ ခေါက်ဆွဲစားတာ ရွှေဒင်္ဂါးကိုအလွယ်တကူပေးတယ်ဆိုင မသင်္ကာစရာပါပဲ၊ ဒါ့ကြောင့် မြစ်ဝကျွန်းပေါ်ဘက်သ သင်္ဘောထွက်ချိန်ကိုမေးကြည့်တော့ သူသိပုံမရဘူး၊ လည်းဆိုတော့ မြစ်ဝကျွန်းပေါ်ဘက်သွားတဲ့သင်္ဘော နေ့တိုင်းမထွက်ဘူး၊ ဒီတစ်ပတ်ထဲမှာ သင်္ဘောထွက်ရက် နောက်အပတ်မှထွက်မှာ၊ ဒီလူသာ မြစ်ဝကျွန်းပေါ်သားအ ဆိုရင် ရေဝတီသင်္ဘောဘယ်အချိန်ထွက်မယ်၊ ဘယ်ရက်ထွက်မယ်ဆိုတာကို သိကိုသိရမယ်လေ"

"အင်း. . ဒါထက် သူလောင်းကစားဝါသနာပါတယ်ဆိုတာ ဘယ်လိုအကဲခတ်မိသလဲ ရှင်းပြပါဦး"

"သူ့ရုပ်ရည်နဲ့စာကြည့်ရင် သူ့ရဲ့လက်ချောင်းတွေက ရှည်လျှားသွယ်ပျောင်းလွန်းနေတယ်၊ ဒီလက်ချောင်းမျိုးရှင်မျိုးတွေက အနုပညာသမားဖြစ်ချင်ဖြစ်၊ မဟုတ်ရင် လောင်းကစား



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတဲ့သူ ဖြစ်ကိုဖြစ်ကိုဖြစ်ရမယ်၊ သူ့ရဲ့လက်ဆစ်တွေမှာ အသားမာတက်နေတာဟာလည်း လောင်းကစားဝိုင်းမှာထိုင်ပါများလို့ ဥပမာ ဖဲကုလားဖန်ထိုးတဲ့အခါ ထိမိ ပွတ်တိုက်မိပါများ ပြီ ရတဲ့အသားမာမျိုးပဲ"

"အင်း. . . စေ့စေ့စပ်စပ်မြင်တတ်ပါတယ်၊ သူ့ရဲ့အိတ်ထောင်မှာ ရွှေဒင်္ဂါးတွေပါတယ်ဆိုတာရော ဘယ်လိုအကဲခတ်မိ ..."

နဲ့ဖမ်း "ကျွန်တော်တို့နဲ့စကားပြောနေတဲ့အချိန်မှာ သူ့ရဲ့အတွင်း ... လေးပင်တဲ့အရာဝတ္ထုတစ်ခုရှိနေတာကို သတိပြုမိ

"နတ်ဖြစ်ချင်ဖြစ်၊ မဟုတ်ရင် ရွှေဒင်္ဂါးတွေရှိလိမ့်ဦး ကျွပ်က ...မတော်တွေးတာ၊ အခုတော့ မှန်နေပြီမဟုတ်လား"

...တော်ပါပေတယ် မောင်ကျော်စွာရယ်"

ကို၁ "မင်းကြီးက အိုင်ပီကိုခေါ်ပြီး ပော်နန်းကုန်းက လူသတ်အိမ်ကြီးအကြောင်းကို စုံစမ်းခိုင်းတယ်၊ တစ်လက်စတည်း မိုင်းပွန်ဘက်မှာ ရွှေဒင်္ဂါးအတုလုပ်တဲ့ဂိုဏ်းကိုပါ စုံစမ်းခဲ့ဖို့မမှာလိုက်ဘူးလား အိုင်ပီ"

"မှာလိုက်ပါသော်ကော မောင်ကျော်စွာရယ်၊ ဒါကြောင့် မောင်ရင့်ကိုပါ အပါခေါ် ရတာပေါ့၊ မောင်ရင်ပါမှ ဒီအမှုတွေက အမြန်ဆုံးပေါ်မှာ"

"ဘယ်တော့ခရီးထွက်ကြမလဲ အိုင်ပီ"






"စီစဉ်စရာရှိတာလေးတွေ စီစဉ်ပြီး အမြန်ဆုံးသွားကြတာပေါ့"

မကြာမီ ကျွန်ုပ်တို့စီးနင်းလာသောဘောက်စ်ဝက်ဂွန်းကားကလေးသည် ကရစ်လမ်းအတွင်းသို့ ချိုးကွေ့ဝင်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

မိုင်းပွန်မြို့၏ လူသွားလူလာအချက်အချာကျပြီး အေးချမ်းတိတ်ဆိတ်သောကုန်းမြင့်တစ်ခုပေါ်၌ အိမ်ကြီးတစ်လုံးရှိသည်။ ၎င်းအိမ်ကြီး၏ရှေ့မျက်နှာတွင် သွပ်ပြားကိုဘောင်ခတ်ပြုလုပ်ထားသော ဆိုင်းဘုတ်တစ်ချပ်ထောင်ထားသည်။

၎င်းဆိုင်းဘုတ်ပေါ်တွင် ရေးထားသောစာမှာ. . .

(သင်၏ဘဝအနာဂတ်နှင့်ပတ်သက်၍ အကျိုးအကြောင်း အဆိုးအကောင်းကိစ္စများ ကြိုတင်သိလိုပါက ကျွန်ုပ်ထံသို့လာခဲ့ပါ)

ဟူ၍ဖြစ်ပေသည်။

တစ်နေ့တစ်၌ ထိုအိမ်ကြီးအတွင်းသို့ လွယ်အိတ်တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



လွယ်ထားသော လူရွယ်တစ်ဦးဝင်လာလေသည်။ လူရွယ်သည် အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိပြီး ခရီးဝေးမှလာခဲ့ဟန်ဖြင့် အလွန်ပင်ပန်းနွမ်းနယ်နေပေသည်။

အိမ်ကြီး၏အလယ်ခန်းတွင် ဧည့်သည်များထိုင်ရန် ထိုင်ခုံများချထားပေးပြီး ခေါင်းရင်းဘက်တွင် အခန်းကျယ်တစ်ခုရှိသည်၊ ထိုအခန်းကျယ်ကြီးမှာ သီးသန့်ပြုလုပ်ထားဟန်ရှိသည်။

စင်မြင့်တစ်ခုပေါ်တွင် ကန်တော့ပွဲများတန်းစီ၍ တင်ထားသည်၊ ရှေ့ဘက်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိထားပြီး ရွှေပြားများ၊ ကြေးပြားများပေါ်တွင် ဘုရားပုံတော်များ၊ ခေါင်းချုပ်များ၊ ဂါထာမန္တန်များကိုရေးပြီး အစီအရီထောင်ထားလေသည်။

အချို့အင်းချပ်ကြီးများဆိုလျှင် တစ်ပေနှစ်ပေခန့်အထိ မြင့်သည်၊ ၎င်းအခန်း၏အဝတွင် 'မနောမဟိဒ္ဓိဓာတ်ခန်း'ဟူသော စာတန်းကို ရေးသားချိတ်ဆွဲထားသည်။

ထိုအခန်း၏လက်ယာဘက်တွင် ဘုရားခန်းကိုသီးသန့်ပြုလုပ်ထားသည်၊ ဘုရားခန်းအတွင်း၌ ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ ပုံတော်များ၊ ဓာတ်တော်ကြုတ်များကို တင်ထားသည်။

ဖယောင်းတိုင်အမွှေးတိုင်များဖြင့် ထွန်းညှိပူဇော်ထားသည်။ ဘုရားခန်းအတွင်း၌ ကြေးစည်၊ မောင်းနှင့် ပုတီးများကို





အစီအရီချိတ်ဆွဲထားသည်၊ သာသနာ့အလံများ၊ ထူထားသည်။ ၊င်ဝင်ထိုင်ရင်း

ဘုရားပွဲအား ရွှေငှက်ပျောသီးများဖြင့် သည်။ ခန့်မျှ ဆိုခါကြီး

လူရွယ်ဝင်သွားသောအချိန်တွင် အခန်းထဲ၌ဖွစ်လရှိသည်၊ သူ အခန်းလယ်သို့ရောက်သောအခါ ဘ ရွှဒဂါးတစ်ထွက်လာမှန်းမသိသော လူထွားကြီးနှစ်ဦးရောက်လာသည်။ နှစ်ယောက်မှာ ကတုံးတုံးထားပြီး ပိတ်ဖြူများကို ဝဝ ်းရောင်မှုန်သည်။

"ဘာကိစ္စရှိလို့လဲမောင်ရင်"

"ကျွန်တော် ဆရာကြီးနဲ့တွေ့ပြီး ဗေဒင်မေးချင်လို့ပါ"

"ဒီနေ့ ဗေဒင်ဟောခန်းပိတ်ပြီး ဆရာကြီး အဓိဋ္ဌာန်ဝင်နေပါတယ်"

"ကျွန်တော်က ခရီးဝေးကလာရတာပါ၊ အရေးတကြီးကိစ္စလေးတစ်ခုရှိလို့ ခဏပဲဖြစ်ဖြစ် ဆရာကြီးနဲ့တွေ့ခွင့်ရရင်တွေ့ပါရစေ"

လူရွယ်က တောင်းတောင်းပန်ပန်ပြောသောအခါ လူထွားကြီးနှစ်ဦးက အကဲခတ်သလိုတစ်ချက်ကြည့်လိုက်ကြသည်။

"ဆရာကြီးရဲ့ပညာပူဇော်ခအတွက် ရွှေဆိုရင်ရွှေ ငွေဆိုရင်ငွေ ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပြောတော့ ကျွန်တော်ကလည်း သဘောတူတယ်၊ သူ့ဆီက ပစ္စည်းတွေက အရည်အသွေးကလည်း အလွန်ကောင်းတယ်၊ ကြောင့် ကျွန်တော်ကဝယ်ဖို့ ဆုံးဖြတ်လိုက်တယ်"

"သူ့ဆီကပစ္စည်းတွေက ရှေးလိုပစ္စည်းမျိုးလား"

"ဟုတ်ပါတယ် ဆရာကြီး၊ အရည်အသွေးကောင်းတဲ့ ပွကို ဈေးပေါပေါနဲ့ရောင်းမှာဆိုတော့ မလိုချင်တဲ့သူ ကလဲ၊ ဒါကြောင့် ကျွန်တော်လည်း ဘိုးဘွားပိုင်ခြံနဲ့အိမ် ရတဲ့ဈေးနဲ့ရောင်းပြီး အရောင်းအဝယ်လုပ်မယ်လည်း သူ့ကိုရှာမတွေ့တော့ပါဘူး"

ကြောင့် သူကမိုင်းပွန်မှာနေတယ်ဆိုလို့ ကျွန်တော် လာခဲ့တာပါ ဆရာကြီး၊ အဲဒါ သူနဲ့ပြန်တွေ့နိုင်၊ မတွေ့ လု သိချင်လို့ပါဆရာကြီး"

ဘိုးမင်းဖြူက မျက်လုံးမှိတ်၍ အာရုံပြုကြည့်နေသည်။

အတန်ကြာအောင်ငြိမ်သက်စွာရှိနေပြီးမှ မျက်လုံးပြန် ဖွင့်လိုက်သည်။

"သန်းအေးဆိုတဲ့လူကိုတော့ နောက်တစ်ကြိမ်ထပ်တွေ့ ဖို့ မမြင်တော့ဘူး"

"ဟင်. . . "

"ဒါပေမယ့် စိတ်မပျက်ပါနဲ့၊ မကြာခင်ဒီမြို့မှာ သူ့ထက် ကောင်းတဲ့ အဆက်အသွယ်တွေတွေ့ရပါလိမ့်မယ်"





"ဟင် တကယ်လားဆရာကြီး"

"ကျုပ်ရဲ့အာရုံပြုမှုတွေဟာ အမြဲတမ်းအမှန်ကိုမြင်လေ့ ရှိပါတယ်၊ ကိုင်း ဒါပဲမေးမှာမဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ် ဆရာကြီး၊ ဒါ. ဒါက ဆရာကြီး အတွက် ပညာပူဇော်တာပါ"

ဟုဆိုကာ လူရွယ်ကလွယ်အိတ်အတွင်းမှ ရွှေဒင်္ဂါးတစ် ပြားကိုထုတ်ယူပြီး ဘိုးမင်းဖြူရှေ့သို့ချပေးလိုက်သည်။

ဘိုးမင်းဖြူက ရွှေဒင်္ဂါးပြားကိုကောက်ယူပြီး မီးရောင်မှိန် မှိန်ဖြင့် အသေအချာကြည့်နေလေသည်။

အတန်ကြာမှ. . . !

"ဒါသန်းအေးဆိုတဲ့လူဆီက နမူနာရလိုက်တဲ့ရွှေဒင်္ဂါး ထင်တယ်"

"ဟုတ်ပါတယ် ဆရာကြီး"

"ကိုင်း. . ကိုင်း မှောင်လည်းသွားစရာရှိတာ သွားပေဦး တော့၊ အဘလည်း အမိဋ္ဌာန်ပြန်ဝင်လိုက်ဦးမယ်"


ဟုဆိုကာ အခန်းထဲပြန်ဝင်သွားသောအခါမှ လူရွယ် လည်းလွယ်အိတ်ကိုဆွဲကာ အခန်းထဲမှပြန်ထွက်ခဲ့တော့သည်။

သူလမ်းမပေါ်ပြန်ရောက်လာသည်အထိ လူထွားကြီး နှစ်ဦးတို့က လျှို့ဝှက်စွာစောင့်ကြည့်လျက်ရှိကြောင်း သူသတိပြုမိ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကော



## အခန်း(၅)

နံနက်ပိုင်းဆယ်နာရီကျော်အချိန်ရှိသည့်တိုင် နေရောင်ခြည်ကို မမြင်ရသေးပေ။

တောင်တန်းများတစ်ဝိုက်တွင် မြူနှင်းများဝေ့ဆိုင်းနေဆဲပင်. . .၊

နေ၏အလင်းရောင်သည် တောင်များ၏အရှေ့ဘက်တွင် ထွန်းလင်းနေဟန်ရှိသော်လည်း မြေပြင်သို့မရောက်နိုင်သေးပေ။

ထိုအချိန်မျိုးတွင် မိုင်းပွန်မြို့၏အရှေ့ဘက် လူရှင်းသောနေရာများတွင် လမ်းလျှောက်ရသည်မှာ လွတ်လပ်မှုရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



လေကောင်းလေသန့်ရပြီး နားအေးပါးအေးရှိလှသည်။

မြူမှုန်မပြယ်တစ်ပြယ်အချိန်တွင် တောင်ယာစခန်းများမှ မြို့သို့ဈေးရောင်းဈေးဝယ်လာသူအချို့တော့ရှိသည်၊ တောင်ပေါ်သူတောင်ပေါ်သားတို့မှာ ငါးမိုင်၊ ခြောက်မိုင်ဝေးကွာသောနေရာများမှပင် တောင်များကိုကျော်ဖြတ်၍ မြို့သို့ခြေလျင်လာကြသည်။

ထက်မင်းကျော်စွာတစ်ယောက်တည်း မြို့ပြင်ရှုခင်းများကြည့်ရင်း မြို့ပတ်လမ်းအတိုင်းလျှောက်သည်။

သူသည် ဘောင်းဘီနှင့်ဂျာကင်ကို ဝတ်ဆင်ထားပြီး ဦးခေါင်းတွင် မာဖလာကိုပတ်တင်ထားသည်။

သည်ဘက်လမ်းဘက်ရောက်လာတော့ အိမ်ခြေကျဲသွားပြီး၊ လူသွားလူလာရှင်းလှသည်။

ထက်မင်းကျော်စွာသည် ဂျာကင်အိတ်အတွင်းသို့လက်နှိုက်ရင်းဖြင့် တဖြည်းဖြည်းလျှောက်လာရာ မကြာမီ မိုင်းပွန်မြို့တွင် နာမည်ကျော်ကြားလှသော ဟော်နန်းကုန်းအိမ်ကြီးရှိရာသို့ ရောက်လာခဲ့သည်။

ဟော်နန်းကုန်းအိမ်ကြီးမှာ မြို့ပတ်လမ်းနှင့်မလှမ်းမကမ်းရှိ တောင်ကုန်းပေါ်၌ တည်ထားခြင်းဖြစ်သည်၊ ခြံကျယ်ကြီးကိုမူ အုတ်တံတိုင်းများဖြင့် လေးဘက်လေးတန်ကာရံထားပြီး အရှေ့ဘက်အဝင်ပေါက် သံတံခါးကြီးကို သော့ခတ်၍ပိတ်ထားသည်။





ခြံကြီး၏ပတ်ဝန်းကျင်တစ်ဝိုက်မှာမူ ကျွန်းအစရှိသော သစ်ပင်ကြီးများ အုပ်ဆိုင်းလျက်ရှိသည်။

အိမ်ကြီးမှာ ရှေးခေတ်လက်ရာဖြစ်ပြီး ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားကာ ရေနံချေးများအထပ်ထပ်သုတ်ထားသောကြောင့် မည်းမှောင်လျက်ရှိသည်။

အုတ်ကြွပ်များကိုမိုးထားသော်လည်း ရေညှိများတက်နေပြီး အချို့နေရာများမှာ ကွာကျလျက်ရှိသည်။ တံခါးရွက်များမှာ အချို့ပိတ်တာနှင့် တံခါးဂျက်များပြုတ်နေပြီဖြစ်၍ လေ လိုက်တိုင်း လှုပ်ယမ်းလျက်ရှိသည်။

ထိုပြတင်းပေါက်များမှ ခိုများ၊ လင်းနို့များ ဝင်ထွက်လျက်ရှိကာ ခိုညည်းသံများကိုပင် သဲ့သဲ့ကြားနေရသည်။

လေတိုးသဖြင့် တံခါးရွက်များ လှုပ်ရမ်းနေပုံ၊ လင်းနို့များ ပျံသန်းနေပုံ၊ ခိုညည်းသံများနှင့် ဟိုမှသည်မှပေါ်ထွက်နေသော အသံမျိုးစုံတို့မှာ ထိတ်လန့်ခြောက်ခြားဖွယ်ရာများကို တစ်နည်းအားဖြင့် အားဖြည့်ပေးနေသယောင်ရှိတော့သည်။

ပတ်ဝန်းကျင်မှာလည်း လူသွားလူလာကင်းသဖြင့် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပြန်ရာ အိမ်ကြီး၏အသွင်သဏ္ဌာန်မှာ ညအမှောင်ထဲတွင် ရုတ်တရက်ကြည့်မည်ဆိုပါက တောင်ကုန်းပေါ်၌ မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည့်နှယ်ပင် တူလှတော့သည်၊ လူခြေတိတ်ဆိတ်သောညအခါများတွင် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်း၌ တစ်ယောက်တည်းအိပ်ဖို့မဆိုထားနှင့်၊ အဖော်မပါဘဲ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း အနီးဝန်းကျင်မှ ဖြတ်သွားဖို့ရာပင်မလွယ်လှပေ။

အသည်းငယ်တတ်သူများ၊ ကြောက်တတ်သူများအဖို့ ညဒရခါများတွင် ထိုကြောက်မက်ဖွယ်ရာအိမ်ကြီးအတွင်း၌ တစ်ယောက်တည်းနေရမည်ဆိုပါက နှလုံးသွေးရပ်ကာသေဆုံးသွားနိုင်ပေသည်။

ထက်မင်းကျော်စွာသည် ဟော်နန်းကုန်းအိမ်ကြီးကို အတန်ကြာအောင်အကဲခတ်ကြည့်နေပြီးမှ အောက်ဘက်သို့ဆက်လျှောက်လာခဲ့သည်။

ဆင်ခြေလျှောလမ်းအတိုင်းလျှောက်လာရာ တစ်နေရာရောက်သောအခါ အကျည်းတန်သောမြင်ကွင်းတစ်ခုက သူ့အားဆီးကြိုနေတော့သည်။

"ကျွန်မကို မတရားမလုပ်ကြပါနဲ့ရှင်၊ ကျွန်မ မိကောင်းဖခင်သားသမီးတစ်ဦးပါ"

"လာပါကွာ. . . မင်းရုပ်ရည်လေးနဲ့တောင်းစားမနေပါနဲ့၊ ဒီ့ထက်ကောင်းတဲ့အလုပ်တွေ အများကြီးရှိပါတယ်၊ တို့နဲ့လိုက်ခဲ့ပါ"

"ဟင့်အင်း မလိုက်ဘူး၊ မလိုက်ဘူး၊ ဖယ်ကြပါ ကျွန်မသွားပါရစေတော့အစ်ကိုတို့ရယ်"





"ကဲပါကွာ မင်းလိုက်တောင်းနေလို့ ဘယ်လောက်ရမှာပို့လဲ၊ တို့နဲ့လိုက်ခဲ့ရင် မင်းလိုသလောက်ငွေပေးမယ်"

"ဟင့်အင်း မလိုက်ဘူး၊ မလိုက်ဘူး၊ ရှင်တို့မတရားမလုပ်ကြနဲ့နော်"

အမျိုးသမီးတစ်ယောက်ကို ယောကျ်ားသုံးယောက်ကအနိုင်ကျင့်ရန်အားထုတ်နေကြသည်။

ထက်မင်းကျော်စွာက သူတို့အနီးသို့ရောက်အောင်လျှောက်သွားသည်။

အမျိုးသမီးက ထက်မင်းကျော်စွာကိုမြင်သောအခါ ဒ ကိုးတကြီးလှမ်း၍အကူအညီတောင်းသည်။

"အစ်ကို အစ်ကို၊ ကျွန်မကိုကယ်ပါဦး အစ်ကိုရယ် ကျွန်မကို မတရားအနိုင်ကျင့်နေကြတာပါ" ရှိန်နှစ်ခု

ထက်မင်းကျော်စွာက နေရာတွင်ရပ်လိုက်၊ ထက်မင်း

"ဟေ့လူ ကိုယ့်လမ်းကို ဆက်သွားလေ၊ ဘာဒုးနောက်လဲ၊ သေချင်လို့လား" မ်းပေါ်လဲ

"မင်းတို့ မိန်းကလေးကိုမနှောင့်ယှက်ရင် ငါ့မယ်၊ ဆက်ပြီးနှောင့်ယှက်မယ်ဆိုရင်တော့ ဒီအတိုင်း၂ ခားလို့ ဘယ်ဖြစ်ပါ့မလဲကွာ" သူ

"ဟေ့လူ ဒီနယ်မှာ ခားဘိုးခက်ဆိုရင် ဘယ်သူကြည့်ဝံ့တာမဟုတ်ဘူး၊ ဒီနေ့ နံနက်စာစားချင်သေးတယ်ဆို၊



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်လမ်းကိုယ်သွားတာ အကောင်းဆုံးပဲ"

"မင်း မိန်းကလေးကို လွှတ်ပေးလိုက်ပါ"

"ဒီမိန်းကလေးကိုလွှတ်ပေးရရင်တော့ မင်းရဲ့အသက်ကို ရမှဖြစ်မယ်ဟေ့"

လူသုံးယောက်က ထက်မင်းကျော်စွာကို ဝိုင်းဝန်းတိုက်ခိုက်ရန် ဟန်ပြင်လာကြသည်။

ဘေးတစ်ဖက်တစ်ချက်မှ လူနှစ်ယောက် တစ်ပြိုင်နက်တည်းလိုဝင်လာသည်၊ သူတို့လက်ထဲမှာ ဓားတစ်လက်စီပါသည်၊ ထက်မင်းကျော်စွာက ညာခြေကိုရှေ့သို့ သုံးပေါက်ခွှန်းတက်လက်ပြီး ဘယ်ဘက်မှဝင်လာသော ဓားကိုင်လက်ကိုဆုပ်ကိုင်ပြီး ကို တစ်ပတ်လှည့်လိုက်သည်၊ အရှိန်ဖြင့်ဝင်လာသူသည် ရောက်ကျော်စွာဆွဲလှည့်လိုက်သောအရှိန်ဖြင့် ကိုယ်တစ်ပတ်ဆီးကြိုနေဖက်မှဝင်လာသောဓားက နံကြားသို့ဝင်သွားသည်။

"အင့်"

ဖခင်သားဦးအခါ ထက်မင်းကျော်စွာ၏ခြေတစ်ဖက်က ဟာနေ "ကိုင်သမား၏ရင်ဝကို ခပ်ပြင်းပြင်းကန်လိုက်သည်။ ပါနဲ့၊ ဒီဇလေ့ကျင့်ထားသောခြေကန်ချက်ကြောင့် ဓားသမားမှာ လိုက်ဖြင့် လမ်းဘေးသို့လဲကျသွားသည်၊ နံကြားသို့ဓားဦးဝင်သွား သူမှာလည်း လမ်းပေါ်သို့တအိအိလဲကျသွားသည်။

ထိုအခါ ဓားဘိုးခက်ဆိုသူက ဒေါသတကြီးဖြင့်. . .၊





"မင်းကလည်း အလာကြီးပါလား၊ ဓားဘိုးခက်အကြောင်း သိရောပေါ့"

ဟုဆိုကာ သူ့လက်ထဲမှ ဓားမြောင်ရှည်ဖြင့် တရကြမ်းဝင်ထိုးလေတော့သည်၊ ထက်မင်းကျော်စွာက ဓားဘိုးခက်၏ဓားချက်များကို လွတ်ရုံလေးရှောင်ပေးနေရင်း အကွက်ကောင်းကိုစောင့်နေသည်၊ တစ်ကြိမ်တွင် ဝဲဘက်မှဖြတ်ဝင်လာသောဓားဦးကို ခြေတစ်လှမ်းဆုတ်ပေးလိုက်သည်နှင့် ရှေ့မှလွန်ထွက်သွားသည်၊ ထိုအခါ ညာလက်ဖြင့်ဆုပ်ဖမ်းပြီး ဘယ်တံတောင်ဖြင့် ဓားဘိုးခင်၏နားထင်ကို ဆောင့်ရိုက်လိုက်သည်။

"ဖြောင်း. . ."

"အား"

ဝင်လာသောအရှိန်နှင့် ဆောင့်တွန်းသောအရှိန်နှစ်ခု ပေါင်းမိသွားသောအခါ ဓားဘိုးခင်မရှုမလှခံလိုက်ရသည်၊ ထက်မင်းကျော်စွာက ဓားကိုင်လက်ကို ဆတ်ကနဲရိုက်ချိုးလိုက်ပြီးနောက် နံကြားကိုဆောင့်ကန်လိုက်ရာ 'အား'ကနဲအော်၍ လမ်းပေါ်လဲကျသွားသည်။

ထက်မင်းကျော်စွာက လမ်းပေါ်ကျနေသော ဓားတစ်လက်ကို ကောက်ယူပြီး ဓားဘိုးခင်အနီးသို့လျှောက်သွားသည်။

"ကျုပ်ကို အသက်ချမ်းသာပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတုန်ကယင်လေသံဖြင့် တောင်းပန်သည်။

"မင်းတို့လို လူဆိုးလူမိုက်တွေဟာ သူများနှိပ်စက်ရမယ်ဆိုရင် လေသံကတစ်မျိုး၊ ကိုယ်ခံရတော့မယ်ဆိုရင် လေသံကတစ်မျိုးပါလား၊ မင်းအသက်ကို ငါမသတ်ပါဘူး၊ ဒါပေမယ့် မှတ်လောက်အောင်တော့ ဆုံးမပေးလိုက်ရမယ်"

ဟုဆိုကာ ထက်မင်းကျော်စွာက ဓားဘိုးခင်၏နဖူးကို ဓားဦးဖြင့် ကြက်ခြေခတ်ဆွဲခြစ်လိုက်သည်။

"ငါ့နာမည်မှတ်ထား၊ ကြက်ခြေခတ်တဲ့"

"အား. . ."

ဓားဘိုးခင်သည် မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ တအားအား အော်နေတော့သည်။

ထိုအခါမှ ထက်မင်းကျော်စွာက လမ်းဘေးတွင် ကြောက်ကြောက်ရွံ့ရွံ့ရပ်နေသော မိန်းကလေးရှိရာသို့ လျှောက်သွားသည်။

မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီး နွမ်းပါးစုတ်ချာသောအဝတ်အစားများဝတ်ထားစေကာမူ သူမ၏အလှများမှာ ပေါ်လွင်လျက်ရှိသည်။

"ကျွန်မကို အခုလိုဝင်ပြီးအကူအညီပေးတာ ကျေး. . . ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"ရပါတယ် မိန်းကလေး၊ မင်းကို ဘယ်လိုက်ပို့ပေးရမလဲ"





"မပို့ပါနဲ့အစ်ကိုရယ်၊ ကျွန်မတို့က မြို့ပြင်သင်္ချိုင်းအစပ်က ဇရပ်တစ်ခုပေါ်မှာနေတာပါ၊ အဲဒီမှာ ကျွန်မအဘိုးရှိတယ်၊ အဘိုးက မျက်စိမမြင်ဘူး"

"မင်းတို့က ဘာလုပ်စားလဲ"

"အဘိုးကဘာမှမလုပ်နိုင်တော့ ကျွန်မက မြို့ထဲထွက်တောင်းရမ်းစားသောက်ရပါတယ်"

"အော်. . ကိုယ်မင်းကို လိုက်ပို့ပေးပါ့မယ်၊ မင်းအဘိုး လည်း တွေ့ရတာပေါ့"

"အစ်ကို ကျွန်မနဲ့တွဲပြီး သွားလာတာကို လူတွေမြင် အစ်ကို့ကိုအထင်အမြင်သေးကြလိမ့်မယ်"

"ဒါက အရေးမကြီးပါဘူး၊ ဂရုစိုက်စရာလည်း မလိုပါဘူး၊ အဆင့်အတန်းအနိမ့်အမြင့်ဆိုတာ တစ်ကယ်တော့ သတ်မှတ်ချက်တစ်ခုပါပဲ. . ကဲ သွားကြရအောင်"

မိန်းကလေးက အားတုံ့အားနာအမူအယာဖြင့် ထက်မင်းကျော်စွာကို မြို့ပြင်သင်္ချိုင်းဘက်သို့ ခေါ်သွားလေသည်။

မိုင်းပွန်သင်္ချိုင်းမှာ မြို့အပြင်ဘက်အတော်ဝေးဝေးတွင်ဖြစ်သည်၊ သင်္ချိုင်းနေရာကို တောင်များကဝန်းရံထားပြီး သစ်ပင်ကြီးများက အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည်၊ သင်္ချိုင်းမြေထဲမှာ ဂူများ၊ မှတ်တိုင်များကို လှမ်းမြင်ရပြီး ခြုံများကဖုံးကွယ်ထားသည်၊ ဂူနှင့်မှတ်တိုင်များကို စနစ်တကျပြုလုပ်ထားခြင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဟိုနေရာ၊ သည်နေရာပြန့်ကျဲလျက်ရှိသည်။

မိန်းကလေးပြသောဇရပ်မှာ သချိုင်းအဝင်လမ်း၏ဝဲဘက် ဆုံညာင်လန်းပင်ကြီးအောက်၌ ရှိပေသည်။

တ၊ လူသေအလောင်းများကို မြေမမြှုပ်မီ သရဏဂုံတင်ရာ လေ့ရာလည်းဖြစ်ပြန်၊ ရှေးဟောင်းအဆောက်အအုံကြီးဖြစ်သော ဥာင့် ပြိုပျက်နေပြန်ရာ ရုတ်တရက်ကြည့်လျှင် ချောက်ခြား ဓားဦးရာရှိလှသည်၊ သည်လို သချိုင်းအတွင်းမှ ဇရပ်ပျက်ကြီးတွင် အဘိုးနှစ်ယောက်တည်းနေဝံ့သော မိန်းကလေး၏သတ္တိကို ည်း စိတ်ထဲမှကြိတ်၍ ချီးကျူးမိသည်။

ဇရပ်အနီးသို့ရောက်သောအခါ ဇရပ်ပေါ်တွင် အသက် အရွယ်ကြီးရင့်လှပြီဖြစ်သော အဘိုးအိုတစ်ဦးထိုင်နေသည်ကို လှမ်းမြင်ရသည်။

"သမီးလေး ပြန်လာပြီလား"

"ဟုတ်ကဲ့ ပြန်လာပြီအဘ"

"ဧည့်သည်ပါလာသလား၊ သမီးလမ်းမှာ ဒုက္ခရောက်နေ တုန်း ဝင်ပြီးအကူအညီပေးခဲ့တယ်နဲ့တူတယ်"

ထက်မင်းကျော်စွာ စိတ်ထဲမှာ အံ့သြသွားသည်။

မျက်စိမမြင်ရသောအဘိုးအိုတစ်ဦးက ထိုကဲ့သို့အပ်ချ မတ်ချပြောနိုင်သဖြင့် အံ့သြသွားမိခြင်းဖြစ်သည်။

"ထိုင်ပါ ဧည့်သည်လေး၊ ဒီမှာတော့ ထိုင်စရာအုတ်ဂူ





င်းတွေပဲရှိတယ်၊ စိတ်သန့်ရင်တော့ထိုင်ပါကွယ်၊ တကယ် ထိုင်စရာဆိုတာ ကုလားထိုင်ပဲဖြစ်ဖြစ်၊ ဆိုဖာပဲဖြစ်ဖြစ်၊ တီပဲဖြစ်ဖြစ် အခိုက်အတန့်ခဏလေးအသုံးပြုကြရတာပါ၊ က်ညက်ညောတဲ့ဖဲမွေ့ယာပေါ်မှာ တစ်သက်လုံးထိုင်ပါဆိုရင် င် ဘယ်သူမှမထိုင်နိုင်ပါဘူး၊ ဒီတော့ ထိုင်စရာဆိုတာ ခေတ္တ တဲ့အခိုက်အတန့်လေးမှာ အဆင်ပြေဖို့ပဲလိုပါတယ်"

ထက်မင်းကျော်စွာက ပြုံး၍ခေါင်းညိတ်ရင်း မလှမ်းမကမ်း ုတ်ဂူတစ်လုံးပေါ် ဝင်ထိုင်လိုက်သည်။

"အဘနာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည် ဦးဇန်ကောင်းလို့ခေါ်ပါတယ်၊ ကျုပ်မြေးမ းနာမည်က ဆည်းဆာလို့ခေါ်တယ်"

"ဟင် ဆည်းဆာ ဟုတ်လား"

"ဟုတ်တယ်၊ ဆည်းဆာဆိုတာ နှစ်မျိုးရှိတယ်၊ မနက်ပိုင်း တွေ့ရတဲ့ အရုဏ်ဆည်းဆာနဲ့ ညနေပိုင်းမှာတွေ့ရတဲ့ ညနေ း်ဆာ၊ တကယ်တော့ ဆည်းဆာဆိုတဲ့နာမည်ဟာ အတက် ျနှစ်မျိုးစလုံးနဲ့ဆိုင်တယ်၊ မနက်ပိုင်းတွေ့ရတဲ့ဆည်းဆာက က်၊ ညနေပိုင်းတွေ့ရတဲ့ ဆည်းဆာကအကျပေါ့၊ ဒါကြောင့် း်ဆာဆိုတာ တက်ခြင်းကျခြင်းရဲ့သင်္ကေတဆိုရင်လည်း းဘူး၊ ဒါပေမယ့် ဆည်းဆာဆိုတာကိုတော့ လူတိုင်းနှစ်သက် ါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကျော်စွာက ဦးဗန်ကောင်း၏ဘဝနှင့်ယှဉ်သော ဒဿနစကားများကို သဘောကျမိသည်။

"ဒါထက် အဘက မျက်စိမမြင်ဘူးနော်"

"ဟုတ်ပါတယ်"

"မျက်စိမမြင်ပါပဲ စောစောက ကျွန်တော်တို့ဝင်လာတာ ဘယ်လိုများသိနေတာပါလိမ့်"

ဦးဗန်ကောင်းက သဘောကျစွာရယ်လိုက်ပြီး ဘေးနား တွင်ချထားသော ဆေးပတ်လိပ်ကို လက်ဖြင့်စမ်းယူပြီး တစ်ဖွ နှစ်ဖွာ,ဖွာလိုက်သည်။ မီးမသေသေးသောကြောင့် မီးခိုးငွေ့များ ဝေ့ဝဲတက်လာသည်။

"အမြင်ဆိုတာ သာမန်မျက်စိနဲ့မြင်တာထက် စိတ်မျက်ေ နဲ့မြင်တာ ပိုပြီးသေချာတာပေါ့၊ သာမန်မျက်စိဆိုတာ ရှေ့က မျက်ခွံကလေးပိတ်ထားလိုက်ရင် ဘာဆိုဘာမှမမြင်နိုင်တော့ဘူ စိတ်မျက်စိကမှ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်နီးနီး ရှေ့က သံမဏိတံတိုင်း၊ အုတ်တံတိုင်း၊ တောင်ကြီးတွေ၊ မြစ်ကြီးတေ ဘယ်လောက်ပဲခြားနေနေ မြင်မယ်ဆို မြင်နိုင်စွမ်းရှိတယ်၊ ငါ၀ ရဲ့ဘုရားရှင်ဟာ ဘဝပေါင်းများစွာကို ကြိုတင်ပြီးသိနိုင်မြင်နိုင်ဝ ကြည်ညိုဖွယ်ရာပုဂ္ဂိုလ်ကြီးပေါ့ကွယ်"

"ဟုတ်ပါတယ် အဘ"

"စောစောက ဧည့်သည်လေးတို့ဝင်လာတဲ့အချိန်က ကျ





မြေးလေးပြန်လာရမယ့်အချိန်မဟုတ်သေးဘူးလေ၊ သူအစောကြီး ပြန်လာတယ်ဆိုတော့ သူလမ်းမှာအနှောင့်အယှက်တစ်ခုခုတွေ့ လို့ ချက်ခြင်းပြန်လာတယ်ဆိုတာသိနိုင်တာပဲ၊ နောက်ပြီး သူနဲ့ အဖော်တစ်ယောက်ပါလာတယ်ဆိုတော့ ဒီလူဟာ သူ့ကို တစ်စုံ တစ်ခုအကူအညီပေးခဲ့လို့သာ ဒီနေရာအထိခေါ်လာတယ်ဆိုတာ တွေးကြည့်ရင်သိနိုင်ပါတယ်"

"အဘတို့မြေးအဘိုးက ဘယ်လိုကြောင့် ဒီလိုဘဝမျိုးမှာ နေတယ်ဆိုတာ ကျွန်တော်မတွေးတတ်အောင်ပါပဲ"

"ဒါကတော့ ဘဝပေးအခြေအနေအရနေရတာပါကွယ်"

"အဲဒီလိုဆိုရင် အဘတို့မြေးအဘိုးအတွက် ကျွန်တော့် အနေနဲ့ တစ်ခုခုအကူအညီပေးချင်ပါတယ်၊ အဲဒါ. . ."

"ခုတော့ အချိန်စောပါသေးတယ် ဧည့်သည်လေးရယ်၊ နောက်ထပ်တွေ့မှပဲ ဧည့်သည်လေးဆန္ဒရှိရင်လည်း စဉ်းစားသေး တာပေါ့"

"ကဲ ဒါဖြင့် ကျွန်တော်ပြန်တော့မယ် အဘ"

"ကောင်းပါပြီကွယ်"

ထက်မင်းကျော်စွာက နေရာမှထရပ်လိုက်သည်။

"ဧည့်သည်လေးကို တစ်ခုတော့မှာလိုက်ပါရစေ၊ ဒီမြို့ ..ယ်မှာ သွားလာနေထိုင်တဲ့အခါ သတိဝီရိယလေးနဲ့နေ၊ ဒီမြို့ ကလူတွေက ဧည့်သည်တစ်ယောက်ရောက်လာရင်အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



မျက်စိဒေါက်ထောက်ပြီး ကြည့်နေတတ်ကြတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အဘ"

ထက်မင်းကျော်စွာထွက်လာတော့ ဆည်းဆာက သချိုင်းအပေါက်ဝအထိလိုက်ပို့ပေးသည်။

"ဆည်းဆာတို့မြေးအဘိုးနှစ်ယောက်တည်း ဒီသချိုင်းထဲမှာနေကြတာ မကြောက်ဘူးလား"

ဆည်းဆာကပြုံး၍. . .၊

"မကြောက်ပါဘူးအစ်ကို၊ အဘကပြောဖူးတယ်၊ သေသွားကဲ့သူက ကိုယ့်ကိုဘယ်လိုအန္တရာယ်မှ မပေးနိုင်လို့ ကြောက်စရာမရှိဘူးတဲ့၊ အသက်ရှိတဲ့လူတွေကမှ အန္တရာယ်ပေးမှာတဲ့၊ ဒါကြောင့် သချိုင်းထဲမှာလာနေတာပါ"

ဟုပြောပြသည်။

ထက်မင်းကျော်စွာ ဆည်းဆာကိုနှုတ်ဆက်ပြီး သချိုင်းအတွင်းမှ ပြန်ထွက်လာသောအခါ အရှေ့ဘက်တောင်တန်းများပေါ်မှကျော်ပြီး နေရောင်ခြည်တစ်စွန်းတစ်စပင် ဖြာဆင်းကျလျက်ရှိနေပြီ။

☼ ☼ ☼



## အခန်း(၆)

မိုင်းပွန်မြို့၏မြို့လယ်တစ်နေရာတွင် ခြံကျယ်ကြီးတစ်ခြံရှိသည်။ ထိုခြံကျယ်ကြီးမှာ ပေနှစ်ရာပတ်လည်ခန့်ကျယ်ဝန်းပြီး အလယ်တွင် ဓမ္မာရုံကြီးကဲ့သို့ အဆောက်အဦးကြီးတစ်လုံးရှိသည်။

ထိုဓမ္မာရုံကြီးမှာ ခါတိုင်းနေ့ရက်များတွင် လူသူအသွားအလာကင်းမဲ့လျက်ရှိသော်လည်း သည်နေ့တွင်မူ လူအများသွားလာလှုပ်ရှားလျက်ရှိရာ ပျားပန်းခတ်မျှ များပြားလှသည်။

ဓမ္မာရုံပေါ်တွင် မြို့မိမြို့ဖဂုဏ်သရေရှိလူကြီးများစုပေါင်းပြုလုပ်သည့် အလှူပွဲတစ်ပွဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအလှူပွဲကား အခြားမဟုတ်ပေ။

ဘဝဆက်မှ ဆွေတော်မျိုးတော်များအား ဖိတ်ကြားကျွေးမွေးသော အလှူပွဲပင်ဖြစ်တော့သည်။

ထိုသို့ကျွေးမွေးရာတွင် နံနက်ပိုင်း၌ လူများအား ထမင်း၊ ဟင်း၊ အဖျော်ယမကာများဖြင့် ကျွေးမွေးညှော်ခံသည်။ ညဦးပိုင်းတွင် ဗမ္မာရုံကြီးအနောက်ဘက်တောင်ကုန်းပေါ်တွင် ကျွန်းဖက်များ၊ အင်ဖက်များခင်း၍ ထမင်းပွဲများပြင်သည်။

တောင်ကုန်းတစ်ခုလုံး ထမင်း၊ ဟင်းပုံများပြည့်နေအောင် လိုက်လံချထားသည်၊ ဟင်းများမှာ အမဲသားဟင်းများဖြစ်သည်။

ညဦးပိုင်းအရှေ့ဘက်မှ လရောင်ထွက်လာသောအခါ တော[illegible]ကုန်းတစ်ခုလုံးအား ဆီမီးခွက်များ၊ အမွှေးနံ့သာများ လိုက်လံထွန်းညှိလေရာ မကြာမီ အလင်းရောင်များ ကောင်းစွာရတော့သည်။

ထိုပွဲအား ကမကထပြုလုပ်သူမှာ မြို့မိမြို့ဖတစ်ဦးလည်းဖြစ်၊ မြို့သူမြို့သားများကလည်း ကြည်ညိုလေးစားသော ဘိုးမင်းဖြူဆိုသော အကြားအမြင်ဟောပုဂ္ဂိုလ်ကြီးပင် ဖြစ်တော့သည်။

သတ်မှတ်ချိန်ရောက်သောအခါ တောင်ကုန်းပေါ်တွင် အခြားသူများ တစ်ဦးတစ်ယောက်မျှနေခွင့်မရှိတော့ပဲ တောင်ကုန်းအောက်ဖက်သို့ အားလုံးဆင်းပေးကြရသည်။

တောင်ကုန်းပေါ်၌ ဘိုးမင်းဖြူနှင့်လူတစ်ချို့သာ ကျန်ခဲ့





[illegible]သည်။

ထိုအခါ ဘိုးမင်းဖြူက လက်ထဲတွင်မီးညှိထားသော [illegible]မွှေးတိုင်များကို မြှောက်ယမ်းလိုက်ပြီး. . .၊

"ဘဝတစ်ပါးသို့ပြောင်းသွားကြသော ဆွေမျိုးများ၊ အတိတ်[illegible]ဆက်ရှိသူများ၊ ကျွန်ုပ်တို့နှင့်ဆက်သွယ်ပတ်သက်ရှိကြသော [illegible]ုလ်များ၊ သိုက်စောင့်ပုဂ္ဂိုလ်သိုက်ဆက်ပုဂ္ဂိုလ်များ၊ ဤပတ်ဝန်း[illegible]င်အတွင်းအပြင်ဝန်းကျင်တစ်ဝိုက်မှာ ရှိကြကုန်သော မြင်အပ်၊ [illegible]ြင်အပ်ပုဂ္ဂိုလ်များ၊ ကျွန်ုပ်တို့နှင့်ဘဝဟောင်းအဆက်ဆက်က [illegible]ဘ်စပ်ခဲ့ဖူးသော ဆွေမျိုးအပေါင်းတို့. . ."

"ယခုပြင်ဆင်ကျွေးမွေးသော စားဖွယ်သောက်ဖွယ်များ[illegible] အသင်တို့အားရည်စူး၍ ကျန်ရစ်သူကျွန်ုပ်တို့က ကျွေးမွေး[illegible]သာစားသောက်ဖွယ်ရာများဖြစ်သည်၊

အသင်တို့လာရောက်၍ စားသောက်ကြပါကုန်လော့၊
အသင်တို့လာရောက်၍ စားသောက်ကြပါကုန်လော့၊
အသင်တို့ ပျော်ပျော်ပါးပါးလာရောက် စားသောက်
ကြပါကုန်လော့"

ဘိုးမင်းဖြူ၏အောင်မြင်သောအသံကြီးသည် တိတ်ဆိတ်[illegible]သောအခါသမယအချိန်တွင် တောင်ကုန်းတစ်ခုလုံး ဟိန်းထွက်[illegible]ားလေတော့သည်။

ထိုသို့ပြောခဲ့ပြီး ဘိုးမင်းဖြူတို့တတွေက တော[illegible]အောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ဆင်းသွားကြတော့သည်၊ မကြာမီပတ်ဝန်းကျင်တစ်ဝိုက်ရှိ များ၏ တစ်ပြိုင်နက်တည်းလို 'အူ'သံများပေါ်လာတော့သည်၊

မရှေးမနှောင်းမှာပင် တောင်ကုန်းပေါ်သို့တက်လာသေ လူရိပ်သဏ္ဍာန်များပေါ်လာပြီး ခင်းထားသောထမင်းပုံများ ဝင်ရောက်စားသောက်ကြသည်၊ အတန်ကြာသည်အထိ ဝင်ရော စားသောက်ကြပြီးလျှင် တောင်ကုန်းအောက်သို့ အလျှိုလျှို ဆင်းသွားကြသည်။

ထိုအချိန်တွင် တောင်ကုန်းပေါ်၌ မည်းမည်းသဏ္ဍာ ကြီးတစ်ခုရပ်လျက်သား ကျန်ခဲ့သည်။

"ကျွန်ုပ်တို့ဝိညာဉ်လောကသားတွေကို အခုလိုကျွေး ပေးတာ ကျေးဇူးတင်လှပါတယ်၊ ထိုကျေးဇူးကြောင့် ကျွန်ုပ် ကလည်း သင်တို့လူသားတွေကို တစ်လှည့်အကူအညီပေးလို တယ်၊ မိုင်းပွန်မြို့အစွန်က သချိုင်းအလွန်နားမှာ ဂူကြီးတစ်ဂူ တယ်၊ အဲဒီဂူကြီးအတွင်းမှာ ကျွန်ုပ်တို့နေထိုင်ကြတယ်၊ ကျွ တို့နှင့်တွေ့လိုရင် အဲဒီဂူကိုလာခဲ့ပါ။ လာရမယ့်အချိန်က လမ တည့်မယ့် သန်းခေါင်ယံအချိန်၊ လာရမှာက အဝတ်နက်ခြုံလ ရမယ်၊ ဂူအတွင်းဝင်မယ့်သူက လူသေအလောင်းပါးစပ်ထဲ နှိုက်ယူထားတဲ့ ကူးတို့ခအကြွေစေ့တစ်စေ့ပါမှ ဝင်လို့ရမယ်၊ သင်တို့သိလိုတာရှိရင်မေးနိုင်ဖို့ ဂူကြီးထဲကိုလာခဲ့ကြ"

ထိုသို့ပြောဆိုပြီးနောက် အရိပ်မည်းကြီးသည် တောင်ကု





နောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

သန်းခေါင်ယံအချိန်လောက်တွင် အဝတ်နက်ကြီးများ ခြုံထားသူများ မိုင်းပွန်သချိုင်းအတွင်းသို့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ဝင်လာကြပြီးနောက် သချိုင်းအလွန်နားမှ ဂူကြီးအတွင်းသို့ ဝင်သွားကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

လရောင်မှုန်မှုန်အောက်ဝယ် တိတ်ဆိတ်နေသောသချိုင်းအတွင်း၌ အရိပ်မည်းကြီးများ၏လှုပ်ရှားမှုက စိတ်ဝင်စားရာဖြစ်သည်။

မကြာမီ ဂူကြီးအတွင်းသို့ ဝတ်ရုံနက်ခြုံထားသော အမည်းကြီးများ စုဝေးရောက်ရှိသွားကြလေသည်။

ဂူပေါက်ဝမှာ အတန်ငယ်ကျဉ်းသယောင်ထင်ရသော်လည်း အတွင်းပိုင်း၌ အတန်ငယ်ကျယ်ဝန်းသည်။

အရိပ်မည်းကြီးများမှာ ဂူအတွင်းပိုင်းရောက်သောအခါ ဂူ၏ကြမ်းပြင်ပေါ်မှာပင် အသီးသီးထိုင်ကြသည်။

စကားသံ၊ လှုပ်ရှားမှုအသံများ တိတ်ဆိတ်ငြိမ်သက်လွန်းလှသဖြင့် အပ်ကျသံမျှလောက်ပင် ကြားရလောက်သည်။

ဂူအပေါ်ပိုင်းမှ လရောင်တစ်စွန်းတစ်စ ကျရောက်နေသောကြောင့် ဂူထဲ၌ အလင်းရောင်မှုန်ဝါးဝါး ရောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

အရိပ်မည်းကြီးများမှာ နေရာတွင်အသီးသီးထိုင်မိကြသောအခါ ကျောက်ရုပ်များပမာ ငြိမ်သက်စွာဖြင့် တစ်စုံတစ်ရာကို စောင့်မျှော်လျက် ရှိကြသည်။ အတန်ကြာသောအခါ ဂူအတွင်း ပိုင်းမှ အရိပ်မည်းကြီးတစ်ယောက်ထွက်လာပြီး ကျောက်ခုံအမြင့် ပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဘဝဆက်မှ ဆွေတော်မျိုးတော်အပေါင်းကို ဒါနပြုခဲ့ကြသော မိတ်ဆွေအပေါင်းတို့၊ သင်တို့ရဲ့အနာဂတ်အရေးနဲ့ ပတ်သက်ပြီး သိလိုရာမေးနိုင်ကြပါပြီ"

ထိုအခါ တစ်ယောက်က နေရာမှထရပ်လိုက်သည်။

"ကျွန်ုပ်တို့သိလိုတာက ယခုဝိညာဉ်လောကရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ ဝိညာဉ်တို့ရဲ့သခင်"

"ဝိညာဉ်လောကအခြေအနေ အားလုံးကောင်းပါတယ်"

"ကျွန်ုပ်တို့ရဲ့ ရတနာသိုက်အခြေအနေကရော"

"ကောင်းပါတယ်၊ အခုဆိုရင် အားလုံးအနှောင့်အယှက်ကင်းစွာနဲ့ ကျွန်ုပ်တို့လိုရာကို ပို့ဆောင်ပေးနိုင်ပါပြီ"

"တင်ပြစရာရှိပါတယ် ဝိညာဉ်သခင်"

"တင်ပြပါ"

"အခု ကျွန်ုပ်တို့ ဝိညာဉ်လောကထဲကို လူစိမ်းတွေ ရောက်နေပါတယ်၊ နောက်ပြီး ကျွန်ုပ်တို့ဝိညာဉ်တွေကို နှိမ်နှင်းမယ့်





ယောဂဆရာတွေလည်း ဒီနယ်ထဲကိုရောက်နေတယ်လို့ စုံစမ်းသိရပါတယ်"

"ကျွန်ုပ်တို့နာမ်လောကသားတွေမှာ မြင်နိုင်ကြားနိုင်တဲ့ တန်ခိုးကတ္တိပါဒ်တွေရှိပါတယ်၊ ဒီနယ်ထဲကို ပယောဂဆရာတွေ ဝင်လာကတည်းက ကျွန်ုပ်တို့သိပါတယ်၊ ဒါပေမယ့် သူတို့ကို စောင့်ကြည့်ရုံကလွဲပြီး ဘာမှလုပ်လို့မရဘူးလေ၊ သူတို့ကို မပိုင်ပဲနဲ့ဘာမှလုပ်လို့မရဘူး၊ သူတို့မှာ အစွမ်းထက်တဲ့ဆေးကောင်း ဝါးကောင်းတွေရှိတယ်"

"ဝိညာဉ်သခင် ကောင်းသလိုသာစီစဉ်ပေးပါ"

"အကောင်းဆုံးကတော့ ကိုယ့်အလုပ်ကို ဟန်မပျက် ဆက်လုပ်ကြမယ်၊ အားလုံးသစ္စာရှိဖို့သာ အရေးကြီးတယ်"

"ဒါပေမယ့် သတိတော့ရှိကြပါစေ၊ အခု ကျွန်ုပ်တို့ရဲ့ ဝိညာဉ်တွေနဲ့တွေ့ဆုံပွဲအစည်းအဝေးကို တက်ခွင့်ရှိတဲ့ကူးတို့ခလေး တွေ ပါကြတယ်မဟုတ်လား၊ ဂူအပြင်ထွက်တဲ့အခါမှာ ပြပြီးမှ ထွက်ကြပါ၊ ပြီးရင် ထမင်းစားလက်မှတ်ပါ တစ်ခါတည်း ယူသွားကြ"

ဝိညာဉ်သခင်က ဂူကြီး၏နောက်ဖက်သို့ဝင်သွားလေတော့သည်။

ထိုအခါ အရိပ်မည်းကြီးများလည်း နေရာမှ တိတ်ဆိတ်စွာထလိုက်ကြပြီး ဂူအပြင်ဘက်သို့ တစ်ဦးချင်းထွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝတွင် ငရဲသားကြီးများကိုင်ဆောင်သော ခရ
ခွကြီးများကိုင်ထားသော အရိပ်မည်းကြီးနှစ်ယောက် စောင့်ေ
ကြပြီး စစ်ဆေးလျက်ရှိသည်။

တစ်ယောက်က ကူးတို့ခပိုက်ဆံပြားပါမပါ စစ်သည်
ကူးတို့ခပိုက်ဆံပြနိုင်သူကို ကျန်တစ်ယောက်က ရွှေဒင်္ဂါး(၃)ပြ
ပေးလိုက်သည်။

ဤသို့ဖြင့် နောက်ဆုံးကျန်နေသူနှစ်ယောက်မှာ ကူးတို့
ပိုက်ဆံမပြနိုင်ပေ။

“ဝိညာဉ်လောကကိုဝင်ခွင့် ကူးတို့ခမပါဘူးလား”

“သေဆုံးစဉ်က ထည့်မပေးလိုက်လို့မပါပါ”

“ဒါဖြင့် ဝိညာဉ်လောကကို ဘယ်လိုဝင်လာတာလဲ”

“ပော်နန်းကုန်းမှာစောင့်နေတဲ့ ပြိတ္တာတစ်ကောင်
ဆက်သွယ်ပေးလို့ အသစ်ဝင်ဖို့ရောက်လာတာပါ”

“ဝိညာဉ်လောကဆိုတာ အသစ်ဝင်ဖို့လည်း မလွယ်ဘူး
တို့လောကမှာ နေရာတစ်နေရာရဖို့လည်းမလွယ်ဘူး၊ လူ့လောက
က ဘဝပြောင်းလာပြီး ဝိညာဉ်လောကရောက်လာပြီးမှ နေစရ
မရလို့ လေလွင့်နေတဲ့ဝိညာဉ်တွေ အများကြီးပဲ”

“ဒီလိုဆိုရင် ဘာတွေလိုအပ်ပါသလဲ”

“ကျန်ရစ်သူတွေဆီက အမျှအတန်းတစ်ခုခုတော့ ရ
ဖြစ်မယ်၊ အဲဒီလိုရလာပြီးရင် တို့ဝိညာဉ်လောကရဲ့ ပါဝါရှိတဲ့





ဦးဦးက ထောက်ခံပေးမှ ဝင်လို့ရမယ်”

“ကောင်းပါပြီ”

အရိပ်မည်းနှစ်ယောက်က ဂူပေါက်ဝမှတစ်ဆင့် အပြင်
က်သို့ ပြန်ထွက်သွားကြလေသည်။

မကြာမီ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လှုပ်ရှားမှုတစ်စုံ
ရာမတွေ့ရတော့ပဲ တိတ်ဆိတ်ခြင်းက ပြန်လည်မင်းမူသွား
လေ၏။ ထိုအချိန်မှာမှ အတန်ငယ်လှမ်းသော အုတ်ဂူများကြား
အရိပ်မည်းနှစ်ခုထလာပြီးနောက် အမှောင်ရိပ်အားအကာ
သွယ်ပြုကာ မိုင်းပွန်သချိုင်းအတွင်းသို့ ခပ်သုတ်သုတ်ဝင်သွား
ပတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





:နဲ့
၁ဇဉ်
ားက
ဲလိုပဲ၊

## အခန်း(၇)

မိုင်းပွန်သို့ ထက်မင်းကျော်စွာရောက်နေသည်မှာ ဇ၊၀းနိုင်ကြာပြီ၊ မထင်မရှားကုန်သည်ဟန်ဆောင်၍နေကာ ဈေးပေါသော တည်းခိုခန်းတစ်ခန်းတွင် တည်းခိုနေ၏။

သူသည် ကျောက်အရောင်းအဝယ်ပြုလုပ်ပြီး ညအခါများတွင် ညလုံးပေါက်ဖွင့်ထားသော အရက်ဆိုင်များ၊ လောင်းကစားဝိုင်းများသို့သွားကာ အရက်သောက်ခြင်း၊ ကြေးကောင်းသောလောင်းကစားဝိုင်းများသို့ ဝင်ရောက်ကစားလေ့ရှိသည်။

အချိန်ရလျှင် မိုင်းပွန်သမိုင်းသို့သွားကာ ဦးဗန်ကောင်းနှင့်စကားပြောကြသည်၊ ဦးဗန်ကောင်းထံမှ ဘဝနှင့်ပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံများမှာ သူ့အတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများကို ရစေသည်။

ထိုသို့သွားရင်းနှင့်ပင် ဆည်းဆာဆိုသောမိန်းကလေးနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည်။

"အစ်ကိုက ဘယ်နယ်ကလာတာလဲ"

"ဟိုး မြစ်ဝကျွန်းပေါ် ဘက်က"

"ဒီကို ဘာလာလုပ်တာလဲဟင်"

"ပစ္စည်းလာရောင်းတာပါ"

"ဘယ်တော့ပြန်မှာလဲဟင်"

"ဒီက ပစ္စည်းတွေရောင်းလို့ကုန်ရင်ပြန်မှာပါ"

"နောက်တစ်ခေါက်ရော ဒီကိုလာဦးမှာလားဟင်"

"အစ်ကိုတို့အရောင်းအဝယ်သမားဆိုတာ နေရာဒေသနဲ့သွားနေရတာဆိုတော့ ရောက်မယ်၊ မရောက်ဘူးဆိုတာ ဘယ်လိုမှ အတပ်ပြောမရပါဘူးဆည်းဆာရယ်"

"ဟင်. . ဒါဖြင့် အစ်ကို့ကို နောက်တစ်ကြိမ်တွေ့ချင်ရင် ဘယ်လိုဆက်သွယ်ရမလဲဟင်အစ်ကို"

ထက်မင်းကျော်စွာက သဘောကျစွာ ပြုံးလိုက်သည်။

ဆည်းဆာ၏လေသံကို နားထောင်ကြည့်ရုံဖြင့် သူမရင်ထဲမှသံယောဇဉ်ကို ခန့်မှန်းမိလေသည်။

"အစ်ကို့ကို ရှာလို့ကတော့ တွေ့ဖို့မလွယ်ပါဘူး၊ ဒီအတွက်





ပပူပါနဲ့၊ ဆည်းဆာတို့ဆီကို နောက်တစ်ခါရောက်အောင်လာပြီး တွေ့ပါ့မယ်"

"အစ်ကို တကယ်ပြောတာနော်"

"တကယ်ပါ ဆည်းဆာ"

ဆည်းဆာမျက်နှာပေါ်ဝယ် ကျေနပ်မှုအပြုံးလေးများ ယှက်သန်းသွားလေသည်၊ ထိုအခါ ဦးဇန်ကောင်းက. . .၊

"အဲဒါသာကြည့်ပေတော့ ဧည့်သည်လေးရေ၊ တစ်ဦးနဲ့တစ်ဦးက သံယောဇဉ်မဖြစ်ကြတာအကောင်းဆုံးပဲ၊ သံယောဇဉ်ဆိုတာကလည်းအခက်သားပဲ၊ မမြင်နိုင်ပေမယ့် သူ့ရဲ့အင်အားက အတော့်ကိုကြီးတယ်၊ နောက်ပြီး သံယောဇဉ်ဆိုတာ နွယ်ပင်လိုပဲ၊ အနေနီးတာနဲ့ တွယ်ငြိတော့တာပဲ"

"ဒါကြောင့် သူတော်ကောင်းတွေဆိုရင် လူတွေနဲ့ဝေးနိုင်သမျှဝေးအောင် ရှောင်ပြေးကြတာပဲ"

ထိုစကားကြောင့် ထက်မင်းကျော်စွာနှင့်ဆည်းဆာတို့ တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး မသိမသာပြုံးလိုက်ကြသည်။

"ဒါထက် ဧည့်သည်လေးဒီမြို့ကိုလာတာ ရည်ရွယ်ချက်တွေရောပြည့်ရဲ့လား"

"ဟုတ်ကဲ့ ရသင့်သလောက်ရပါတယ်"

"မင်းလိုချင်တာတွေ များများရချင်ရင် ဒီမြို့မှာထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြားလုပ်တဲ့ပွဲတစ်ပွဲရှိတယ်၊ အဲဒီကိုသွားပါလား"

"ဘာပွဲလဲ အဘ"

"ဘဝဆက်က ဆွေတော်မျိုးတော်တွေကို ကျွေးမွေးတဲ့ပွဲ၊ အမှန်တော့ ဝိညာဉ်တွေကိုခေါ်ပြီး ကျွေးမွေးတာပါပဲ၊ ဘဝဆက်မှ ဆွေတော်မျိုးတော်လို့သုံးနှုန်းတာကတော့ သံသရာကြီးထဲမှာကျင်လည်နေကြတဲ့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ တိရိစ္ဆာန်ပဲဖြစ်ဖြစ်၊ ဝိညာဉ်ပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦးဆွေမျိုးမတော်ခဲ့ဖူးတာမှမရှိတာ၊ ဒါကြောင့် ဘဝဆက်က ဆွေတော်မျိုးတော်လို့သုံးတာ"

"ဝိညာဉ်ဆိုတာ တကယ်ရှိသလားအဘ"

"ရှိတာပေါ့ကွယ်၊ လူတစ်ယောက်မှာ ရုပ်နဲ့နာမ်တွဲနေမှ အသက်ရှင်နေနိုင်တာ၊ နာမ်ဆိုတာ ဝိညာဉ်ပဲပေါ့၊ ရုပ်ကမြင်ရတယ်၊ နာမ်ကမမြင်ရဘူး၊ ဒါပေမယ့် အဓိကစွမ်းအားရှိတာကတော့ နာမ်ပဲ၊ ရုပ်က နာမ်ခိုင်းစေသမျှ ရွေ့ကလုပ်ပြနေရတာ၊ ရုပ်ဆိုတာ နာမ်ကစားဆိုမှစား၊ သွားဆိုမှသွားရတာမျိုးပါ"

"ဒီလိုဆိုရင် နာမ်ဆိုတာ စိတ်ကိုပြောတာလားအဘ"

"မဟုတ်ဘူးကွယ်၊ စိတ်ဆိုတာ အလွန်သိမ်မွေ့တဲ့ ဖွဲ့စည်းမှုတစ်ခုပဲ၊ နာမ်ဆိုတာ စိတ်ရဲ့ကြားခံအစေအပါးတစ်ခုဆိုရင်တောင် မမှားနိုင်ဘူး"

"ဒါဖြင့် ဝိညာဉ်တွေနဲ့တွေ့ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား အဘ"





"ဖြစ်နိုင်ပါတယ်ကွယ်၊ ဝိညာဉ်တွေနဲ့တွေ့ချင်ရင် သူတို့နဲ့ ...ွေ့နိုင်မယ့် ပစ္စည်းပါရင်ရတာပေါ့"

"ဘာပစ္စည်းလဲအဘ"

"လူတွေသေရင်ထည့်ပေးတဲ့ ကူးတို့ခပိုက်ဆံပြား"

"အဲဒါက ဘယ်မှာရမှာလဲ"

"မပူပါနဲ့ကွယ်၊ အဘက သင်္ချိုင်းထဲမှာနေတာပဲ၊ လူသေ...ွေနဲ့နေ့တိုင်းတွေ့နေရတာဆိုတော့ ကူးတို့ခပိုက်ဆံတွေ အဘ...မှာ ရှိပါတယ်"

"ဒါထက် ဝိညာဉ်ကို လူတွေကမြင်နိုင်လား"

"မြင်မယ်ဆိုရင်လည်း မြင်နိုင်ပါတယ်၊ ဝိညာဉ်ဆိုတာ ...ယ့်ရဲ့နံဘေးမှာ အများကြီးရှိတာပဲ၊ မမြင်အပ် မတွေ့အပ်လို့ ... မမြင်နိုင် မတွေ့နိုင်တာပါ၊ ဒါပေမယ့် တွေ့သင့်တွေ့ထိုက်တဲ့ ...ချိန်ကျရင် တွေ့ရတာပါပဲ"

"ကျေးဇူးပဲ အဘ၊ နောက်ရက်ကျမှ အဘဆီက ကူးတို့ခ...က်ဆံ ယူထားပါဦးမယ်၊ ဒါမှ ဝိညာဉ်တွေနဲ့တွေ့ချင်ရင် အလွယ် ...ကူတွေ့ခွင့်ရမှာ၊ ကဲ ကျွန်တော်ပြန်ဦးမယ်"

ထက်မင်းကျော်စွာက ဦးဇန်ကောင်းတို့မြေအဖိုးကို ...ဆက်ပြန်လာတော့ အပြင်ဘက်မှာ အမှောင်ရိပ်သမ်းနေပြ...။

သူ ပတ်ဝန်းကျင်ကို သတိဝီရိယထား၍ကာ ...ကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ တစ်စုံတစ်ရာ မသင်္ကာဖွယ်ရာမတွေ့ရပေ။

သူတည်းခိုခန်းပြန်ရောက်လာတော့ မှောင်စပျိုးနေပြီ. .

တည်းခိုခန်းမှာ ဝပ်အားနည်းသောမီးလုံးကလေးများ ထွန်းထားသည်၊ သူယူထားသောအခန်းက အပေါ်ထပ်မှာ. . .၊

စင်္ကြံလမ်းအတိုင်းလျှောက်လာပြီး အခန်းနံပါတ်(၉) ရှေ့သို့ရောက်သောအခါ ရပ်လိုက်သည်၊ လက်ကိုင်ဘုကိုကြည့်လိုက်တော့ အပြင်ထွက်စဉ်က သူဖြူးထားခဲ့သော ပေါင်ဒါမှုန့်များပျက်နေပြီ၊ သော့အိမ်ထဲသော့ထည့်ကာ လှည့်ကြည့်လိုက်တော့ သော့ကပွင့်နေသည်ကိုတွေ့ရသဖြင့် အခန်းထဲမှာ လူရောက်နေပြီဟုသိလိုက်သည်။

သူ စင်္ကြံလမ်းကို တစ်ချက်လှည့်ကြည့်သည်။

လှုပ်ရှားမှုတစ်စုံတစ်ရာမတွေ့ရပေ။

စလွယ်သိုင်းအိတ်ထဲမှ 'ဝီအမ်မီနာ'ခေါ် ကိုးမမလူဂါပစ္စတိုကို အသာအယာဆွဲထုတ်သည်၊ နောက်တံခါးနားသို့ နားကပ်ပြီး အတွင်းမှလှုပ်ရှားမှုအသံကို နားထောင်ကြည့်သည်။

တိတ်ဆိတ်ငြိမ်သက်နေသည်။

သူ စင်္ကြံလမ်းဘက်လျှောက်သွားပြီး စင်္ကြံလမ်းမီးလုံးကို ပိတ်လိုက်သည်၊ လမ်းတစ်လျှောက်မှောင်မည်းသွားသည်၊ ပြီးမှ တံခါးဘက်ပြန်လျှောက်လာပြီး တံခါးကိုအသာတွန်းဖွ သည်၊ တံခါးဂျက်က ပြုတ်နေပြီဖြစ်သောကြောင့် အလွယ်တ





ွင့်သွားသည်၊ သေနတ်ကို အတွင်းသို့ချိန်ပြီး ဖျပ်ကနဲသူလှည့်ဝင်လိုက်သည်။

အခန်းတွင်းမှာမှောင်မည်းနေသည်၊ ဒူးထောက်ထိုင်ပြီး ခြေအနေကို နားစွင့်သည်၊ လှုပ်ရှားသံ၊ အသက်ရှူသံမျိုး မကြားရပေ။

မျက်လုံးကိုပိတ်ထားလိုက်ပြီး ပြန်ဖွင့်လိုက်တော့ အမှောင်ထဲမှာ ကျင့်သားရသွားသည်၊ ပြတင်းပေါက်မှတစ်ဆင့် အပြင်မှဝင်လာသောအလင်းရောင်ကြောင့် အခန်းထဲမှာ ဝိုးတဝါးမြင်ရသည်၊ အိပ်ခန်းနှင့်ဧည့်ခန်းထဲမှာတော့ တစ်စုံတစ်ရာမတွေ့ရပေ၊ ပိတ်ထားသောအခန်းဆို၍ ရေအိမ်ခန်းနှင့်ရေချိုးခန်းသာ ကျန်တော့သည်။

ရေအိမ်ခန်းနှင့်ရေချိုးခန်းမှာ တံခါးတစ်ချပ်သာရှိသည်၊ ိုတံခါးကို သေနတ်ဖြင့်ချိန်၍ဖွင့်သည်။

ဘာမှမတွေ့ရပေ. . .၊

ဒါဆိုရင် မိမိခုတင်ထားသော အခန်းသာကြည့်ရန် ကျန်တော့သည်။

မိမိအခန်းတွင်းသို့ကျူးကျော်ဝင်ရောက်လာသော တရားခံသည် အခြားနေရာများ၌မရှိလျှင် မိမိအိပ်သောအခန်းတွင်းမှ ၊ အခြားနေရာ၌ မရှိနိုင်တော့ပေ။

အိပ်ခန်းတံခါးကို အသာဟလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကြားကို ဘယ်လက်သွင်း၍ မီးခလုတ်ကို စမ်းဖွင့်သည်၊ ထို့နောက် တံခါးကို 'ဝုန်း'ကနဲဖွင့်လိုက်သည်။

ခုတင်ပေါ်ဝယ်အနည်းငယ်ပွနေသော်လည်း မည်သူမျှမရှိပေ၊ ညာဘက်မှ လှုပ်ရှားသံတစ်ခုကြားရသဖြင့် ကိုယ်ကို ဖျပ်ကနဲလှည့်သည်၊ လက်ထဲမှ လူဂါသေနတ်မောင်းက တင်းကနဲဖြစ်သွားသည်၊ ခလုတ်ကိုမဖြုတ်လိုက်မီ ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေးထိုင်နေသော မိန်းကလေးတစ်ယောက်ကို မြင်လိုက်မှ တအံ့တသြဖြစ်သွားမိသည်။

မိန်းကလေးက ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေဟန်ရှိသည်၊ သူ့လက်ထဲမှ သေနတ်ကိုမြင်လိုက်သောအခါမှ မျက်လုံးပြူးသွားကာ အိပ်ချင်စိတ်ပြေသွားပုံရသည်။

"မင်းဘယ်သူလဲ၊ ဘာကြောင့်ငါ့အခန်းထဲ ဝင်နေတာလဲ"

ထက်မင်းကျော်စွာက ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်တော့ အခန်းထဲမှာ အခြားဘယ်သူမှရှိနေဟန်မတူ၊ သူမတစ်ယောက်ထဲ အေးအေးဆေးဆေးရောက်နေပုံရသည်။

ထက်မင်းကျော်စွာက သေနတ်ကိုအိတ်ထဲပြန်ထည့်သည်။

"မင်း ဘယ်သူလဲ"

"ကျွန်မနာမည် ကေသီလို့ခေါ်ပါတယ်၊ ဒီတည်းခိုခန်းကပါ"





"ဘာကြောင့် ဒီအခန်းထဲကို ငါ့ခွင့်ပြုချက်မရပဲ ဝင်နေတာလဲ"

"ဟို. . . ဟို မန်နေဂျာက ဒီည အစ်ကို့အတွက် အဖော်လိုမယ်ထင်တယ်၊ သွားစောင့်နေဆိုလို့ ကျွန်မလာစောင့်နေတာပါ၊ ကျွန်မကို ခွင့်လွှတ်ပါ အစ်ကို"

မိန်းကလေးပြောသောစကားမှာ တစ်ဝက်လောက်သာမှန်နိုင်ပြီး အားလုံးတော့မမှန်နိုင်ဟု တွေးလိုက်မိသည်။

"ကဲ ဒါဆိုရင်လည်း မင်းပြန်ပေတော့၊ ငါတစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တာ၊ အဲဒီလို ကိစ္စမျိုးတွေ ဝါသနာမပါဘူး"

ထက်မင်းကျော်စွာစကားကြောင့် မိန်းကလေး မျက်စိမျက်နှာပျက်သွားလေသည်။

"ဒီ. . ဒီလိုတော့မလုပ်ပါနဲ့အစ်ကိုရယ်၊ ကျွန်မပြန်မသွားပါရစေနဲ့၊ ဒီတစ်ညတော့ ဒီအခန်းထဲမှာပဲနေပါရစေ၊ အစ်ကို စိတ်မဝင်စားရင် ကျွန်မအနှောင့်အယှက်မပေးပါဘူး၊ ငြိမ်ငြိမ်လေးနေပါ့မယ်"

"ဘာကြောင့်လဲ ပြောပါဦး"

"ကျွန်မ ဒီအတိုင်းပြန်သွားရင် သူတို့ကနှိပ်စက်ကြလိမ့်မယ်၊ ကျွန်မသူတို့ကို သိပ်ကြောက်တာပဲ အစ်ကိုရယ်၊ သူတို့ခိုင်းတဲ့အတိုင်းမအောင်မြင်ရင် တိရိစ္ဆာန်တစ်ကောင်လို နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့တာပဲ"

ထက်မင်းကျော်စွာက ဆိုဖာအလွတ်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်ပြီး အိတ်အတွင်းမှ ဘားမားစတီတ်စီးကရက်ဗူးကို ထုတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီး မိန်းကလေးကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

ကေသီဆိုသောမိန်းကလေးမှာ အသက်နှစ်ဆယ်ကျော် အရွယ်ရှိပြီး ရှမ်းသွေးစပ်သော တိုင်းရင်းသူတစ်ယောက် ဖြစ်ဟန် ရှိသည်၊ အချိုးအဆစ်ကျသောကိုယ်လုံးနှင့် သူမ၏လှပသော မျက်နှာလေးမှာ ဆန့်ကျင်ဘက်ယောကျ်ားသားတို့စိတ်ကို နိုးကြွ လာစေသော ညို့ဓာတ်များ ပါဝင်လေ၏။

"ကောင်းပြီလေ၊ မင်းဒီအခန်းထဲမှာရှိနေလို့လည်း ငါ့ အတွက်ဘာမှအခက်အခဲမရှိပါဘူး၊ ဒီညတော့ ငါလဲမအိပ်တော့ ပါဘူး၊ စကားပြောရင်းနဲ့ မင်းနဲ့အဖော်လုပ်ပြီး နေပါ့မယ်၊ နောက်ပြီး မင်းဆီက စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းလေးတွေလဲ နား ထောင်ချင်ပါသေးတယ်၊ ဒီလိုလုပ်ကွာ၊ ငါရေချိုးလိုက်ချင်သေး တယ်၊ မင်းက အောက်မှာ တို့နှစ်ယောက်စားဖို့ တစ်ခုခုသွားမှာ ပေတော့၊ ဟုတ်ပြီလား"

ကေသီက ရွှင်မြူးသွက်လက်သောအမူအရာဖြင့် အခန်း တွင်းမှထွက်သွားလေသည်။

ထက်မင်းကျော်စွာက ပစ္စည်းများကိုနေသားတကျထား





လိုက်ပြီး ရေချိုးခန်းအတွင်းဝင်ခဲ့သည်၊ ရေချိုးခန်းအတွင်းသို့ ရောက်သောအခါ ဧည့်ခန်းကိုခြုံ၍မြင်နိုင်စေရန် မှန်တစ်ချပ်ကို ရှေ့ထောင်ထားလိုက်သည်။

သူရေချိုးနေစဉ် ကေသီပြန်ရောက်လာသည်။

ထက်မင်းကျော်စွာက မှန်ထဲမှတစ်ဆင့် ကေသီ၏လှုပ်ရှား မှုများကို အကဲခတ်ကြည့်နေသည်၊ ကေသီဆိုသောမိန်းကလေးက အပြင်မှယူဆောင်လာသောစားသောက်ဖွယ်ရာများကို အခန်း အလယ်တွင်ရှိသော စားပွဲတစ်လုံးပေါ်တွင် တင်နေသည်။

သူမ၏အမူအယာမှာ မသင်္ကာဖွယ်ရာတစ်စုံတစ်ရာ မတွေ့ရရုံမက မျက်လုံးများကလည်း ကျီးကန်းတောင်းမှောက် ကြည့်ရှုသောအမူအရာမျိုး မတွေ့ရပေ။

ထက်မင်းကျော်စွာက မှန်ထဲမှတစ်ဆင့် သူမ၏မျက်လုံး များကို အကဲခတ်ကြည့်သည်။

ရေချိုးပြီးသောအခါ ထက်မင်းကျော်စွာပြန်ထွက်လာပြီး အဝတ်အစားလဲသည်၊ နောက် နွေးနွေးထွေးထွေးဖြစ်သွားစေ ရန် ဝီစကီအနည်းငယ်မော့သောက်ပြီးနောက် ကေသီဆိုသော မိန်းကလေးနှင့်အတူ ညစာစားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိုင်းပွန်မြို့မှ သူသိလိုသောအကြောင်းများကို ကေသီအား မသိမသာမေးရသည်။

ထိုညက တစ်ရေးမှမအိပ်လိုက်ရသည့်တိုင် သူ့အတွက် အကျိုးမယုတ်ပေ။



## အခန်း(၈)

ထက်မင်းကျော်စွာက တံခါးကိုသုံးချက်ခေါက်သည်၊ ထို့နောက် နှစ်ချက်ဆင့်ခေါက်လိုက်သောအခါ အခန်းထဲမှ 'ဝင်ခဲ့ပါ'ဟူသော အိုင်ပီအောင်မင်းအောင်အသံကြားလိုက်ရသဖြင့် တံခါးကိုတွန်းပြီး အခန်းတွင်းဝင်သွားသည်။

အခန်းအလယ်တွင် ဖိုင်တွဲများနှင့်အလုပ်ရှုပ်နေသော အိုင်ပီအောင်မင်းအောင်ကိုတွေ့ရသည်။

"ထိုင် မောင်ကျော်စွာ"

ထက်မင်းကျော်စွာက ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်သောအခါ အိုင်ပီအောင်မင်းအောင်က ဖိုင်များထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အသင့် ဖျော်ထည့်ထားဟန်ရှိသော ကော်ဖီပူပူတစ်ခွက်ကို ပန်းကန်ထဲ ထည့်ပြီး ကမ်းပေးသည်။

"ကျေးဇူးပဲ အိုင်ပီ"

"အခြေအနေထူးသလား"

"ထူးပါတယ် အိုင်ပီ၊ ကျွန်တော်တို့ကိုင်တွယ်ရတဲ့အမှုက သာမန်တော့မဟုတ်ဘူး၊ ဒီနယ်မှာ သူတို့ရဲ့အင်ပါယာတွေ အများကြီးရှိတယ်၊ နောက်ပြီး လုပ်ပုံကိုင်ပုံ၊ ဆက်သွယ်ပုံတွေကလည်း ပိရိသေသပ်လှတယ်"

ထက်မင်းကျော်စွာက ဘဝဆက်မှ ဆွေတော်မျိုးတော်များအား ကျွေးမွေးပွဲအကြောင်းနှင့် ဝိညာဉ်များနှင့်တွေ့ဆုံပွဲအကြောင်းများအကြောင်းကို ပြောပြလိုက်သည်။

"အင်း စကားပုံတစ်ခုတောင်ရှိတယ်၊ အကျင့်တန်တဲ့သူဆိုတာ အကြံများတယ်လေ၊ သူတို့ဘယ်လောက်ပဲ ဉာဏ်များပါစေ၊ တစ်နေ့တော့ ဥပဒေဘောင်အတွင်း သက်ဆင်းရမှာပဲ၊ မင်းကြီးကတောင် ကျုပ်ဆီကို လှမ်းပြီးအကြောင်းကြားတယ်"

"ဘာတဲ့လဲ အိုင်ပီ"

"တရားခံတွေကို အမြန်ဆုံးဖမ်းခေါ်လာခဲ့ပါတဲ့"

"အင်း သူကတော့ နာမည်ကောင်းရဖို့အတွက် ဒီလိုပဲ ပြောမှာပေါ့၊ ကိုယ်ဖမ်းချင်တဲ့၊ ဖမ်းလို့ရတဲ့ ရေထဲကငါးတစ်ကောင် ဖမ်းရင်တောင် အခက်အခဲရှိနိုင်သေးတာ၊ ဉာဏ်ရှိတဲ့ လူလူချင်း





ဖမ်းရတာ ပိုခက်မှာပေါ့၊ ဒါပေမယ့် မပူပါနဲ့၊ တရားခံတွေကို အမြန်ဆုံးဖမ်းနိုင်တော့မှာပါ"

ထက်မင်းကျော်စွာက ကော်ဖီတစ်ငုံသောက်လိုက်သည်။

"မောင်ရဲ့ အစွမ်းအစကိုတော့ ယုံပါတယ်၊ ဒါကြောင့်လည်း တမင်ရွေးပြီးခေါ်လာခဲ့တာပေါ့၊ ဒီမှာကြည့်ပါဦး၊ ဒီဓာတ်ပုံနဲ့ကိုယ်ရေးရာဇဝင်ဖတ်ကြည့်စမ်းပါ၊ မောင်ကျော်စွာ စိတ်ဝင်စားဖွယ်ထင်ပါတယ်"

"ဟင်. . ."

ထက်မင်းကျော်စွာ ဖိုင်အတွင်းမှဓာတ်ပုံကိုကြည့်ပြီး ဇဝေဇဝါဖြစ်သွားသည်၊ ဓာတ်ပုံက လူတစ်ယောက်အား အဝေးမှ အမှတ်တမဲ့ရိုက်ထားသောပုံဖြစ်သည်၊ အခမ်းအနားတစ်ခု၌ စကားပြောနေသောအချိန်တွင် ဘေးမှရိုက်ထားခြင်းဖြစ်သည်။

ဓာတ်ပုံရိုက်ထားသည်မှာကြာပြီဖြစ်သောကြောင့် ဆေးသားများပင် မှေးမှိန်ပျက်ပြယ်စပြုနေပြီ၊ သို့သော် ထိုရုပ်ရည်မျိုးဟာ လူတူသိပ်မရှိသောကြောင့် တစ်ကြိမ်မြင်ရုံနှင့်မှတ်မိနိုင်သည်။

ထက်မင်းကျော်စွာက ၎င်းနှင့်ပတ်သက်၍ ရေးသားထားသောကိုယ်ရေးရာဇဝင်အကျဉ်းကိုပါဖတ်ပြီး စိတ်ထဲမှ မှတ်သားထားလိုက်သည်။ ထို့နောက် ဖိုင်တွဲကို ဦးအောင်မင်းအောင်ထံ ပြန်ပေးလိုက်သည်။

"ကျုပ်အထင်ပြောရရင်တော့ ဒီလူဟာ ကျုပ်တို့ စုံစမ်း

www.burmeseclassic.com



နေတဲ့အမှုနဲ့ပတ်သက်ပြီး တစ်နည်းနည်းနဲ့တော့ ဆက်နွယ်ပတ်သက်မှု ရှိကိုရှိနေရမယ်၊ ဘယ့်နှယ့်လဲ"

"တစ်နေ့တော့ အဖြေပေါ်မှာပါ အိုင်ပီရယ်"

ထို့နောက် ထက်မင်းကျော်စွာက မိမိစုဆောင်းရသမျှ သတင်းများကိုပေးခြင်း၊ အိုင်ပီအောင်မင်းအောင်တို့ထံမှ သတင်းအချက်အလက်များကို မှတ်သားပြီး ပြန်ထွက်လာသည်။

ရုံးခန်းမှသူပြန်ထွက်လာတော့ ညနေပိုင်းအချိန်ဖြစ်သည်။ ရုံးအပြင်ဘက်ရောက်သောအခါ လူသွားလူလာပြတ်လှသော၊ အမှောင်ရိပ်အနည်းငယ်သမ်းသော လမ်းအတိုင်းပြန်လာခဲ့သည်။

ထိုနေရာဘက်တွင် တိုးချဲ့အဆောက်အအုံများဆောက်လုပ်လျက်ရှိသော ခြံကျယ်ကြီးများသာရှိသည်၊ အုတ်ပုံ၊ သဲပုံများ၊ ဆောက်လက်စအဆောက်အဦးများ၊ စက်ယန္တရားကြီးများသာရှိပြီး လူကတော့တစ်ယောက်မှမရှိပေ၊ ခြံဝန်းကျယ်ကြီး၏တစ်နေရာမှာတော့ လိုင်းခန်းများရှိသည်၊ ထိုအခန်းများတွင်တော့ လူနေဟန်ရှိသည်၊ သို့သော် အလုပ်နားချိန်ဖြစ်သောကြောင့် အခန်းများအတွင်း၌ အနားယူနေကြဟန်ရှိသည်၊ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုနေရာတစ်ဝိုက်သို့ရောက်သောအခါ အန္တရာယ်၏အရိပ်အငွေ့ကို သတိပြုမိလိုက်သည်။





နောက်ဘက်မှ လှုပ်ရှားမှုအသံတစ်သံကို သတိပြုမိလိုက်ဖြင့် အိတ်အတွင်းမှ လူဂါကိုဖျပ်ကနဲဆွဲထုတ်ပြီး ဒူးထောက်ိုင်ချလိုက်သည်။

'ဖောက်'ကနဲအသံတစ်သံကြားလိုက်ရပြီး သူ့ရှေ့မှတ်နံရံမှာ ဖွာကနဲဖြစ်သွားပြီး အပေါက်တစ်ပေါက်ဖြစ်သွားည်။

သူဖျတ်ခနဲလှည့်ကြည့်လိုက်စဉ် လမ်းကြားအတွင်းသို့ပြေးဝင်သွားသော လူရိပ်ကိုလှမ်းမြင်ရသည်။

လမ်းကြားဘက်သို့ပြေးသွားပြီး အတွင်းသို့ ချောင်းကြည့်သည်၊ သေနတ်သမားကို မတွေ့ရပေ။

လမ်းကြားကတိုသည်၊ တစ်ဖက်တွင် ကွက်လပ်ကလေးစ်ခုရှိသည်၊ အတွင်းသို့လှမ်းဝင်ပြီး ရပ်ကာ ပတ်ဝန်းကျင်အခြေနေကိုကြည့်သည်၊ အဆောက်အအုံပြုလုပ်ရာတွင် ကားရပ်ာနေရာဖြစ်သည်၊ ယန္တရားကြီးများကိုရပ်ထားသည်၊ အဆောက်ဦးအပေါင်းများအား ရိုက်ဖြိုသော အလွန်ကြီးသည့် သံလုံး်းတစ်လုံးကို ယန္တရားကြီးတွင်ချိတ်ဆွဲထားသည်။

တစ်နေရာတွင် ဝန်ချီစက်ကြီးတစ်စီးရပ်ထားသည်မှ လွဲ၍ိုပ်လူခြည်မမြင်ရပေ၊ ဝင်ရောက်ပျောက်ကွယ်သွားသော သေနတ်ားကိုလည်း အစအနမျှပင်မတွေ့ရပေ။

တစ်နေရာတွင်ပုန်းအောင်းကာ မိမိအလစ်ကို စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟုတော့ ထက်မင်းကျော်စွာတွေးမိသည်။

အခွင့်ကောင်းကိုစောင့်ရပေမည်။

ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်၊ လူရိပ်လူယောင်တစ်ယောက် တစ်လေမှပင် မတွေ့ရပေ။

အန္တရာယ်ပေးသောသေနတ်သမားသည် အဆောက်အအုံပျက်အတွင်း တစ်နေရာမှာတော့ ရှိနိုင်ပေသည်။

ထက်မင်းကျော်စွာက ဖျက်ဆီးလက်စအဆောက်အအုံ ဟောင်းတစ်ခုအနီးသို့ ကပ်သွားသည်။

သူအတွင်းဘက်ရောက်သည်နှင့် အင်ဂျင်စက်သံတစ်သံက တိတ်ဆိတ်နေသောပတ်ဝန်းကျင်အား လှုန့်နိုးလိုက်သည်။

သူဖျပ်ကနဲလှည့်ကြည့်လိုက်သည်၊ မည်သည့်နေရာမှ ထွက်လာသောစက်သံမှန်း ချက်ခြင်းမသိနိုင်ပေ။

ထိုအချိန်တွင် ဝန်ချီစက်ကြီးတစ်စင်းမှာ သတ္တဝါကြီးတစ်ကောင်ပမာ အရှေ့သို့တိုးထွက်လာသည်၊ လှုပ်ရှားမှုနှင့်အတူ သံလုံးကြီးကလည်း မြေပေါ်မှကြွတက်လာသည်။

ဝန်ချီစက်မှမီးရောင်က သူ့အားတည့်တည့်ထိုးထားသည်။

မျက်လုံးများပြာဝေနေသည်၊ စက်မောင်းနေရာသို့ မျက်လုံးကာပြီး လှမ်းကြည့်သည်၊ သိပ်ပြီးမသဲကွဲပေ၊ မည်းမည်းသဏ္ဌာန် တစ်ခုကိုသာ ခပ်ရေးရေးမြင်ရသည်။





လူသတ်သမားက စိတ်ကူးကောင်းကောင်းဖြင့် မိမိအား သေတွင်းထောင်ချောက်ဆင်လိုက်ခြင်းဖြစ်သည်။

တစ်ဖက်တစ်ချက်တွင် ဖြိုလက်စတိုက်နံရံများက ကာရံထားပြီး ဝင်လမ်းဘက်မှ ဝန်ချီစက်ကမောင်းဝင်လာသည်။

ပုန်းကွယ်စရာမရှိသောနေရာတွင် သူရောက်နေသည်၊ လူဂါကို အသင့်ချိန်ထားရင်း နောက်ဘက်နံရံသို့ တဖြည်းဖြည်း ဆုတ်ပေးသည်။

စက်မောင်းသမားကို သေနတ်ဖြင့်ချိန်ထားသော်လည်း ဘယ်လိုမှပစ်ခွင့်မသာပေ၊ ကြားထဲမှာ လှုပ်ယမ်းနေသော သံလုံးကြီးက ကာဆီးလျက်ရှိသည်။

လှုပ်ယမ်းလျက်ရှိသော သံလုံးကြီး၏ရွေ့လျားမှုမှာ အရှိန်ပြင်းသလောက်မြန်လှသည်၊ ကားလေးတစ်စီး၏အရှိန်နှုန်းတမျှ မြန်လှသည်၊ အနီးသို့ရောက်သောအခါ သူ့ကိုအရှိန်ဖြင့် ရိုက်ချလိုက်သည်၊ ရုတ်တရက်မြေသို့ဝပ်ချပေးလိုက်သဖြင့် ခေါင်းပေါ်မှ သိသိကလေးလွတ်သွားသည်၊ ဆံပင်မွေးများပင် လေဟပ်သွားသည်။

သံလုံးကြီးကအရှိန်ဖြင့်လွန်သွားပြီး နောက်ဘက်မှ အုတ်နံရံကို အရှိန်ဖြင့်သွားထိသည်။

'ဝုန်း'ကနဲမြည်သံနှင့်အတူ အုတ်နံရံကြီးအက်သွားသည်၊ လူကိုသာထိလိုက်လျှင်တော့ စေ့စေ့ညက်ညက်ကျေသွားလောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သံလုံးကြီးကနောက်တစ်ကြိမ်ရိုက်ရန် နောက်ဘက်သို့ ပြန်ဆုတ်သွားသည်၊ ထက်မင်းကျော်စွာက ပြိုကျလာသော အင်္ဂတေအပိုင်းအစများကိုဖယ်ပြီး ဝန်ချီစက်ကြီးဆီသို့ ရောက်နိုင်ရန် ကြိုးစားမှဖြစ်မည်၊ သို့မဟုတ်ပါက ကြာရှည်မလွယ်ကူမှန်း သဘောပေါက်သည်၊ ဝန်ချီစက်နှင့်ဝေးရာ ဘယ်ဘက်ထောင့်သို့ပြေးသည်၊ သံလုံးကြီးက နောက်မှလိုက်လာသည်၊ သံလုံးမည်းမည်းကြီးမှာ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးကြီးတစ်ကောင်ပမာ သူ့နောက်ဘက်မှလိုက်လာသည်။

အနီးသို့ရောက်သည်နှင့် မြေသို့ဝပ်ချပေးလိုက်သည်။

သံလုံးကြီးက ကျောပေါ်မှထွက်သွားသည်။

အရှိန်ဖြင့်နောက်ဘက်မှန်ရံကို သွားရိုက်မိပြီး သံစများ၊ အုတ်ကျိုးများ၊ အင်္ဂတေစများ လွင့်စင်ကျလာသည်။

အဆောက်အအုံပြိုကျသံများကြောင့် ပိတ်ထားသော တံခါးအချို့ပွင့်လာသည်၊ လူအချို့က အော်ဟစ်မေးမြန်းသံကြားရသည်၊ အော်ဟစ်သံများကို ဝန်ချီစက်ပေါ်မှလူက ဂရုမစိုက်ပေ၊ နောက်တစ်ကြိမ်ရိုက်ရန် သံလုံးကြီးကိုနောက်ဘက်သို့ ပြန်ဆုတ်သွားသည်၊ ထက်မင်းကျော်စွာ နေရာမှကျုံးထပြီး အဝေးဆုံးနံရံရှိရာသို့ပြေးသည်၊

သံလုံးကြီးက နောက်ဘက်မှ ချက်ချင်းလိုက်လာသည်၊





သူပြေးနေရင်း အပျက်အစီးပုံတစ်ခုကို ခလုတ်တိုက်ပြီး လဲကျသွားသည်၊ မရှောင်နိုင်ခင်မှာ သံလုံးက သူ့ပခုံးစွန်းကို ပင် စောင့်မိသဖြင့် မြေပေါ်သို့ ဝုန်းကနဲပစ်ကျသွားသည်။

ခဏမျှ သတိလက်လွတ်ဖြစ်သွားသည်။

သံလုံး၏ဝင်ဆောင့်မှုအရှိန်က အတော့်ကိုပြင်းသည်။

ဝန်ချီစက်လှုပ်ရှားမှုကိုကြားရသဖြင့် မော့ကြည့်လိုက်တော့ သံလုံးကြီးက သူ့ရင်ဘတ်ပေါ်မှာ လှုပ်ယမ်းလျက်ရှိသည်။

မကြာမီ ဝေါကနဲပြုတ်ကျလာသည်။

ဘယ်ဘက်သို့အားကုန်ကြိုးစား၍ လှိမ့်ရှောင်လိုက်သည်။

သံလုံးကြီးက မြေပေါ်သို့'ဝုန်း'ကနဲပြုတ်ကျလာသည်။ သိသိကလေးလွတ်သွားသော်လည်း အပျက်အစီးအပိုင်းအစများက သူ့ကိုပင် လာရောက်ထိမှန်သည်။

လက်ထဲမှလူဂါသေနတ်လည်း ကျန်ရစ်ခဲ့ပြီ။

ဝန်ချီစက်သံရပ်သွားပြီး အပေါ်မှစက်မောင်းသမားက စက်ခန်းတံခါးကိုဖွင့်ကာ ဆင်းလာသည်၊ သူ သစ်သားချောင်းတစ်ချောင်းကိုအသာဆွဲယူပြီး ငြိမ်နေလိုက်သည်၊ အသံတိတ်သွားတော့မှ ဝန်ချီစက်ကိုစက်သတ်မထားပဲ မောင်းထားသေးမှန်း သတိပြုမိသည်။

သံလုံးကြီးက မြေပြင်မှခြောက်ပေခန့်အကွာတွင် လှုပ်ယမ်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားက မြေပေါ်သို့ခုန်ဆင်းလာသည်နှင့် ထက်မင်းကျော်စွာက ခြေထောက်ကို သစ်သားချောင်းဖြင့် အားကုန်သိမ်းရိုက်ချသည်။

"ဖြောင်း"

"အား. . ."

ဒူးဆစ်နေရာကို မိမိရရရိုက်မိသွားသောကြောင့် မချိမဆန့်အော်သံနှင့်အတူ မြေပေါ်သို့ ဝုန်းကနဲလဲကျလာသည်။

အရုပ်ဆိုးသော လူထွားကြီးတစ်ယောက်ဖြစ်သည်။

ထက်မင်းကျော်စွာက အချိန်မဆွဲတော့ပဲ ထိုသူ့အပေါ်သို့ ခုန်အုပ်လိုက်သည်၊ နှစ်ယောက်သားလုံးထွေးသွားရင်း သံလုံးကြီးအောက်ရောက်သွားသည်၊ သံလုံးကြီးက ဆယ်လက်မခန့်လျော့ကျလာသည်၊ လုပ်ကြံရေးသမားက သံလုံးကြီးလျော့မကျစေရန်ခလုတ်ပိတ်ထားခဲ့ဟန်မပေါ်ပေ။

သံလုံးအောက်မှ ထက်မင်းကျော်စွာလှိမ့်ထွက်သည်၊ လူထွားကြီးက သူ့မျက်နှာကို လက်သီးဖြင့်လှမ်းထိုးသည်။

ထို့နောက်သူ့အပေါ်မှခွစီးကာ လည်ပင်းကိုညှစ်ရန်ကြိုးစားသည်၊ သူ့လက်ကြီးများက ပြုတ်တူသဖွယ်သန်မာလှသည်၊ အသက်ရှူကျပ်လာပြီး မျက်လုံးများပင်ပြူးလာသည်၊ ထက်မင်းကျော်စွာ အပေါ်မှရန်သူကို အမြန်ဆုံးရှင်းနိုင်မှဖြစ်တော့မည်၊ မဟုတ်လျှင် အပေါ်မှတအိအိဆင်းလာသော သံလုံးကြီးအောက်





...ှာ အသက်ပျောက်တော့မည်၊ လက်ကို ကိုယ်တွင်းသို့သွင်းပြီး ...ရင်ဝကို လက်သီးဖြင့်ဆောင့်ထိုးလိုက်သည်။

'အင့်'ကနဲအော်သံကြားရပြီး လည်ပင်းမှညှစ်ထားသော ...လက်များလျော့ကျသွားသည်၊ ဆတ်ကနဲရုန်း၍ ပေါင်ခြံကို ဒူး...ဆောင့်တိုက်လိုက်သည်။

လည်ပင်းမှ လက်ပြေသွားသည်။

ပေါင်ခြံအတွင်းသို့ နောက်ထပ်ဒူးတစ်ချက်ထပ်... ...သာအခါ လူထွားကြီးမှာ တအိအိဖြင့် ဘေးသို့လိမ့်... ...သည်။

ထိုအချိန်တွင် အပေါ်မှသံလုံးကြီးကလည်း ကျလာသည်၊ ...က်မင်းကျော်စွာလှိမ့်ထွက်လိုက်သည်၊ သံလုံးကြီးက လူထွား...ကြီးကိုယ်ပေါ်သို့ တည့်တည့်ကြီးကျသွားတော့သည်၊ မချိမဆန့်...အော်သံနှင့်အတူ အရိုးကျိုးသံများပင်ကြားလိုက်ရသည်။

ထက်မင်းကျော်စွာ နေရာမှဒယိမ်းဒယိုင်ထရပ်လိုက်...သည်။ ကိုယ်ပေါ်မှ ဖုန်နှင့်အမှိုက်များကို ခါချသည်၊ ထို့နောက် ...မျက်အစိမ်းပုံများနံဘေးတွင်ကျနေသော လူဂါကို ပြန်ကောက်...ပြီး အိတ်ထဲထည့်သည်။

ထိုအချိန်မှာပင် အဆောက်အဦးမှ လူတစ်ချို့ထွက်... ...ပြီ. . .။

လောလောဆယ် ထိုလူများကို အကျိုးအကြောင်းရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



ရန် မဖြစ်နိုင်သေးသောကြောင့် အမှောင်ရိပ်ခိုကာ အပြင်ဘက်သို့ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

အပြင်မှာ မှောင်စပျိုးနေပြီ။

☾ ☾ ☾

အောင်သံ



## အခန်း(၉)

မိုင်းပွန်မြို့၏မြို့ပတ်လမ်းပေါ်၌ တည်ရှိသော'ညဥ့်လွှာရုံ' စားသောက်ဆိုင်မှာ အရက်သေစာသောက်စားသူများ၊ လောင်းကစားပြုသူများ၊ မှောင်ခိုရောင်းဝယ်သူများနှင့် နေ့စဉ်လို စည်ကားနေလေ့ရှိသည်။

ထို့ပြင် ပြည့်တန်ဆာခန်းများလည်းရှိသောကြောင့် အခြားဆိုင်များထက် ပိုမိုလူသိများကာ စည်ကားနေခြင်းဖြစ်သည်။

မိုင်းပွန်သည် နယ်ချဲ့အင်္ဂလိပ်များ၏ အုပ်ချုပ်မှုနှင့်အတွင်းငယ်အလှမ်းဝေးသည်ကတစ်ကြောင်း၊ အနည်းငယ်မျှရှိသော အုပ်ချုပ်ရေးအရာရှိများအား လောင်းကစားဒိုင်များ၊ အရက်ပုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်များ၊ ဇိမ်ခန်းပိုင်ရှင်များက ငွေပေး၍ ခါးပိုက်တွင်းထည့်ထားကာ မကောင်းမှုများကို ထင်တိုင်းပြုလုပ်နေကြခြင်းဖြစ်သည်။

ညဥ့်လွှာရုံသို့ ထက်မင်းကျော်စွာရောက်သွားသောချိန်မှာ ညဦးပိုင်း လူစည်ကားသောအချိန်ဖြစ်သည်၊ အခန်းတွင်းရှိ စားပွဲတိုင်း၊ နေရာတိုင်း၊ ဝိုင်းတိုင်းမှာ စားသောက်သူများဖြင့် ပြည့်နေသောကြောင့် လောင်းကစားဒိုင်များရှိရာအခန်းဘက်သို့ လျှောက်လာခဲ့သည်။

အတွင်းဘက်တွင် ဂျင်ဝိုင်းများ၊ ခြောက်ကောင်ဝိုင်းများ၊ ကိုးမီးဝိုင်း၊ ရှိုးဝိုင်း၊ တွမ်တီဝမ်းဝိုင်းများ၌ ဒိုင်နှင့်ထိုးသားများစည်ကားလျက်ရှိသည်။

ထက်မင်းကျော်စွာသည် ဂျင်ဝိုင်းတစ်ဝိုင်းအနီးသို့ကပ်သွားကာ ဒိုင်၏ဂျင်လှည့်ပုံ၊ ဂျင်သီးလည်ပုံ၊ လက်အယူအဆ၊ ဂျင်ကျသံများကို ဂရုတစိုက်လေ့လာမှတ်သားပြီး စိတ်ထဲမှအဖြေထုတ်ကြည့်သည်။

သုံးကြိမ်လျှင်နှစ်ကြိမ်မျှ တိုက်ဆိုင်မှုရှိကြောင်း တွေ့ရသည်၊ ထို့နောက် အိတ်ထဲမှ ဘားမားစတိတ်စီးကရက်တစ်လိပ်ကို ထုတ်ပြီး အေးအေးဆေးဆေးစောင့်ကြည့်နေသည်။

"ကိုယ်ထိုးမှကိုယ်ရမှာနော်၊ ငွေလိုချင်ရင် ငွေထိုး၊ ရွှေလိုချင်ရင် ရွှေထိုး၊ ငွေထိုးရင် ငွေနဲ့လျော်မယ်၊ ရွှေထိုးရင် ရွှေနဲ့လျော်တဲ့ဒိုင်နော်၊ လိမ်တာမပါဘူး၊ ညာတာမဟုတ်ဘူး၊ ကံကို





ပုံရင် ထိုးကြ ထိုးကြ"

ဒိုင်လုပ်သူက အာပေါင်အာရင်းသန်သန်ဖြင့် အော်နေသည်၊ ထို့ပြင် သူ၏နံဘေးမှ အလျော်အစားပြုလုပ်ပေးသူကလည်း ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို တချွင်ချွင်မြည်အောင် လှုပ်ယမ်းပြနေရာ ဘေးမှဝိုင်းကြည့်နေသော ပရိတ်သတ်များက မိမိနှစ်သက်သောအကွက်များပေါ် သို့ ငွေများ၊ ရွှေဒင်္ဂါးများကို ချထိုးကြလေသည်။

"ဟိုနောင်ကြီး ထိုးလေဗျာ၊ ဘာတွေစဉ်းစားနေတာလဲ၊ စဉ်းစားနေလို့ ဟင်းစားမရဘူး၊ ကိုယ်ထိုးမှ ကိုယ်ရမှာ၊ စဉ်းစားတာ ကြန့်ရင် ထမင်းစားဖို့ကျန်မယ်၊ ထိုး. . ထိုး. ."

ဒိုင်က ပြောပြောဆိုဆိုနှင့် ဂျင်သီးကိုလှည့်သည်။

ဂျင်သီးလေးက ကြွေပန်းကန်ပေါ် တွင် မွတ်နေအောင် လည်နေသည်၊ ဒိုင်က ဂျင်ကိုပန်းကန်ဖြင့်အုပ်လိုက်သည်။

ထက်မင်းကျော်စွာက ဂျင်လှည့်ပုံ၊ လည်ပုံ၊ ဂျင်ကျသံများကို သေချာစွာအကဲခတ်မှတ်သားပြီး အိတ်အတွင်းမှ ရွှေဒင်္ဂါးငါးပြားကိုထုတ်ကာ 'ဝက်'အကွက်ပေါ် တင်ထိုးလိုက်သည်။

ဝက်အကွက်ပေါ် တွင် သူမှလွဲ၍ ထိုးမည့်သူမရှိပေ။

ဒိုင်က သူ့မျက်နှာကို ကွက်ကနဲတစ်ချက်မော့ကြည့်လေသည်၊ ထက်မင်းကျော်စွာက စီးကရက်ကိုဖွာရင်း အေးအေးဆေးဆေးပင် စောင့်ကြည့်နေလိုက်သည်။

"ကဲ. . ပြီးကြပြီလား၊ ပြီးရင်လက်ရှောင်ကြ၊ ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဖွင့်မယ်”

ဒိုင်က အုပ်ထားသောပန်းကန်ကို ဖွင့်လိုက်သည်။

“ဟာ. .”

“ဟင်. .”

စက်ရုပ်ပေါ် လာသောကြောင့် ထက်မင်းကျော်စွာ အလျော်ရလိုက်သည်၊ ဒိုင်က ရွှေဒင်္ဂါးပြားများနှင့်ပင် အလျော်ပေးလိုက်သည်။

နောက်အကြိမ်များတွင်လည်း သူထိုးတာမှန်ကန်သဖြင့် အလျော်ရပြန်လေသည်။

ဤသို့ဖြင့် ဒိုင်ထံမှာရှိသော ရွှေဒင်္ဂါးများ ထက်မင်းကျော်စွာထံ အကုန်ရောက်လာတော့သည်၊ သူ့ရှေ့တွင် ရွှေဒင်္ဂါးများ တစ်ပုံကြီးဖြစ်နေတော့သည်၊ ကျန်ထိုးသားများကပင် ထက်မင်းကျော်စွာကို အားကျနေကြသည်။

“ဒီကနောင်ကြီးရဲ့ စိတ်ကူးကတော့မှန်မှမှန်ပဲဗျို့၊ ကျုပ်တို့ကတော့ ညတိုင်းလာထိုးတာပါပဲ၊ အဲဒီလိုမျိုး တစ်ခါမှ နိုင်တာမရှိခဲ့ဖူးပါဘူးဗျာ၊ နေ့တိုင်း ဒိုင်ကချည်း စားသွားတာချည်းပါပဲ၊ ရသမျှ သူတို့ချည်းလုပ်ကျွေးနေရတာပဲ၊ ခင်ဗျားနဲ့ကျမှ ဒိုင်ကျွတ်တော့တာဗျို့”

ဘေးမှလူများက အားပါးတရပြောနေကြသည်။

ဒိုင်လုပ်သူကလည်း မျက်စေ့မျက်နှာမကောင်းစွာဖြင့်. .၊





“ကဲ. . ကဲ ဒီညတော့ ကျုပ်တို့ကံမကောင်းပါဘူး၊ ပါလာတဲ့ရွှေနဲ့ငွေတွေလည်း ကုန်သွားလို့ ဒိုင်ပိတ်ပါပြီ၊ မနက်ဖြန်မှပဲ ပြန်ဖွင့်ပါတော့မယ်”

ဟုပြောကာ ဒိုင်ပိတ်သွားတော့သည်။

ဘေးမှထိုးသားများရော၊ ရပ်ကြည့်နေသူများပါ အလျှိုလျှိုထွက်သွားကြလေရာ ခဏကြာသောအခါ စားပွဲပေါ်တွင် ရွှေဒင်္ဂါးများနှင့် ထက်မင်းကျော်စွာသာ ကျန်ခဲ့တော့သည်။

ထိုအချိန်တွင် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးဖြူဖြူနှင့် လူကြီးတစ်ယောက် သူ့နံဘေးရောက်လာသည်။

“ဦး ဟိုဘက်ဝိုင်းကကြည့်နေတာ. . မောင်ရဲ့၊ ဒီညလာဘ်ကောင်းပုံကတော့ အံ့စရာပဲဟေ့၊ ရော့ရော့ ဒီမှာအိတ်၊ ရွှေဒင်္ဂါးတွေကို အဲဒီထဲကိုထည့်၊ မင်းဟာ လူမြင်လို့မကောင်းဘူး”

ဟုဆိုကာ အိတ်တစ်လုံးလာပေးသဖြင့် ရွှေဒင်္ဂါးများကို အိတ်ထဲသို့ကျုံးထည့်လိုက်သည်။

“ခုနက ခွက်မှောက်ခွက်လှန်ဖြစ်သွားတဲ့ ဒိုင်တွေက ဒီမှာလာပြီး ကျက်စားနေတာကြာပြီ၊ မောင်ရင်နဲ့တွေ့မှ လက်မြှောက်အရှုံးပေးရတာ၊ ဒီမှာတော့ သူတို့ကိုကျော်နိုင်တဲ့သူမရှိသေးဘူးဗျ”

“ကျေးဇူးပဲအဘ၊ ကျွန်တော့်ကို အခုလိုအကူအညီပေးတဲ့အတွက် အဘကို ဒီညကျွန်တော် ဒကာခံပါရစေ”

“ကောင်းတာပေါ့ကွယ်၊ ဒီညအရက်တိုက်မယ့်သူမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ခုထိမသောက်ရသေးဘူး"

ထို့နောက် နှစ်ယောက်သားအခန်းထောင့်ရှိ စားပွဲတစ်လုံးတွင်ထိုင်ကာ အရက်နှင့်စားသောက်ဖွယ်ရာများမှာ၍ စားကြသောက်ကြသည်။

"ကျုပ်နာမည်က ဦးချမ်းသာလို့ခေါ်တယ်၊ နာမည်ချမ်းသာပြီး လူမချမ်းသာတဲ့လူတစ်ယောက်ပေါ့ကွယ်၊ ဒါထက် မောင်ရင်က ဧည့်သည်လား၊ နာမည်ရော ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ကျော်စွာပါ၊ အောက်အရပ်ဘက်က လာခဲ့တာပါ။ ဒီမှာ အရောင်းအဝယ်ကောင်းတယ်လို့ သတင်းကြားလို့လာတာပါ အဘ"

"အင်း ဒီမှာတော့ စီးပွားရေးက လုပ်တတ်ရင်အများကြီးရှိပါတယ်၊ ကျုပ်အမြင်ပြောရရင်တော့ မောင်ရင်က တခြားစီးပွားရေးလုပ်တာထက် လောင်းကစားလုပ်ရင် ပိုပြီးအကျိုးများနိုင်တယ်၊ မင်းက လောင်းကစားလာဘ်ရှိပုံရတယ်"

ဟုပြောလေသည်။

"ကျွန်တော်က အခုလိုနည်းနည်းပါးပါး မကစားချင်ဘူး အဘရဲ့"

ဦးချမ်းသာက အရက်မော့သောက်နေရင်း တအံ့တဩဖြစ်သွားဟန်ရှိသည်။

"မောင်က ဘယ်လောက်များများကစားချင်လို့လဲ"





"အလောင်းအစားတစ်မျိုးကို တစ်ကြိမ်ပဲလုပ်ချင်တယ်၊ ဒဲဒီလိုလုပ်တဲ့အခါမှာလည်း ကြေးမရှောင် အလျော်အစားလုပ်နိုင်တာမျိုးဖြစ်ရမယ်"

"အာ ရှိတာပေါ့ မောင်ရာ၊ သိပ်ပြီးရှိတာပေါ့"

"ဘယ်လိုလောင်းကစားမျိုးလဲ"

"ဒီမှာ မောင်ရင်ကိုကျုပ်ပြောပြမယ်၊ ဒီမြို့မှာ ဟော်နန်းကုန်းအိမ်ကြီးတစ်လုံးရှိတယ်၊ အဲဒီမှာ တစ်ညအိပ်ရုံနဲ့မောင်ရင်ကြိုက်တဲ့ လောင်းကြေးလောင်းနိုင်တယ်"

"ဘယ်သူတွေက လောင်းတာလဲ"

"ဒီမှာ လောင်းကြေးဒိုင်တွေရှိတယ်လေ၊ မောင်ရင်လောင်းချင်ရင် ကျုပ်ဆက်ပေးပါ့မယ်"

"သိပ်ကောင်းတာပေါ့ အဘရာ"

"ဒါပေမယ့် မောင်ရင်က ကျုပ်အပေါ်မှာ ကျေးဇူးရှိနေလေတော့ ပြောသင့်တာလေးတွေတော့ ပြောရဦးမယ်"

ဦးချမ်းသာက အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေသည်၊ သူ့ကိုကြည့်ရသည်မှာ အရက်ကိုတစ်ခွက်ပြီးတစ်ခွက်သောက်နေသည့်တိုင် မူးလာသည့် လက္ခဏာမျိုးမတွေ့ရသဖြင့် ထက်မင်းကျော်စွာ အံ့ဩနေမိသည်။

"လောင်းကြေးထပ်ပြီး ကစားတဲ့အရာတိုင်းကတော့ ပွယ်လင့်တကူရတာမျိုးဘယ်ရှိပါ့မလဲ၊ ဒီမှာ မြမြ[illegible]ထား၊



www.burmeseclassic.com

www.burmeseclassic.com



လောင်းတယ်ဆိုတာ ဒီနေ့နေပူမပူ၊ မိုးရွာမရွာ လောင်းတာမျိုး မဟုတ်ဘူး၊ ဒိုင်ဖွင့်ပြီဆိုကတည်းက ဒိုင်ဘက်ကနှာတစ်ဖျားသာတဲ့ အကွက်တစ်ကွက်တော့အမြဲရှိတယ်၊ အဲဒီလိုနိုင်ကွက်မရှိပဲနဲ့လည်း ဒိုင်မဖွင့်ဘူး၊ သူနဲ့ကိုယ်နဲ့ ကံတိုက်ကစားကြရင်တောင် ဒိုင်ဘက်က အကောက်စားရတယ်၊ ဒါကြောင့် လောင်းကစားလုပ်တယ်ဆိုတာ ထိုးတဲ့သူဘက်က စကတည်းက အကောက်ရှုံးနေပြီးသား၊ ဒါကို အတော်များများသတိမပြုမိပါဘူး၊ ဒီလို သတိမပြုမိအောင်လည်း လောဘဆိုတဲ့စိတ်က ဖုံးထားတာကိုး မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဦးချမ်းသာ"

"ဒါကိုသက်သေပြရင် လောင်းကစားလုပ်တဲ့သူ ဘယ်သူများချမ်းသာတာကို တွေ့ဖူးလဲ၊ ကြီးပွားချမ်းသာသွားတာက ဒိုင်တွေပဲ၊ တကယ်တွေးကြည့်ရင် လောင်းကစားဆိုတာ အစမလုပ်တာအကောင်းဆုံးပဲ"

"ကျွန်တော် ဒီနေ့နိုင်တာမျိုးကရော ဘယ်လိုပြောမလဲ"

"ဒါ မင်းကို လောင်းကစားမျှော်သွင်ပေးလိုက်တာ၊ အပြင်ကငွေက မင်းအိတ်ထဲမှာ ငွေဘယ်လောက်ရှိသလဲဆိုတာ လာကြည့်တာ၊ မယုံရင် မင်းရွှေဒင်္ဂါးထည့်ထားတဲ့အိတ်ကို ပုတ်ကြည့်ပါလား၊ တချွင်ချွင်နဲ့ ကြားရလိမ့်မယ်၊ အဲဒါ တခြားတော့ မထင်နဲ့၊ အပြင်ကရောက်လာတဲ့ငွေတွေက အထဲကငွေတွေကို အပြင်





ပါ့လိုက်ခဲ့ဖို့ ဖြားယောင်းသွေးဆောင်နေတဲ့ အသံတွေပဲ"

"အလွန်ကောင်းတဲ့ ဒဿနပဲဗျို့၊ ဒီအတွက် ဦးချမ်းသာ ရက်သောက်ချင်သေးတယ်ဆိုရင် ထပ်မှာဦး"

"ရပြီ၊ ရပြီ ဒီလောက်ဆိုရင် ရပြီ၊ တစ်ခါတစ်လေရတဲ့ အခွင့်အရေးကို စိတ်ရှိလက်ရှိအသုံးချလိုက်ရင် နောက်ရက်တွေကျရင် အကျင့်ပါသွားလိမ့်မယ်၊ အဲဒီကျမှ ဒကာမတွေ့ရင် ခက်လိမ့်မယ်"

နှစ်ယောက်သားစားကြသောက်ကြရင်းဖြင့် စကားရပ်သွားသည်။

အတန်ကြာသောအခါမှ ထက်မင်းကျော်စွာက. . .၊

"အဘပြောတဲ့ ဟော်နန်းကုန်းအိမ်ကြီးအကြောင်း ပြောပါဦး"

"အဲဒီအိမ်ကြီးက ရှေးတုန်းကစော်ဘွားတွေနေကြတယ်၊ ဒါပေမယ့် စော်ဘွားကြီးတွေဟာ တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြတာနဲ့ နောက်တော့ ဘယ်သူမှမနေဝံ့တော့ပဲ ပိတ်ထားရတယ်၊ အခုတော့ အဲဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်း တစ်ညအိပ်ဝံ့ရင်ဆိုပြီး လောင်းကြေးတွေလောင်းကြတယ်၊ လောင်းကြေးကတော့ အကန့်အသတ်မရှိဘူး၊ ကြိုက်သလောက် လောင်းကြေးထွက်လို့ရတယ်၊ ရွှေဆိုရင်ရွှေ၊ ငွေဆိုရင်ငွေ"

"အင်း လောင်းကြေးကတော့ မက်လောက်စရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သွားအိပ်တဲ့သူတိုင်း သေတာပဲ"

"ဘယ်လိုသေကြတာလဲ"

"ဘယ်လိုသေတာလဲတော့ ငါလည်းမသိဘူး၊ ဒီလို ညဘက်မှာ လောင်းကြေးထပ်ပြီးရင် နောက်တစ်ရက်မှာ မိုင်းပွန်သချိုင်းကို အလောင်းတစ်လောင်းရောက်သွားတာတော့ သိတယ်၊ အခုတော့ ဘယ်သူမှ သိပ်မအိပ်ဝံ့ကြတော့ပါဘူး"

"ဘယ်လိုသေကြတာလဲ၊ လူသတ်ခံရလို့သေတာလား"

"မဟုတ်ဘူး၊ သူ့အလိုလိုသေတာပဲ"

"အကြောင်းတစ်ခုခုတော့ ရှိချင်ရှိမှာပေါ့၊ ဒါပေမယ့် ကျွန်တော်က အဲဒီလို စွန့်စွန့်စားစားလောင်းရတာမျိုးကို သိပ်ပြီး စိတ်ဝင်စားတယ်"

"ဒါပေမယ့် အသက်နဲ့ရင်းရမယ့်အလုပ်ဆိုတာလည်း စဉ်းစားဦးလေ ဇည့်သည်လေး"

"ကျွန်တော်တော့ ဟော်နန်းကုန်းအိမ်ကြီးထဲမှာ တစ်ယောက်တည်းသွားအိပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဦးချမ်းသာရေ"

"ဒါကတော့ မောင်ရင့်သဘောပါပဲ"

"ဦးချမ်းသာက ကျွန်တော့်ကို အဲဒီလောင်းကြေးဒိုင်တွေနဲ့ အဆက်အသွယ်လုပ်ပေး၊ သူတို့နဲ့ ဘယ်တော့တွေ့ရမလဲ ဦးချမ်းသာ"

"သိပ်လည်း စိတ်မလောပါနဲ့လေ၊ ဧည့်သည်လေး တကယ်





ပ်အားထက်သန်နေတယ်ဆိုရင် မနက်ဖြန်ည အစီအစဉ်ဖြစ်အောင် ကျုပ်ဒိုင်တွေနဲ့ချိန်းပေးပါ့မယ်"

"ကောင်းပြီ၊ ကျွန်တော်က ဘယ်နေရာကို ဘယ်အချိန်လာခဲ့ရမလဲ"

"မနက်ဖြန်ည ဒီညဉ့်လွှာရုံကိုပဲလာခဲ့၊ ကျုပ်က ကြားထဲကဆက်သွယ်ပေးရတဲ့ပွဲစားဆိုတော့ တကယ်လို့မောင်ရင်အနိုင်ရရင် ကျုပ်အတွက်တစ်ဝိုင်းပေးရမယ်နော်"

"ရတယ်၊ ရတယ် ဦးချမ်းသာအတွက် တစ်ဝိုင်းကျွေးရုံကဘူး၊ သုံးဖို့စွဲဖို့ပါ ပေးဦးမှာ၊ ကိုင်း ဒီညတော့ ကျွန်တော်ပြန်ဦးမယ်"

ထက်မင်းကျော်စွာက အိတ်အတွင်းမှ ရွှေဒင်္ဂါးသုံးပြားထုတ်ပြီး ဦးချမ်းသာရှေ့သို့ချပေးခဲ့ပြီးနောက် အပြင်သို့ထွက်ခဲ့သည်၊ လမိုက်ရက်ဖြစ်သောကြောင့် အပြင်ဘက်တွင် မှောင်နေသော်လည်း သူ့အတွက် ဘယ်လိုအန္တရာယ်အနှောင့်အယှက်မျိုးမှ မတွေ့ရပေ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

သူသင်္ချိုင်းအတွင်းသို့ဝင်သွားတော့ သင်္ချိုင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ဇရပ်ပေါ်တွင် ဦးဗန်ကောင်း တစ်ယောက်တည်းထိုင်နေသည်ကို လှမ်းမြင်ရသည်၊ သူဇရပ်အနီးရောက်သွားတော့ ဦးဗန်ကောင်းက လှမ်းမေးသည်။

"ညို့သည်လေးထင်တယ်၊ မနက်စောစောကြီး ရောက်လာပုံထောက်တော့ ကိစ္စတစ်ခုအရေးကြီးလာပြီထင်တယ်"

"ဟုတ်ပါတယ်အဘ၊ ဒါထက် ဆည်းဆာရော ဘယ်သွားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စားဖို့သောက်ဖို့ ထွက်ရှာနေတယ်ထင်တယ်၊ ကဲ ထိုင်ပါဦး၊ ဘယ်လိုကိစ္စများအရေးကြီးလာလို့လဲ"

ထက်မင်းကျော်စွာက ဦးဇန်ကောင်းအနီးတွင် ဝင်ထိုင်ပြီး ဟော်နန်းကုန်းအိမ်ကြီးတွင် အလောင်းအစားပြုလုပ်၍ တစ်ည အိပ်ရန် စီစဉ်ထားကြောင်း ပြောပြလိုက်သည်။

ထက်မင်းကျော်စွာ ပြောသမျှကိုနားထောင်နေပြီး ဦးဇန်ကောင်းက အတန်ကြာအောင်စဉ်းစားနေသည်။

"အိပ်တော့လည်း အိပ်တာပေါ့ကွယ်၊ ဒါပေမယ့် ကျုပ်အခုစဉ်းစားနေတာက ပန်းချီကားတွေရဲ့အကြောင်းပဲ၊ ကျုပ်မျက်လုံးမကွယ်ခင်က ပန်းချီနဲ့ပတ်သက်ပြီး အတော့်ကို နှံ့နှံ့စပ်စပ်လေ့လာဖူးတယ်၊ ကမ္ဘာကျော်တဲ့ပန်းချီကားတွေမှန်သမျှ တစ်ချပ်ခြင်းမှာ လျှို့ဝှက်ချက်တစ်ခုစီရှိကြတယ်၊ အဲဒါဘာလဲဆိုတော့ အတွင်းစိတ်ဆိုတဲ့ အဇ္ဈတ္တသဏ္ဍာန်ကို အနုပညာနဲ့ပေါင်းစပ်ထားတဲ့ လျှို့ဝှက်ချက်ပဲ၊ အဲဒါမပါရင် ပန်းချီကားလို့မခေါ်သင့်ဘူး၊ အရုပ်ရေးထားတဲ့ကားလို့ပဲ ခေါ်သင့်တာပေါ့၊ ဥပမာ မိုနာလီဇာပန်းချီကားရဲ့လျှို့ဝှက်ချက်က အမျိုးသမီးရဲ့အတွင်းစိတ်ခံစားချက်ကိုဖော်ပြနေတဲ့ သူ့မျက်လုံးနဲ့နှုတ်ခမ်းပဲ"

"ကျွန်တော်ကတော့ ပန်းချီပညာကိုမသင်ဖူးတော့၊ အဲဒါတွေ သိပ်မသိပါဘူး အဘ"

"ဒါပေမယ့် တိုက်ဆိုင်မှုရှိလာရင် သိနိုင်အောင်၊ အသုံးချနိုင်အောင် လေ့လာထားသင့်တာပေါ့၊ တို့မြန်မာနိုင်ငံမှာလည်း အဲဒီလို ဂန္ထဝင်မြောက်တဲ့ ပန်းချီကားတွေရှိတယ်၊ ဥပမာ ဆရာကြီးဦးဘဉာဏ်ရဲ့ လူဝကြီးဆိုတဲ့ပန်းချီကားနဲ့ ပျားစွဲသောမုတ်ဆိတ်ဆိုတဲ့ပန်းချီကားတွေမှာ အဲဒီလျှို့ဝှက်ချက်တွေပါတယ်၊ နောက်ပန်းချီကားတစ်ချပ်လည်းရှိသေးတယ်"

"အဲဒီပန်းချီကားက ဘယ်မှာရှိတာလဲ အဘ"

"မင်းအခုတစ်ညသွားအိပ်မယ့် ဟော်နန်းကုန်းအိမ်ကြီးထဲမှာရှိတယ်၊ ပန်းချီကားရဲ့နာမည်က 'လူသတ်သမား'တဲ့၊ ညို့သည်လေးရောက်တော့ တွေ့ပါလိမ့်မယ်"

"ဟင်. . ."

"အဲဒီပန်းချီကားကိုတွေ့ရင် ညို့သည်လေးက အဲဒီပန်းချီကားရဲ့လျှို့ဝှက်ချက်ကို မြင်အောင်ထိုင်ကြည့်လေ ညို့သည်လေးအတွက် အကျိုးရှိလေပဲ၊ တို့မြန်မာရာဇဝင်တစ်ခုရှိတယ်၊ ညို့သည်လေးလည်း ကြားဖူးမှာပေါ့၊ နဂါးနိုင်မင်း 'မောင်ပေါက်ကျိုင်း' ရာဇဝင်ထဲကလေ၊ နေပါဦး. . အဲဒီရာဇဝင်ထဲက စကားတစ်ခုပါတယ်၊ "မအိပ်မနေ အသက်ရှည်"ဆိုတဲ့စကားလေ၊ အဲဒီစကားပုံအတိုင်း အိပ်နေမယ့်အစား ပန်းချီကားကိုထိုင်ကြည့်ပြီး လျှို့ဝှက်ချက်ကိုရှာနိုင်လေ ညို့သည်လေးအတွက် အကျိုးရှိလေပဲ"

ထိုအချိန်တွင် ဆည်းဆာအပြင်မှပြန်ရောက်လာသဖြင့်





www.burmeseclassic.com

www.burmeseclassic.com



ညက လောင်းကြေးနိုင်လာခဲ့သော ရွှေဒင်္ဂါးအချို့ကို ဆည်းဆာတို့မြေးအဘိုးကိုပေးခဲ့ပြီး သင်္ချိုင်းအတွင်းမှ ပြန်ထွက်လာခဲ့သည်။

ချိန်းထားသည့်အတိုင်း ညဦးပိုင်းအချိန်ရောက်သောအခါ ညဥ့်လွှာရုံစားသောက်ဆိုင်သို့ထွက်ခဲ့သည်။

စားသောက်ခန်းမထဲတွင် ဦးချမ်းသာနှင့်လူသုံးယောက်တို့အား စားပွဲတစ်လုံးတွင်တွေ့ရသဖြင့် ထိုစားပွဲသို့ လျှောက်သွားလိုက်သည်။

"ဩော် ရောက်လာပြီလား. . လာထိုင်"

ဦးချမ်းသာက လောင်းကြေးဒိုင်များနှင့် သူ့ကိုမိတ်ဆက်ပေးသည်၊ လူသုံးယောက်ထဲ၌ မနေ့ညက ဂျင်ဝိုင်းတွင်တွေ့ခဲ့ရသော လူတစ်ယောက်ကိုသတိပြုမိသည်။

"ဟော်နန်းကုန်းအိမ်ကြီးမှာ ဒီညအိပ်မှာ ခင်ဗျားလား"

"ဟုတ်တယ်၊ လောင်းကြေးကဘယ်လိုလဲ"

"လောင်းကြေးက ငါးဆတစ်ဆပါ၊ ခင်ဗျားက ရွှေဒင်္ဂါးထပ်ရင် ကျုပ်တို့က ငါးပြားထပ်ပေးတယ်၊ ရွှေဆိုရင်ရွှေထပ်တယ်၊ ငွေဆိုရင်ငွေထပ်ပါတယ်၊ ကြေးကတော့ ကြိုက်သလောက်ထပ်နိုင်ပါတယ်"

"လောင်းကြေးကိုတော့ကြိုက်ပါတယ်"

"ခင်ဗျားတကယ် အိပ်မှာလား"

"တကယ်အိပ်မှာပေါ့၊ တစ်ရေးတစ်မောအိပ်ရုံနဲ့ ရွှေဒင်္ဂါး





တွေရမှာဆိုတော့ သူ့ထက်ကောင်းတဲ့အလုပ်မျိုးတောင် သူ့လောက်ကောင်းမှာမဟုတ်ဘူး"

"လောင်းကြေးကဘယ်လောက်ထပ်မှာလဲ"

"ကျုပ် မနေ့က ဂျင်ဝိုင်းမှာနိုင်ခဲ့တာတွေရော၊ ပါလာတဲ့ ရွှေတွေ၊ ငွေတွေပါ အကုန်ထပ်မှာ၊ ကျုပ်ရှုံးရင်ပြန်ဖို့ ခရီးစားရိတ်နည်းနည်းပဲချန်မှာ"

"ခရီးစားရိတ်လိုမယ်မထင်ပါဘူး"

ခေါင်းဆောင်လုပ်သူက အဓိပ္ပာယ်တစ်မျိုးဖြင့် ပြုံးစိစိပြောသည်။

"ဒီလိုဆိုရင်လည်း စာချုပ်ကလေးဘာလေးချုပ်ပြီး လောင်းကြေးထပ်ကြတော့လေ၊ ဒါမှ ကျုပ်တို့က စားရသောက်ရမှာ"

ဦးချမ်းသာက ဝင်ပြောလိုက်သည်။

လောင်းကြေးဒိုင်က အသင့်ရေးထားဟန်ရှိသော အခွန်တံဆိပ်ခေါင်းကပ်ထားသည့် ရေစွလီစာချုပ်တစ်ရွက်ကို ကမ်းပေးသည်။

စာချုပ်ထဲတွင် ရေးထားသောအကြောင်းအရာမှာ. . .

မိမိသဘောဆန္ဒအရလောင်းကြေးထပ်တာဖြစ်ပြီး အကယ်၍ အကြောင်းတစ်စုံတစ်ရာပေါ်လာပါက မိမိတာဝန်သာဖြစ်ကြောင်းနှင့် လိုရင်းကတော့ ကိုယ်ဖြစ်လျှင်ကိုယ်ခံဟူသောအဓိပ္ပာယ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကျော်စွာက ခေါင်းညိတ်ပြလိုက်သောအခါ လူတစ်ယောက်က ပတ်ကားဖောင်တိန်တစ်လက်ကို အဖုံးဖွင့်ပြီး လှမ်းပေးလိုက်သည်၊ သူက လှမ်းယူပြီးနောက် စာချုပ်အောက်ဖက်တစ်နေရာတွင် လက်မှတ်ထိုးပေးလိုက်သည်။

"လောင်းကြေးကဘယ်လောက်ထပ်မှာလဲ"

ထက်မင်းကျော်စွာက အိတ်ဖြင့်ထည့်ယူလာသော ရွှေဒင်္ဂါးများကို စားပွဲပေါ် သို့သွန်ချလိုက်သည်။

ရေကြည့်တော့ ရွှေဒင်္ဂါးငါးဆယ်ကျော်ရှိသဖြင့် ၎င်းအရေအတွက်ကို ငါးဆထပ်ဆောင်းကာ ဒိုင်များဘက်မှ ရွှေဒင်္ဂါးထည့်ကြသည်၊ ပြီးလျှင် အိတ်တစ်လုံးဖြင့်ထည့်ကာ ထိပ်မှပိတ်ပြီး စားပွဲပေါ် တင်ထားလိုက်သည်။

"ဒီရွှေဒင်္ဂါးတွေက ဘယ်သူ့ဆီအပ်ထားမှာလဲ"

ထက်မင်းကျော်စွာက မေးသည်။

"ဘယ်သူ့ဆီမှာမှ အပ်ထားစရာမလိုပါဘူး၊ မောင်ရင်အိပ်မယ့် အိပ်ခန်းထဲကို တစ်ခါတည်း ယူသွားရုံပါပဲ၊ ပြိုင်ပွဲစည်းကမ်းအရ မောင်ရင်အခန်းထဲဝင်သွားတာနဲ့ အပြင်ဘက်က အခန်းတံခါးကို သော့ခတ်ထားခဲ့ရပါမယ်၊ နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာ အသိသက်သေတွေခေါ်ပြီး ကျုပ်တို့တံခါးလာဖွင့်တဲ့အချိန်မှာ ဘာမှမဖြစ်ဘူးဆိုရင်တော့ ရွှေဒင်္ဂါးအိတ်ကိုယူပြီး ပြန်သွားရုံပါပဲ၊ တကယ်လို့ တစ်ခုခုဖြစ်ခဲ့ရင်တော့. . ."





ခေါင်းဆောင်လုပ်သူက ထက်မင်းကျော်စွာကို ပြုံးစေ့စေ့ကြည့်ရင်း စကားကိုရပ်ပစ်လိုက်သည်။

"တစ်ခုခုဖြစ်တော့လည်း ရွှေဒင်္ဂါးထုပ်ကို ခင်ဗျားတို့ယူပြီး ကျုပ်ကို မိုင်းပွန်သင်္ချိုင်းကိုပို့ပေးလိုက်ကြပေါ့ဗျာ၊ ဒါပဲမဟုတ်လား"

ဒိုင်များက ရယ်နေကြသည်။

ထက်မင်းကျော်စွာက လက်မှနာရီကိုကြည့်လိုက်တော့ ညကိုးနာရီကျော်နေပြီ။

"ဒါဆိုရင် ကျုပ်သွားတော့မယ်၊ အိပ်ချင်လှပြီ"

"နေပါဦး၊ သိပ်ဆန္ဒမစောပါနဲ့၊ ညဆယ့်နှစ်နာရီတိတိမှာမှ အခန်းတံခါးပိတ်မှာဆိုတော့ အချိန်ရပါသေးတယ်၊ ဒီည ဖြစ်ဖြစ်မြောက်မြောက်လောင်းကြေးတစ်ပွဲအောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ ကျုပ်တို့ကတစ်ဝိုင်းကျွေးမွေးဧည့်ခံပေးရမှာပါ၊ သောက်စားပြီးမှ သွားကြတာပေါ့"

ဒိုင်လုပ်သူက အလုပ်သမားများကိုခေါ်ပြီး အရက်မျိုးစုံနှင့်စားသောက်စရာများ မှာကြားလိုက်သည်။

"မောင်ရင်က ဒီနယ်ကဟုတ်ဟန်မတူဘူး၊ ဧည့်သည်ထင်တယ်၊ လောင်းကစားလာဘ်ရှိပုံရတယ်၊ ညက ဂျင်ဝိုင်းမှာ ကျုပ်တို့အဖွဲ့ကို ဒိုင်ပိတ်အောင်ဆော်သွားနိုင်တဲ့အရည်အချင်းကတော့ မသေးလှဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းလို့ပါ"

"ဒီညလည်း ဆက်ပြီးကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

မကြာမီ မှာကြားထားသောစားသောက်ဖွယ်ရာများ ရောက်လာသဖြင့် စားကြသောက်ကြသည်၊ အရက်များမှာ သီးသန့်မှာထားသောအရက်များ ဖြစ်ဟန်တူသည်၊ အကောင်းစားအရက်များဖြစ်သည်၊ ဒိုင်လုပ်သူက အရက်တစ်ခွက်ကို ကိုယ်တိုင်ငှဲ့ပြီး ကမ်းပေးသဖြင့် လှမ်းယူပြီးသောက်ကြည့်သည်၊ အရက်မှာ စကော့ဝီစကီအမျိုးအစားဖြစ်သော်လည်း အနံ့နှင့်အရသာမှာ တစ်မျိုးဖြစ်နေသည်ဟု ထင်လိုက်မိသည်။

နောက်ထပ်တစ်ခွက်ထည့်ပေးသောအခါ. . .၊

"တော်ပါပြီ၊ ကျုပ်က သိပ်များများသောက်လို့မရဘူး၊ အခုတောင် အတော်ရေချိန်ကကက်နေပြီ၊ ကျုပ်အိပ်ချင်လာပြီ၊ သွားကြစို့ရဲ့"

ထက်မင်းကျော်စွာအမူအယာကိုကြည့်ပြီး ပြုံးလိုက်ကြသည်။

"သွားကြတာပေါ့၊ ဟော်နန်းကြီးရဲ့သော့တွေက တစ်ယောက်ဆီမှာ အပ်ထားတာဆိုတော့ သူ့ဆီဝင်ကြရဦးမှာ"

ထိုသို့ဆိုကာ ဝိုင်းသိမ်းလိုက်ကြပြီးနောက် စားသောက်ဆိုင်ရှေ့တွင် အသင့်စောင့်ဆိုင်းနေကြသော လံချားနှစ်စီးကိုခေါ်





ကာ ထွက်လာခဲ့ကြသည်။

လမ်းခုလတ်တစ်နေရာရောက်သောအခါ ခြံကျယ်ကြီးတစ်ခုရှေ့တွင် ဒိုင်ဖြစ်သူက လန်ချားကိုရပ်ကာ ထိုခြံကြီးအတွင်းသို့ ဝင်သွားလေသည်။

မကြာမီ လူကြီးတစ်ဦးနှင့်ပြန်ထွက်လာသည်။

သူနှင့်ပါလာသောလူကြီးမှာ အခြားမဟုတ်ပေ၊ မနေ့ဂဟိဒ္ဒိစာတ်ခန်းမှ အကြားအမြင်ဟောသော ဘိုးမင်းဖြူပင် ဖြစ်တော့သည်၊ ဘိုးမင်းဖြူကိုတွေ့လိုက်ရသောအခါ ထက်မင်းကျော်စွာ အံ့သြခြင်းမဖြစ်မိပေ။

ဘိုးမင်းဖြူကလည်း သူ့ကိုမြင်တော့ မှတ်မိဟန်ရှိသည်။

"ဒီည လောင်းကြေးထပ်ပြီး ဟော်နန်းမှာအိပ်မှာ မောင်ရင်လေးလား"

"ဟုတ်ပါတယ် အဘ"

"ဧည့်သည်ထင်တယ်"

"ဟုတ်ကဲ့"

"ဒီနယ်ကို တစ်ခါမှမရောက်ဖူးဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပထမဆုံးအကြိမ်ရောက်ဖူးတာပါ"

"ဒါကြောင့်ကိုး. . ."

ဟု မှတ်ချက်ချကာ ချလံတစ်စီးပေါ် သို့တက်ပြီးနောက် ဆက်၍ ထွက်လာခဲ့ကြသည်၊ မကြာမီ ဟော်နန်းကုန်းအိမ်ကြီး ရှေ့သို့ ရောက်လာခဲ့ကြသည်။

BURMESE CLASSIC .com



## အခန်း(၁၁)

ဟော်နန်းကုန်းအိမ်ကြီးမှာ တောင်ကုန်းတစ်ခုပေါ်၌ ဆောက်ထားသော ရှေးလက်ရာအိမ်ကြီးတစ်ဆောင်ဖြစ်သည်။

ကျွန်းသစ်တောများပေါသောအရပ်ဖြစ်သောကြောင့် ကျွန်းသစ်များကို စိတ်တိုင်းကျဖြတ်၍ ထုထည်ကြီးမားစွာဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ထို့ပြင် ရေနံချေးများအထပ်ထပ်သုတ်ထားသောကြောင့် တစ်အိမ်လုံးမည်းမှောင်လျက်ရှိရာ လမိုက်သောညများတွင် အဝေး မှကြည့်ပါက မကောင်းဆိုးဝါးသတ္တဝါကြီးတစ်ကောင် ထိုင်နေသည် နှင့်တူလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကျော်စွာကို ဘိုးမင်းဖြူနှင့်ဒိုင်နှစ်ယောက်တို့က လိုက်ပို့ပေးကြသည်၊ ခြံဝန်းတံခါးနှင့် အိမ်တံခါးသော့များ၊ အခန်းတံခါးသော့များမှာ ဘိုးမင်းဖြူထံ၌ရှိပေသည်။

ဘိုးမင်းဖြူက တံခါးသော့များကိုဖွင့်ပြီး အိမ်ထဲလိုက်ပို့ပေးသည်၊ တစ်အိမ်လုံး မည်းမှောင်နေသောကြောင့် ဖယောင်းတိုင်မီးထွန်း၍ ဝင်ကြရသည်။

မီးရောင်မြင်သောအခါ မျက်နှာကြက်ပေါ်တွင် လင်းနို့နှင့်ခိုများ အလန့်တကြားထပျံကြသည်။

အိမ်အတွင်းဘက်၌ ခိုချေး၊ လင်းနို့ချေးနံ့များ ထွက်နေသည်၊ ဟော်နန်းအိမ်ကြီး၏ တံခါးချပ်ကြီးများမှာ ထုထည်ကြီးမားသော ကျွန်းသားကြီးများနှင့် ပြုလုပ်ထားတာဖြစ်ပြီး အချို့မှာ လူ့အရပ်ဖြင့် မမှီနိုင်အောင်မြင့်လှသည်။

အောက်ဘက်၌ ဧည့်ခန်းဆောင်ကြီးရှိပြီး ထိုအခန်းမှဖြတ်ကာ အပေါ်သို့တက်သော လှေကားဆီသို့ သွားရသည်၊ တိတ်ဆိတ်နေသောအချိန်ဖြစ်သောကြောင့် သူတို့၏ခြေသံများမှာ အိမ်အတွင်း၌ ပဲ့တင်ထွက်နေသည်၊ အပေါ်ထပ်သို့တက်သောလှေကားကြီးမှာ ပျဉ်းကတိုးအနှစ်သားများဖြင့် ပြုလုပ်ထားသဖြင့် နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် နီညိုရောင်များ မပျောက်သေးပေ၊ လက်ရမ်းပွတ်လုံးတိုင်များမှာ အရောင်ထွက်လျက်ပင်ရှိသေးသည်။





အပေါ်ထပ်ရောက်သောအခါ ပိတ်ထားသော အခန်းများ စွာရှိသည်၊ ထက်မင်းကျော်စွာ အိပ်ရမည့်အခန်းမှာ ခေါင်းရင်း ဘက်အစွန်ဆုံးတွင်ရှိသော အခန်းဖြစ်သည်။

ဘိုးမင်းဖြူက အခန်းတံခါးကိုသော့ဖွင့်ပေးသည်။

တံခါးချပ်ကြီးကို တွန်းဖွင့်လိုက်သောအခါ 'ကျွီ. . ကျွီ' ဟူသောမြည်သံမှာ တိတ်ဆိတ်နေသောအခါတွင် ချောက်ခြားဖွယ်ရာ ဖြစ်တော့သည်။

အခန်းမှာ အတော်အတန်ကျယ်ဝန်းပြီး အတွင်းဘက်တွင် ပရိဘောဂပစ္စည်းများများစားစားမရှိလှပဲ အခန်းအလယ်တွင် ကြီးမားခန့်ထည်လှသော ကြေးနီရောင်ကုတင်ကြီးတစ်လုံးသာ ရှိသည်၊ ထက်မင်းကျော်စွာက ထိုကုတင်ကြီးအားကြည့်ပြီး လူသတ်စင်ကြီးသဖွယ် မြင်ယောင်နေမိသည်၊ ကုတင်ပြုလုပ်ထားသော ကြေးရောင်များမှာ သွေးဝနေသောဓားသဖွယ် နီညိုရောင်သမ်းနေသည်။

"မောင်ရင် ဒီညအိပ်ရမယ့်အခန်းပဲ"

ထက်မင်းကျော်စွာက ဟန်မပျက်ခေါင်းညိတ်ပြလိုက်သည်။

"ရှေ့ ဒီမှာ ဖယောင်းတိုင်နဲ့မီးခြစ်၊ ဒီဖယောင်းတိုင်ကုန်သွားရင်တော့ အမှောင်ထဲမှာသာ တစ်ယောက်တည်းနေပေတော့ပါပေမယ့် ကျုပ်တို့ပြန်သွားရင်လည်း မောင်ရင့်အစောင့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အဖော်တွေရှိပါသေးတယ်"

"ဘယ်သူတွေလဲ"

"ဒီအခန်းထဲမှာ သေသွားကြတဲ့လူတွေရဲ့ ဝိညာဉ်တွေပေါ့၊ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေက မောင်ရင့်အတွက် တစ်ညလုံး အဖော်လာလုပ်ပေးကြပါလိမ့်မယ်၊ ကဲ ဘယ်လိုလဲ တကယ်အိပ်မှာလား"

BURMESE CLASSIC .com

"ဘာကြောင့် ဒီလိုမေးတာလဲ"

"ကျုပ်တို့က လောင်းကစားလုပ်နေတယ်ဆိုပေမယ့် တစ်ဖက်သားကိုတော့ စာနာတတ်ပါတယ်၊ လူ့အသက်တစ်ချောင်းကို အလဟဿမဆုံးရှုံးစေချင်ပါဘူး၊ အခုအချိန်မှာ စိတ်ပြောင်းသွားလို့ လောင်းကြေးပြန်ခွဲချင်ခွဲနိုင်ပါသေးတယ်"

ဒိုင်က ရိသဲ့သဲ့စကားဆိုသည်။

"မခွဲတော့ပါဘူး၊ ဒီညတော့ တစ်ယောက်တည်း ပျင်းလာရင် ဝိညာဉ်တွေနဲ့ပဲ လောင်းကစားဝိုင်းဆက်လုပ်တာပေါ့၊ သူတို့ကလည်း လောင်းကစားရင်းသေသွားကြတာဆိုတော့ ကျုပ်အတွက် အဖော်ကောင်းတွေဖြစ်ကြမှာပါ"

"ကြိုက်ပြီဟေ့၊ မောင်ရင့်သတ္တိကိုတော့ သဘောကျတယ်ဟေ့၊ အရင်လူတွေကတော့ ဒီအခန်းထဲကိုရောက်တာနဲ့ သွေးပျက်နေကြတော့တာပဲ၊ ကဲ ဒါဆိုရင် ကျုပ်တို့ပြန်တော့မယ်၊ မနက်လင်းတော့မှပဲ တံခါးလာဖွင့်ပေးတော့မယ်၊ မောင်ရင် ကံကောင်း





ပါစေ"

ထိုသို့ပြောပြီး တံခါးကိုအပြင်ဘက်မှ သော့ခတ်ခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းသွားသော ခြေသံများကိုကြားလိုက်ရသည်၊ အတန်ကြာသောအခါ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်တော့သည်။

ထက်မင်းကျော်စွာ ပြတင်းပေါက်မှ ငုံ့ကြည့်သောအခါ ခြံဝန်းထဲတွင် အပြင်သို့ပြန်ထွက်သွားသော လူရိပ်သဏ္ဍာန်များကို မသဲမကွဲလှမ်းမြင်လိုက်ရသည်။

လမ်းမဘက်ဆီမှ လံချားများပြန်ထွက်သွားသံကြားရပြီးနောက်တွင် ထက်မင်းကျော်စွာ လက်ထဲမှ ဖယောင်းတိုင်ကို ကုတင်၏ခေါင်းရင်းဘက်တွင် စိုက်ထားလိုက်သည်။

"အင်း ဒီအခန်းဟာ လူပေါင်းများစွာတို့ရဲ့အသက်ကို ခြွေခဲ့တဲ့ သားသတ်ထောင်လို အခန်းမျိုးပဲ၊ တကယ်လို့ အပြင်ပယောဂတစ်ခုခုကြောင့် သေတာဆိုရင် အဲဒီလူသတ်သမားဟာ အပြင်မှာမရှိနိုင်ဘူး၊ ဒီအခန်းထဲမှာပဲ ရှိရမယ်"

ဟုတွေးကာ မီးရောင်ဖြင့် အခန်းတစ်ခန်းလုံးကို နှံ့စပ်အောင် လျှောက်ကြည့်တော့သည်။

ဦးစွာ ပြတင်းပေါက်များလုံခြုံမှုရှိမရှိကို အရင်စစ်ကြည့်သည်၊ ပြတင်းပေါက်များတွင် မှန်အထူတံခါးများတပ်ထားပြီး ဂူတွင်းမှာ သံတိုင်ကြီးများစိုက်ထားသဖြင့် စိတ်ချရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝင်တံခါးမကြီးကို အတွင်းမှဂျက်ထိုးထားသည့်အပြင် စားပွဲတစ်လုံးနှင့်ပါ ဖိပိတ်ထားလိုက်သည်။

မျက်နှာကြက်နှင့်နံရံများကိုလည်း စေ့စပ်သေချာစွာ စစ်ဆေးကြည့်သည်၊ မသင်္ကာစရာဘာတစ်ခုမှ မတွေ့ရပေ၊ အခန်းတစ်ခုလုံး နေရာအနှံ့ စေ့စေ့စပ်စပ်လိုက်လံကြည့်ရှုသော်လည်း မသင်္ကာစရာဟူ၍ တစ်ခုတစ်လေမှပင် မတွေ့ရသဖြင့် စိတ်ထဲမှာ အံ့သြမိသည်။

သူ ခုတင်ကြီးကို အသေအချာကြည့်သည်။

ခုတင်ကြီးမှာ ကြေးဖြင့်ပြုလုပ်ထားသော နှစ်ယောက်အိပ် ခုတင်ကြီးဖြစ်သည်၊ ခေါင်းရင်းဘက်၌ ကနုတ်ပန်းများတပ်ဆင်ထားသည်၊ ခိုင်ခန့်သောကြေးတိုင်လေးခုရှိပြီး အပေါ်မျက်နှာကြက်ကို နီညိုရောင်ကတ္တီပါစဖြင့် ကြက်ထားသည်။

အမှောင်ရိပ်ကြောင့် အပေါ်တွင် မျက်နှာကြက်တပ်ထားသည်ကို ရုတ်တရက်မမြင်နိုင်ပေ။

ခုတင်အောက်၌ ဘာမှမသင်္ကာစရာမတွေ့ရပဲ ခုတင်ပေါ်တွင် မွေ့ယာခင်းထား၍ ခေါင်းအုံးများရှိပြီး စောင်တစ်ထည်ကို ခုတင်ခြေရင်းဘက်တွင် ခေါက်တင်ထားသည်။

သူ ခုတင်ကို လက်ဖြင့်စမ်းကြည့်သည်၊ မွေ့ယာကိုပါ လှန်ကြည့်သည်၊ ဘာမှမရှိပေ။

ထို့ကြောင့် ခုတင်ပေါ်တက်အိပ်ကြည့်လိုက်သည်။





ထိုသို့လှဲချလိုက်သောအခါမှ ခုတင်ခြေရင်းတည့်တည့် နံရံပေါ်တွင် ချိတ်ဆွဲထားသော ပန်းချီကားကြီးကို သတိပြုလိုက်မိတော့သည်။

ထက်မင်းကျော်စွာ လှဲနေရာမှ ပြန်ထလိုက်သည်။

ထို့နောက် ပန်းချီကားကြီးအနီးသို့သွားကာ ကြည့်သည်၊ ပန်းချီကားမှာ အဏုမြူဆီဆေးဖြင့် ရေးဆွဲထားတာဖြစ်ပြီး အလျားလေးပေ၊ အနံ နှစ်ပေခန့်ရှိသည်။

ပန်းချီကားမှာ. . .၊

တောင်စွယ်တစ်ခုတွင် နေကွယ်ခါနီးအချိန်၌ လူတစ်ယောက်အား မားဖြင့်ခုတ်သတ်တော့မည့် လူသတ်သမား၏ပုံကို ဟန်ပါပါရေးဆွဲထားခြင်းဖြစ်သည်။

ခါးတောင်းမြှောင်အောင်ကျိုက်ထားပြီး ပေါင်တစ်ဖက်တစ်ချက်တွင် ထိုးကွင်းများရေးထိုးထားသည်၊ အကျႌဝတ်မထားသော အပေါ်ပိုင်း ခန္ဓာပေါ်တွင် ဆေးမှင်ကြောင်ရုပ်များရေးခြယ်ထားသည်၊ မျက်နှာအမူအယာမှာ ရက်စက်လွန်းသူတစ်ဦး၏ အမူအယာဖြစ်ပြီး နှုတ်ခမ်းမွှေး၊ ပါးပြိုင်းမွှေးများရှိပြီး သျှောင်ကို တစောင်းထုံးထားလေသည်။

ပန်းချီကားတစ်ချပ်လုံး၏အသက်မှာ လူသတ်သမား၏ မျက်နှာအမူအယာနှင့် လက်ထဲတွင်ကိုင်ထားသော ဓါးဖြစ်သည်၊ ဓါးမှာ အရောင်တလက်လက်ထနေပြီး သွေးများစီးကျလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်၊ သွေးများစီးကျနေပုံမှာ အသက်ဝင်လွန်းလှပြီး ပန်းချီကားဘောင်ကိုပင်ကျော်ကာ ကြမ်းပြင်ပေါ်သို့ စီးကျလျက်ရှိသည်။

ပန်းချီကားအနီးသို့ကပ်ကြည့်ရန် ခုတင်ပေါ်မှဆင်းပြီး လျှောက်သွားစဉ် ခြေထောက်အောက်မှ စေးကပ်ကပ်အတွေ့အထိကြောင့် ဖယောင်းတိုင်မီးကိုယူကြည့်သောအခါ ပန်းချီကားအောက်ဖက်ရှိ ကြမ်းပြင်ပေါ်၌ သွေးကွက်များကိုတွေ့ရသည်။

၎င်းသွေးကွက်များမှာ လူသတ်သမားကိုင်ထားသောဓားအောက်တည့်တည့်နေရာတွင် ဖြစ်သည်။

ထက်မင်းကျော်စွာထိုင်ပြီး လက်ဖြင့် တို့ကြည့်သည်၊ နမ်းကြည့်သည်၊ သူအံ့ဩသွားသည်။

အဘယ်ကြောင့်ဆိုသော်. . .၊

ပန်းချီကားအတွင်း လူသတ်သမားကိုင်ထားသောဓားမှ စီးကျနေသောသွေးများမှာ သွေးအစစ်များ ဖြစ်နေသောကြောင့်ပင်. . .၊

ထက်မင်းကျော်စွာ ပန်းချီကားကိုမ,၍ကြည့်သည်။

နံရံနောက်ဖက်မှ တစ်စုံတစ်ရာဖြင့် ဆက်သွယ်ထားသည်ထင်သောကြောင့် ဖယ်ကြည့်သော်လည်း နံရံမှာ ပကတိအတိုင်းရှိပြီး မသင်္ကာစရာမတွေ့ရပေ။

ထက်မင်းကျော်စွာ နေရာမှထလိုက်သည်။

ဒီညအဖို့ သူသတိပြုရမည့်အချက်များထဲတွင် ဤပန်းချီကားလည်း အဓိကနေရာမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း စိတ်ထဲမှာ မှတ်ထားလိုက်သည်။



BURMESE CLASSIC .com



သည်အခန်းအတွင်းမှာ သေဆုံးသွားကြသူများသည် တစ်စုံတစ်ခုကို ထိတ်လန့်တကြားဖြစ်ကာ သေဆုံးသွားခဲ့ကြသည်ဆိုလျှင် လူသတ်တရားခံမှာ ဤပန်းချီကားနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေလိမ့်မည်ဟု ထက်မင်းကျော်စွာမှတ်ချက်ချလိုက်သည်။

တစ်ဆက်တည်း ဦးဇန်ကောင်းပြောခဲ့သောစကားများကို ပြန်လည်ကြားယောင်လာသည်။

". . . . . ကမ္ဘာကျော်ပန်းချီကားတွေမှန်သမျှ လျှို့ဝှက်ချက်တွေ တစ်ခုစီရှိတယ်၊ အဲဒါဘာလဲဆိုတော့ အတွင်းစိတ်ဆိုတဲ့ အဇ္ဈတ္တသဏ္ဍာန်ကို အနုပညာနဲ့ပေါင်းစပ်ထားတဲ့ လျှို့ဝှက်ချက်ပဲ၊ အဲဒီအချက်မပါရင် ပန်းချီကားလို့မခေါ်သင့်ဘူး၊ အရုပ်ရေးထားတဲ့ ဆေးရောင်စုံကားတစ်ချပ်လို့ပဲ ခေါ်သင့်တယ်၊ ဥပမာ. . မိုနာလီဇာပန်းချီကားရဲ့လျှို့ဝှက်ချက်က အမျိုးသမီးရဲ့အတွင်းစိတ်ခံစားချက်ကို ဖော်ပြနေတဲ့ သူ့မျက်လုံးနဲ့နှုတ်ခမ်းပဲ"

"ပော်နန်းကုန်းအိမ်ကြီးထဲမှာ ပန်းချီကားတစ်ချပ်ရှိတယ်၊ အဲဒီပန်းချီကားရဲ့နာမည်က 'လူသတ်သမား'တဲ့"

လူသတ်သမား၊

လူသတ်သမား၊

လူသတ်သမား၊



www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကျော်စွာ စိတ်ထဲမှ 'လူသတ်သမား'ဟူသော အမည်က ပဲ့တင်ထပ်လျက်ရှိသည်။

စားပွဲပေါ်တွင်ထွန်းထားသော ဖယောင်းတိုင်က ကုန်ခါနီးနေပြီ၊ သည်ဖယောင်းတိုင်ကုန်သွားလျှင် ထွန်းစရာမရှိတော့ပေ။

မကြာမီ အမှောင်ထဲမှာ နေရတော့မည်မို့ အိတ်ထဲမှ လူဂါသေနတ်ကိုထုတ်ပြီး အသင့်ပြင်ထားသည်၊ အခန်းဖွဲ့စည်းပုံနှင့် မသင်္ကာစရာပစ္စည်းရှိသောနေရာများကို စိတ်ထဲမှာစွဲနေအောင် မှတ်သားထားလိုက်ပြီး ခုတင်ပေါ် တက်လိုက်သည်။

ထိုသို့တက်လှဲလိုက်သည်နှင့် အောက်ဘက်မှမွေ့ယာက အိကနဲ မြုတ်ဝင်သွားသည်၊ ထို့ထက်တော့ ဘာမှမထူးခြားပေ။

သေနတ်ကို မိမိလက်နံ့ဘေးတွင် အဆင်သင့်ချထားလိုက်သည်။

သူအိပ်ယာပေါ် လှဲချလိုက်သည်နှင့် ခြေရင်းဘက်ရှိ ပန်းချီကားထဲမှ လူသတ်သမားကြီးနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

ဘယ်လိုပဲပြောင်းကြည့်ကြည့် ပန်းချီကားထဲမှလူသတ်သမားအကြည့်နှင့် လွတ်သွားသည်ဟုပင် မရှိပေ။

သူနေရာရွှေ့ကြည့်သည်။

ထိုနေရာသို့ကြည့်သည်။

နောက်တစ်နေရာရွှေ့ကြည့်ပြန်တော့လည်း သူရွှေ့သည့်





ဘက်သို့ လူသတ်သမားကလိုက်ကြည့်နေသည်။

ထက်မင်းကျော်စွာ ခုတင်ပေါ်၌ နေရာအမျိုးမျိုးရွှေ့ကြည့်တော့လည်း မလွတ်ပေ။

ထိုအခါမှ သူသဘောပေါက်သွားသည်။

"အင်း အတော့်ကို စိတ်ကူးကောင်းတာပဲ၊ ဆီဆေးအထူနဲ့ အုတ်ခွက်ဘုရားလို သုံးဖက်မြင်ရေးထားတော့ ငါနေရာရွှေ့သမျှ လိုက်ကြည့်နေတော့တာပေါ့၊ အမှောင်ထဲမှာ တစ်ယောက်တည်း ချောက်ချောက်ခြားခြားနဲ့နေရတဲ့လူအဖို့ ဒီပန်းချီကားထဲက လူသတ်သမားရဲ့အကြည့်ခံရတာနဲ့တင် နှလုံးသွေးရပ်ပြီးသေလောက်တယ်"

ဟု တွေးလိုက်မိသည်။

အိပ်ယာပေါ် လှဲလိုက်ပြီး မကြာခင် ခေါင်းထဲမှာ တရိပ်ရိပ်မူးတက်လာသည်၊ တစ်ခဏချင်းမှာပင် ခေါင်းမထူချင်လောက်အောင် အိပ်ချင်လာသည်။

"ငါ ဘာဖြစ်တာလဲ၊ အရက်ကလေး မဖြစ်စလောက်သောက်ခဲ့ရုံနဲ့တော့ ဒီလောက်အခြေအနေမဆိုးနိုင်ပါဘူး"

ထိုအခါ ဦးဗန်ကောင်းပြောလိုက်သောစကားကို ပြန်လည်သတိရမိသည်။

". . . . နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းရေဖူးထဲက လေ၊ စကားထာတစ်ခုရှိတယ်၊ 'မအိပ်မနေ အသွားရှည်'ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပေါ့၊ အဲဒီစကားပုံအတိုင်း အိပ်နေမယ့်အစား ပန်းချီကားကိုထိုင်ကြည့်ပြီး လျှို့ဝှက်ချက်ကိုရှာနိုင်လေ အကျိုးရှိလေပဲ"

ထိုစကားကို ဦးဇန်ကောင်းအကြောင်းမရှိပဲနဲ့တော့ မပြောတန်ကောင်းဟု တွေးမိသည်။

"အင်း ဒီစကားကို ဦးဇန်ကောင်း အကြောင်းမဲ့ပြောလိုက်တာတော့ ဟုတ်ဟန်မတူဘူး၊ လောင်းကြေးလုပ်တယ်ဆိုတဲ့နေရာမှာ ဒိုင်ဘက်က အသာစီးရနိုင်တဲ့ အချက်တစ်ချက်အမြဲရှိတယ်၊ သူနဲ့ လောင်းကြေးမှာကိုက 'အိပ်ရမယ်'ဆိုတဲ့အချက်တစ်ချက်ပါတယ်၊ အိပ်တဲ့သူရှုံးတယ်ဆိုတဲ့သာဓကတွေ ငါ့ရှေ့မှာအများကြီးရှိတာပဲ၊ ဒီတော့ ဒီညအဖို့ မအိပ်ပဲနေနိုင်ရင် ငါ့အတွက် ဘယ်လိုနည်းနဲ့မှ အကျိုးမယုတ်နိုင်ဘူး"

ထိုသို့စိတ်ကူးမိကာ မိမိအိတ်အတွင်းမှာ အသင့်ယူဆောင်လာသော ဆေးပြားတစ်ပြားကို သောက်ချလိုက်ရာ မကြာမီ မူးဝေစိတ်များပျောက်သွားပြီး အိပ်ချင်စိတ်ပြေသွားတော့သည်။

မကြာမီ ဖယောင်းတိုင်မီးငြိမ်းသွားလေရာ အခန်းတစ်ခန်းလုံး မှောင်သွားလေတော့သည်။

ရုတ်တရက် ဘာမှမမြင်ရတော့ပေ။

မျက်လုံးကိုခေတ္တပိတ်ထားပြီး ပြန်ဖွင့်လိုက်တော့မှ ပြတင်းပေါက်မှဝင်လာသောအလင်းရောင် တစ်စွန်းတစ်စကြောင့် အခန်းတွင်းမှာ ဝိုးတဝါးမြင်ရပေသည်။





အပြင်ဘက်တွင် လရောင်မှုန်ပြပြ ရှိနေသည်။

လက်မှ ညကြည့်နာရီကို ကြည့်တော့ ည၁၁နာရီ ကျော်နေပြီ၊ ယခုအထိတော့ ဘာတစ်ခုမှ အခြေအနေမထူးခြားသေးပေ၊ လူသတ်သမားသည် သူနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသောအချိန်ကို စောင့်နေဟန်ရှိလေသည်။

အပြင်ဘက်တွင် တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူလျက်ရှိသည်၊ တောင်ကုန်းထက်ဆီမှ ခွေးများဆွဲဆွဲငင်ငင်အူသံများ ကြားရသည်၊ သူရွှေဒင်္ဂါးအိတ်ကို လက်ဖြင့်စမ်းကြည့်သည်၊ ခုတင်နံဘေးတွင် သူချထားသည့်အတိုင်းရှိနေသည်။

"ခု တစ်နာရီကျော်ပြီဆိုတော့ မကြာခင်အာရုံတက်လာတော့မယ်၊ အခုထိတော့ ဘာအနှောင့်အယှက်မှ မတွေ့ရသေးပါလား၊ ဒီအတိုင်းနဲ့တော့ ရွှေဒင်္ဂါးတွေအလကားရတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မိုးမလင်းခင်မှာ လူသတ်သမားဟာ ငါ့ဆီကို မလွဲမသွေလာကိုလာရမယ်၊ ဘယ်လိုပုံစံမျိုးနဲ့ လာမယ်ဆိုတာသာ ကြိုမသိနိုင်တာ၊ အရေးကြီးတာက ငါအိပ်ပျော်မနေဖို့ပဲ"

ပက်လက်လှန်စဉ်းစားနေရင်း ခြေရင်းဘက်မှ ပန်းချီကားကို တစ်ချက်လှမ်းကြည့်လိုက်သည်။

အဏုမြူဆီဆေးများဖြင့် ရေးဆွဲထားသောကြောင့် အမှောင်ထဲမှာပင်အရောင်ထွက်ကာ အသက်ဝင်လှုပ်ရှားလာသ



www.burmeseclassic.com

www.burmeseclassic.com



ယောင်ထင်ရသည်၊ ပန်းချီကားအတွင်းမှ လူသတ်သမားကြီး၏ ရုပ်ပုံက ယခုပင်ပန်းချီကားအတွင်းမှထွက်လာကာ ဓားဖြင့်ခုတ် သတ်တော့မည့်အတိုင်း လှုပ်ရှားလျက်ရှိနေတော့သည်။

ထက်မင်းကျော်စွာ ဘေးနားမှသေနတ်ပေါ် လက်တင် ရင်း ပန်းချီကားကို အာရုံပြု၍ကြည့်နေစဉ်မှာပင် ပန်းချီကား အတွင်းမှ လူသတ်သမားကြီး၏ခေါင်းမှာ တဖြည်းဖြည်းပျောက် သွားတော့သည်။

"ဟင်. . ."

ပွဲကတော့ စလာချေပြီ။

သူသေနတ်ကို ဆွဲယူလိုက်သည်။

ကြည့်နေရင်း ပန်းချီကားထဲမှလူကြီး ကိုယ်တစ်ပိုင်းသာ ကျန်တော့သည်။

သူ သတိဖြင့်နေရင်း ပန်းချီကားထဲမှလူကြီး ပျောက်သွား သည်နှင့် သူ ခုတင်ပေါ်မှ ဘေးသို့အသံမကြားအောင် လှိမ့်ချ လိုက်သည်။

မကြာမီ အခန်းတွင်းမှ လူသတ်သမားက သူ့ဆီရောက် လာလေတော့သည်။

သို့သော်. . . . ။

? ? ?



## အခန်း(၁၂)

နောက်တစ်နေ့ နံနက်လင်းသောအခါ ဘိုးမင်းဖြူနှင့် ယောင်းကစားဒိုင်သုံးယောက်တို့ ဟော်နန်းကုန်းအိမ်ကြီးဆီသို့ ရောက်လာကြသည်။

သူတို့သည် စကားတပြောပြောနှင့် အေးအေးဆေးဆေး လာကြခြင်းပင်ဖြစ်သည်၊ သူတို့နှင့်အတူ အခြားသက်သေသက္ခာရ ပြည့်သူများပင်ပါလာပြီး အသုဘပို့ရန် အစီအစဉ်များလည်း စီခါတည်းပြုလုပ်လာကြသည်။

အခန်းတံခါးကို ဖွင့်လိုက်သောအခါ ထက်မင်းကျော်စွာ ခုတင်ပေါ်၌ ငြိမ်သက်စွာရှိနေသည်။

ဒိုင်များက ကျေနပ်စွာပြုံးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . တစ်ယောက်တော့ သွားရှာပြန်ပြီ"

ထိုသို့ဆိုကာ အနီးသို့သွား၍ ငုံ့ကြည့်လိုက်ကြသည်။

ငုံ့ကြည့်သောအခါမှ အိပ်ပျော်နေဟန်ရှိသော ထက်မင်းကျော်စွာ၏မျက်လုံးများက ဖျပ်ကနဲပွင့်လာသည်။

"ဟင် . . ."

"ဟာ . . ."

"ဟယ် . . ."

"ဘယ်လိုဖြစ်တာလဲ၊ အပဝင်နေတာလား"

ထိုသို့ တအံ့တသြဖြစ်နေကြစဉ် ထက်မင်းကျော်စွာ ခုတင်ပေါ်မှ ထလာသည်၊ အနီးကပ်လာသူများက အလန့်တကြား နောက်သို့ဆုတ်သွားကြသည်။

"အေးဗျာ . . ညကတစ်ညလုံး အရက်မူးမူးနဲ့အိပ်လိုက်တာ အတော်ကို အိပ်ပျော်သွားတယ်၊ ရောက်ကတည်းက အိပ်လိုက်တာ ခုမှပဲတစ်ရေးနိုးတော့တယ်"

"ဟင် . . ."

"ဘာတွေ အံ့သြနေတာလဲ၊ ခင်ဗျားတို့ ကျုပ်နဲ့ စည်းကမ်းချက်မှာပါတဲ့အတိုင်း လောင်းကြေးထပ်ထားတဲ့အချိန်က ပြည့်ပြီမဟုတ်လား၊ ကျုပ်တစ်သက်မှာ လောင်းကစားလုပ်လာတဲ့အထဲမှာတော့ ဒီပွဲက အချောင်ဆုံးပဲဗျို့"

ထိုသို့ဆိုကာ ထက်မင်းကျော်စွာက ခုတင်ပေါ်မှဆင်း





တင်နံဘေးတွင်ချထားသော ရွှေဒင်္ဂါးထုပ်ကို ဆွဲယူလိုက်သည်။

သူအပြင်ထွက်လာတော့ နောက်မှလူများက တအံ့တသြငေးကြည့်နေကြသည်။

ဘိုးမင်းဖြူက နောက်ဘက်မှ လှမ်းမေးသည်။

"ညတုန်းက မောင်ရင်လေး ဘာမှထူးခြားမှုမဖြစ်ဖူးလား"

"သိပ်ထူးခြားမှုတော့ မတွေ့ရပါဘူး၊ အဲ . . ဒါပေမယ့် ညတုန်းက ပန်းချီကားထဲကလူကြီးကတော့ အတော့်ကို အနှောင့်အယှက်ပေးတယ်၊ ဒါပေမယ့် ကျုပ်က အရက်မူးမူးနဲ့ ဇွတ်ပေအိပ်တာဆိုတော့ ကြာတော့ သူလည်းဘာမှမတတ်နိုင်တော့ပါဘူး"

ဟု ဆိုကာ အပြင်ထွက်ခဲ့သည်။

အပြင်သို့ရောက်သောအခါ လံချားတစ်စီးကိုခေါ်ပြီး တည်းခိုခန်းသို့ပြန်လာခဲ့သည်။

တည်းခိုခန်းသို့ရောက်သောအခါ မန်နေဂျာဆီသို့သွားကာ . . .၊

"မန်နေဂျာ ကျုပ်ကေသီဆိုတဲ့မိန်းကလေးကို တွေ့ချင်တယ်၊ သူ့ကို ကျုပ်အခန်းကို လွှတ်ပေးပါ"

ဟုပြောလိုက်သောအခါ မန်နေဂျာက တအံ့တသြမျက်နှာဖြင့် ခေါင်းညိတ်ပြလေသည်။

သူအခန်းပြန်ရောက်ပြီးနောက် ရေမိုးချိုးပြီး အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



လဲနေစဉ်မှာပင် အခန်းတံခါးခေါက်သံကြားရသည်။

"ခေါက်. . ခေါက်. . ခေါက်"

"ဘယ်သူလဲ"

"ကျွန်မ ကေသီပါ"

ထက်မင်းကျော်စွာ အခန်းတံခါးဖွင့်ပေးလိုက်ပြီး ကေသီ အခန်းတွင်းရောက်သောအခါ အခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။

"အစ်ကို ကျွန်မကိုမှာတယ်ဆိုပြီး မန်နေဂျာကလွှတ်လိုက်လို့ ကျွန်မအံ့သြနေတာ"

"မအံ့သြပါနဲ့၊ ငါမင်းကို တကယ်တွေ့ချင်လို့ မှာတာပါ၊ ဒီနေ့မနက် မင်းဘာမှ စားပြီးဟန်မတူသေးဘူး၊ ငါလည်း ဘာမှ မစားရသေးဘူး၊ တည်းခိုခန်းက အစားအသောက်တွေ နေ့တိုင်း စားရတာလည်း ငြီးငွေ့လာပြီ၊ ဒီတော့ ဒီလိုလုပ်ကွာ၊ မင်းနဲ့ငါ အပြင်ထွက်ပြီး တစ်ခုခုစားကြရအောင်"

ကေသီက တအံ့တသြဖြစ်သွားသော်လည်း ကျေနပ်မှုကြောင့် သူမမျက်နှာလေးမှာ ဝင်းပသွားသည်။

"ဒီမြို့ထဲက ဆိုင်တွေကတော့ စုံသလောက်ရှိသွားပြီ၊ တခြားမှာ အစားအသောက်ကောင်းကောင်း စုံစုံလင်လင်ရနိုင်တဲ့ ဆိုင်မရှိတော့ဘူးလား"

"ဒီမြို့ထဲမှာတော့ မရှိတော့ဘူးအစ်ကို၊ မြို့ပြင်ဘက်မှာပဲ





ရှိတော့တယ်"

"ဘယ်နေရာမှာလဲ"

"မိုင်းပွန်-မန္တလေးသွားတဲ့ ကားလမ်းမှာရှိတယ်၊ အဲဒီမှာ ခရီးသည်တင်ကားတွေနားတဲ့ စခန်းတွေရှိတယ်၊ အဲဒီဘက်က ဆိုင်တွေကမှ အစားအသောက်လည်းကောင်းတယ်၊ အစုံလည်း ရတယ်"

"ကောင်းတာပေါ့ကွာ၊ အဲဒီကိုသွားကြမယ်လေ၊ အပြင်က သဘာဝရှုခင်းတွေလည်း ကြည့်ရတာပေါ့"

ထို့နောက် နှစ်ယောက်သား တည်းခိုခန်းမှ ထွက်ခဲ့ကြသည်။

ထိုသို့ထွက်လာချိန်ဝယ် သူ့နောက်မှ စောင့်ကြည့်လျက်ရှိသော လျှို့ဝှက်မျက်လုံးများစွာရှိနေလိမ့်မည်ဟု တွေးမိသည်။

မြို့စွန်တွင် မိုင်းပွန်-မန္တလေးကားဂိတ်ရှိသည်။

ဟိုင်းလပ်စ်ကားလေးများဖြင့် ပြေးဆွဲလျက်ရှိရာ မန္တလေးသို့ အစောဆုံးထွက်သောကားဖြင့် လိုက်ခဲ့ကြသည်။

မိုင်းပွန်-မန္တလေးလမ်းမှာ တောင်ကြီးများပေါ်မှ ဖြတ်ဖောက်ထားသောလမ်းများဖြစ်ရာ အတက်အဆင်းလမ်းများဖြစ်သည်။ သို့သော် မိုင်းပွန်သို့လာသောအခါ အတက်လမ်းများပြီး မန္တလေးသို့ဆင်းသောအခါတွင် အဆင်းလမ်းပိုများသည်။

အတက်လမ်းဖြစ်စေ၊ အဆင်းလမ်းပဲဖြစ်စေ. . ၊



www.burmeseclassic.com

www.burmeseclassic.com



တောင်စောင်းများပေါ်မှ ဖောက်ထားသောလမ်းများပေမို့ အန္တရာယ်အလွန်များလှပေသည်၊ လမ်းတစ်လျှောက်လုံးမှာလည်း လူနေအိမ်ဟူ၍ ၊တွေ့ရပဲ တောက်လျှောက်သစ်တောကြီးများသာ ဖုံးအုပ်ထားပေသည်။

ထိုခရီးလမ်းမှာ သက်စွန့်ဆံဖျားသွားရသော ခရီးလမ်းမျိုးဖြစ်သည်၊ ချောက်အတွင်းသို့ ကားများ မကြာခဏလမ်းချော်၍ ကျခြင်း၊ ကားလမ်းခါးပြများ၊ လုယက်သူများ အန္တရာယ်များကြားမှ အသက်စွန့်ပြီး သွားကြရသည်။

ထက်မင်းကျော်စွာတို့ စီးလာသော ဟိုင်းလပ်(စ်)ကားလေးမှာ တောင်ကြီးများပေါ်မှသော်လည်းကောင်း၊ တောင်ပတ်လမ်းများမှသော်လည်းကောင်း ခက်ခဲစွာမောင်းနှင်လာပြီး တောင်ကြီးတစ်ခု၏ ထိပ်တွင်ဖွင့်ထားသော ယာဉ်များခေတ္တရပ်နားရာစခန်းသို့ ရောက်ခဲ့သည်။

ကားသမားများသည် ထိုနေရာသို့ရောက်သောအခါ ကားများကိုစစ်ဆေးကြသည်၊ ရေဖြည့်၊ ဆီထည့်ခြင်း၊ ကားဘီးများကိုလေဖြည့်ခြင်း စသည်တို့ပြုလုပ်ကာ ကားများကိုခေတ္တအနားပေးသလို ကားသမားများ၊ ခရီးသည်များလည်း နားကြရသည်။

တစ်မနက်လုံးတောက်လျှောက် ကားပေါ်မှာထိုင်ခဲ့ကြရသဖြင့် ထိုရပ်နားစခန်းရောက်ကာမှ အပေ့ါအပါးသွားခြင်း





နံနက်စာစားသောက်ခြင်းများ ပြုလုပ်ကြရသည်။

ထိုရပ်နားစခန်းတွင် စားသောက်ဆိုင်များရှိသည်။

လက်ဖက်ရည်၊ ကော်ဖီနှင့်အခြားအစားအစာများ၊ ထမင်းဟင်းများ၊ အရက်မျိုးစုံတို့ကို ဦးစားပေးရောင်းချလေသည်။

ဆိုင်များတွင် တောအရက်စစ်စစ်များမှ နိုင်ငံခြားအရက်မျိုးစုံအထိ အစုံရနိုင်သည်။

ထိုတောင်စခန်းများ၏ အဓိကထူးခြားချက်မှာ ဟင်းမျိုးစုံရရှိနိုင်ခြင်းပင်. . .။

ကြက်သား၊ ဝက်သား၊ အမဲသားဟင်းများအပြင်. . .၊

ဖား၊ ဖွတ်၊ ရှဉ့်၊ တောကြောင်၊ ဂျီ၊ ဒရယ်၊ ဆတ်၊ တောဝက်သားများ စုံလင်စွာရရှိနိုင်ခြင်းပင်ဖြစ်သည်။

လတ်လတ်ဆတ်ဆတ်ချက်ထားသော ဆတ်သားများဆိုလျှင် နီရဲနေပြီး အရသာမှာ ချိုနေတော့သည်။

ထက်မင်းကျော်စွာနှင့်ကေသီတို့ ကားပေါ်မှဆင်းပြီး တောင်ကုန်းပေါ်တွင်တည်ထားသော စားသောက်ဆိုင်တွင် ဝင်ရောက်စားသောက်ကြသည်၊ နန်းကြီးသုပ်၊ ပလာတာနှင့် ကြက်သားဟင်းပူပူနွေးနွေးအပြင် အမဲကြော်များမှာ အထူးကောင်းလှသည်။

စားသောက်ပြီးသောအခါ တောင်ကုန်းထိပ်တွင်ပြုလုပ်ထားသော ခုံတန်းလျားလေးများပေါ်တွင် သွားထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထိုင်ပြီးမကြာမီ ကားသမားရောက်လာသည်။

"ဆရာတို့ ကားပြန်ထွက်တော့မယ်၊ လိုက်မှာမဟုတ်လား"

"မလိုက်တော့ဘူးဗျာ၊ သွားကြပေတော့"

ကားသမားက တစ်မျိုးသဘောပေါက်သွားဟန်ဖြင့် ပြုံးစေ့စေ့အမူအယာဖြင့် ပြန်ထွက်သွားလေသည်။

မကြာမီကားထွက်သွားတော့သည်။

"ကိုယ်တို့ပြန်ရင် ဘယ်လိုပြန်မလဲ"

ထက်မင်းကျော်စွာက မေးလိုက်သည်။

"ညနေပိုင်းမှာ မန္တလေးက မိုင်းပွန်ကိုတက်လာတဲ့ ကားတွေ ဒီမှာဝင်နားကြမယ်လေ၊ အဲဒီကျတော့ ကျွန်မတို့လိုက်သွားကြတာပေါ့"

"ကောင်းတာပေါ့ကွာ၊ တို့အတွက် အချိန်နည်းနည်းပိုရတာပေါ့၊ ဒီဘက်က သဘာဝရှုခင်းတွေ အတော့်ကို သာယာတယ်နော်"

"ဟုတ်တယ်၊ ကျွန်မတို့ရွာက ဒီဘက်ကသွားရင် သိပ်မသွားရတော့ဘူး၊ ဟိုး တောင်တန်းကြီးတွေနောက်ဘက်က မီးခိုးငွေ့လေတွေတက်နေတာ ကျွန်မတို့ရွာရှိတဲ့နေရာပဲ"

ကေသီက မှုန်ပျပျမြင်ရသော တောင်တန်းကြီးများဘက်သို့ လက်ညှိုးထိုးပြသည်၊ မျှော်ကြည့်လိုက်တော့ မြူများရစ်သိုင်းလျက်ရှိသော တောင်တန်းကြီးများကို လွမ်းမောဖွယ်ရာ မြင်ရသည်။





"မင်းတို့က ရွာမှာလုပ်ကိုင်စားသောက်ရတာ အဆင်မပြေလို့ မိုင်းပွန်ကိုတက်ပြီး အခုလိုလုပ်နေရတာလား"

"ရွာမှာနေတုန်းက အဆင်ပြေပါတယ်၊ ဒါပေမယ့် အမေဆုံးသွားတော့ အဖေက နောက်အိမ်ထောင်ပြုလိုက်တယ်၊ မိထွေးလုပ်တဲ့သူက ကျွန်မအိမ်မှာရှိနေတာကို သိပ်သဘောမကျဘူး၊ ဒါနဲ့ မြို့တက်အလုပ်ရှာရင်း ကျွန်မ ကျွန်မဒီဘဝရောက်ခဲ့ရတာပါပဲအစ်ကိုရယ်"

ထက်မင်းကျော်စွာက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းဘဝကို တစ်သက်လုံး ဒီလိုပဲနေသွားတော့မယ်လို့ စိတ်ကူးထားသလားဟင်"

ကေသီက ခေါင်းကိုဖြည်းလေးစွာခါယမ်းလိုက်သည်။

"ကျွန်မအတွက် အရင်းအနှီးတစ်ခုလောက်ရရင်တော့၊ ရွာပြန်ပြီး အေးအေးဆေးဆေးနေတော့မယ် စိတ်ကူးပါတယ်၊ ဒါပေမယ့် အစ်ကိုရယ်၊ ဒီခေတ်ကြီးထဲမှာ အရင်းအနှီးတစ်ခုရဖို့ဆိုတာ မလွယ်ဘူးမဟုတ်လား၊ ဒီတော့လည်း. . ."

ကေသီက စကားကိုရပ်ပြီး အဝေးဆီမှ တောင်တန်းကြီးဘက်သို့ အကြည့်ကိုလွှဲထားလေသည်။

"မင်း ဒီဘဝက ရုန်းထွက်နိုင်ဖို့ ကိုယ်အကူအညီပေးပါ့မယ်၊ အန္တရာယ်များလှတဲ့ ဒီလောကထဲမှာ ဆက်နေဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ့်ကို ကတိပေးရလိမ့်မယ်"

"အစ်ကို တကယ်ပြောတာလားဟင်၊ အစ်ကိုသာ အကူအညီပေးမယ်ဆိုရင် ကျွန်မ ချက်ခြင်းရွာပြန်နေတော့မှာ"

ကေသီမျက်နှာလေးမှာ ဝင်းပသွားတော့သည်။

"မင်းကို ကိုယ်တကယ်ကူညီမှာပါ၊ ညတုန်းက ကိုယ်လောင်းကစားတစ်ခုလုပ်တာ မြိုးမြိုးမျက်မျက်ကလေးရလိုက်တယ်၊ ဒါကြောင့် မင်းကို အကူအညီပေးမယ်လို့ပြောတာပေါ့"

"ဧကန္တ အစ်ကို ဂျင်ဝိုင်းကနိုင်လာတာလား"

"မဟုတ်ဘူး၊ ကိုယ်ညက ဟော်နန်းကုန်းအိမ်ကြီးမှာ တစ်ညသွားအိပ်လို့ နိုင်လာတာ"

"ဟင်. . ."

ကေသီမျက်နှာလေးမှာ အထိတ်တလန့်ဖြစ်သွားလေသည်။

"အစ်ကို ညကဟော်နန်းကုန်းအိမ်ကြီးမှာ တကယ်သွားအိပ်ခဲ့တာလားဟင်"

"တကယ်သွားအိပ်ခဲ့တာပေါ့၊ ဒါကြောင့် လောင်းကြေးတွေ နိုင်လာခဲ့တာပေါ့"

"အစ်ကို ဘာမှမဖြစ်ခဲ့ဘူးလား"

"ဟင့်အင်း ဘာမှမဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် လောင်းကြေးနိုင်လာခဲ့တာပေါ့၊ ဘာဖြစ်လို့လဲဟင်"





ထက်မင်းကျော်စွာက မသိဟန်ဆောင်၍မေးလိုက်သည်။

"အဲဒီအိမ်ကြီးမှာ အရင့်အရင်က လောင်းကြေးထပ်ပြီး ွားအိပ်တဲ့လူမှန်သမျှ တစ်ယောက်မှ အသက်ရှင်ရက်နဲ့ ပြန်ထွက် လာနိုင်ကြဘူး၊ အစ်ကိုကျမှ ဘာမှမဖြစ်တာတော့ အံ့ဩစရာပဲ၊ စ်ကို အိမ်ကြီးထဲမှာ ဘာမှမတွေ့ခဲ့ဘူးလားဟင်"

"ဟင့်အင်း မတွေ့ခဲ့ပါဘူး၊ ရောက်ကတည်းက အရက် ူးပြီး ခုတင်ပေါ်တက်အိပ်လိုက်တာ မနက်လင်းမှပဲ နိုးတော့တာ၊ ဲ ဒါတွေထားလိုက်ပါတော့၊ ကိုယ်မင်းကိုခေါ်လာတာ တခြား တော့မဟုတ်ဘူး၊ သိချင်တာလေးတွေရှိလို့ပဲ"

"အစ်ကို ဘာသိချင်တာလေးတွေရှိလို့လဲ"

"တခြားတော့မဟုတ်ပါဘူး၊ မင်းက နယ်ခံဆိုတော့ ကိုယ့်ထက်တော့ ပိုပြီးသိမှာပါ၊ ကိုယ်သိချင်တာက ဟော်နန်းကုန်း ိမ်ကြီးနဲ့ပတ်သက်တဲ့လူတွေအကြောင်းကို သိချင်တာပါ၊ မင်း ိသမျှ ကိုယ့်ကိုပြောပြပေးပါ"

ကေသီက သူ့မျက်နှာကို တစ်ချက်မော့ကြည့်သည်။

ပြောသင့်၊ မပြောသင့်ကို အတန်ကြာအောင် စဉ်းစားနေ န်ရှိသည်၊ အတန်ကြာသောအခါမှ တစ်စုံတစ်ခုကို ဆုံးဖြတ် ျက်ချလိုက်ပြီးနောက် ထက်မင်းကျော်စွာသိလိုသော အကြောင်း ရာအချို့ကို ပြောပြလေတော့သည်။

ထို့နောက် ညနေပိုင်းတွင် မန္တလေးမှမိုင်းပွန့်သို့တက်သော

www.burmeseclassic.com

www.burmeseclassic.com



ကားဖြင့် ပြန်ခဲ့ကြသည်။

တည်းခိုခန်းပြန်ရောက်တော့ ည(၉)နာရီထိုးခါနီးနေပြီ။

တည်းခိုခန်းသို့ရောက်သောအခါ. . .၊

"ကဲ မင်းလည်း တစ်နေ့လုံးပင်ပန်းလာတာ မင်းအခန်း ပြန်ပြီး နားပေဦးတော့၊ ကိုယ်လည်း ပြန်အိပ်တော့မယ်၊ မနက်ကျ ရင် ကိုယ်မင်းဆီကိုလာခဲ့မယ်၊ အဲဒီအခါကျမှ မင်းပြန်ဖို့ တစ်ခါ တည်းစီစဉ်ကြတာပေါ့၊ ကဲ ကိုယ်သွားမယ်"

ထက်မင်းကျော်စွာထွက်သွားပြီးနောက် ကေသီသည် သူမအခန်းရှိရာသို့ ပြန်လာခဲ့သည်။

အခန်းတံခါးဖွင့်ပြီး အတွင်းသို့ဝင်ကာ တံခါးပြန်ပိတ်လိုက် သောအခါ သူမအတွက် မမျှော်လင့်သောအန္တရာယ်တစ်ခု ရောက် နေပြီဆိုတာ သိလိုက်သော်လည်း နောက်ကျသွားချေပြီ။

လမိုက်ညသည် ပို၍အကျည်းတန်သွားခဲ့ပြီ။

☪ ☪ ☪



## အခန်း(၁၃)

"ဒေါက်. . ဒေါက်. . ဒေါက်"

အခန်းတံခါးခေါက်သံကြားလိုက်ရသဖြင့် အိပ်ပျော်နေရာ မှ နိုးသွားသည်၊ လက်မှ နာရီကြည့်လိုက်တော့ နံနက်(၈)နာရီ ထိုးနေပြီ။

"ဘယ်သူလဲ"

"မန်နေဂျာပါ"

တံခါးဖွင့်ပေးလိုက်တော့ တည်းခိုခန်းမန်နေဂျာကို တွေ့ ရသည်။

"ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို အောက်မှာ ဧည့်သည်တစ်ယောက်တွေ့ဖို့ လာစောင့်နေတယ်"

"အေး ကောင်းပြီ၊ ခဏလေးစောင့်ခိုင်းထားလိုက်၊ ငါအခု ပဲဆင်းလာခဲ့မယ်"

မျက်နှာသစ် အဝတ်အစားလဲပြီးဆင်းလာတော့ ဧည့်ခန်းတွင် အေးအေးဆေးဆေးထိုင်စောင့်နေသော အိုင်ပီအောင်မင်းအောင်ကို တွေ့ရသည်။

"မောင်ရင် ပြီးရင်အပြင်ထွက်ပြီး တစ်ခုခုစားကြရအောင်"

ခေါင်းညိတ်ပြပြီး နှစ်ယောက်သားအပြင်သို့ ထွက်ခဲ့ကြသည်။

"မောင်ရင် ညကအိပ်ရေးပျက်တယ်နဲ့တူတယ်၊ မြို့ပြင် လမ်းဘေးမှာ လူသေအလောင်းတစ်လောင်းတွေ့လို့တဲ့၊ သွားကြည့်ရအောင်"

သူတို့ရောက်သွားတော့ အလောင်းအနီးတွင် ပုလိပ်တွေရော၊ စုံထောက်တွေပါ အလုပ်ရှုပ်နေကြသည်။

အိုင်ပီအောင်မင်းအောင်ကိုမြင်တော့ ပုလိပ်တွေလမ်းဖယ်ပေးကြသည်၊ အလောင်းမှာ မိန်းကလေးအလောင်းဖြစ်ပြီး တစောင်းအနေအထားလဲကျနေကာ ဇက်မှာတစ်ဖက်သို့လည်နေသည်။

အနီးသို့ရောက်ပြီး အသေအချာကြည့်သောအခါ လည်ပင်းတွင် ဓားဒဏ်ရာဖြင့် သေဆုံးနေသူမှာ ကေသီဆိုသော မိန်းကလေး





ဖြစ်ကြောင်း တွေ့ရတော့သည်။

ကေသီမှာ မနေ့က သူနှင့်အတူရှိစဉ်က ဝတ်ထားသော ဝတ်အစားများနှင့်ပင် ရှိသေးသဖြင့် ညက အခန်းထဲပြန်ရောက် ရောက်ချင်း အသတ်ခံလိုက်ရဟန်ရှိသည်။

လည်ပင်းမှဒဏ်ရာမှာ အတော်ကြီးပြီး ထိုဒဏ်ရာကြောင့်ပင် သေဆုံးခဲ့ခြင်းဖြစ်သည်၊ အေးမြသောအချိန်ပင်ဖြစ်လင့်ကစား လည်ပင်းမှသွေးများသည် ကိုယ်ပေါ်သို့စီးကျနေဆဲပင်။

ထက်မင်းကျော်စွာသည် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ကေသီ့လက်တစ်ဖက်ကို ဖြေကြည့်လိုက်သောအခါ ငွေရောင်မတ်စေ့တစ်စေ့ကို တွေ့ရသည်။

၎င်းမတ်စေ့အား ယူကြည့်သောအခါ တစ်ဖက်တွင် နုတ်ပန်းများရှိပြီး အလယ်တွင် အင်္ဂလိပ်အက္ခရာဖြင့် (၅)ဂဏန်းကိုတွေ့ရသည်၊ ကျန်တစ်ဖက်တွင် မာန်ဖီဟိန်းဟောက်လျက်ရှိသော ကျားခေါင်းကိုတွေ့ရသည်။

ထက်မင်းကျော်စွာက မတ်စေ့ကလေးကို အိတ်အတွင်း ထည့်လိုက်ပြီး ထိုနေရာမှထလိုက်သည်။

မိမိအနေဖြင့် ဘယ်လိုမှကယ်ခွင့်မရလိုက်သော ကေသီဆိုသောမိန်းကလေးအတွက် စိတ်မကောင်းဖြစ်မိသည်။

ထိုအချိန်တွင် အိုင်ပီအောင်မင်းအောင် အနီးရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မောင်ကျော်စွာ၊ လူသတ်မှုပဲမဟုတ်လား"

ထက်မင်းကျော်စွာက ခေါင်းညိတ်ပြလိုက်ပြီး. . .၊

"ဟုတ်တယ် အိုင်ပီ၊ လူသတ်မှုမှ ရက်ရက်စက်စက်ကို အသတ်ခံလိုက်ရတာပဲ"

"ဒီမိန်းကလေးကို မောင်ရင်သိလား"

"သိသမှ အတော့်ကိုရင်းရင်းနှီးနှီးကိုသိတာ၊ မနေ့က တောင် သူ့ကိုခေါ်ပြီး မြို့ပြင်ဘက်သွားခဲ့သေးတယ်၊ ပြန်လာမှ အသတ်ခံလိုက်ရတာ အိုင်ပီ"

အိုင်ပီအောင်မင်းအောင်က ဆေးတံကိုထုတ်ယူကာ ဆေး သာဖြည့်ပြီး မီးညှိလိုက်သည်၊ ထို့နောက် တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"အင်း. . . ဒီပုံဆိုရင်တော့ မောင်ရင့်ကို သူတို့ရိပ်မိသွား ကြပြီနဲ့တူတယ် မောင်ကျော်စွာ၊ အခုအခြေအနေရော ဘယ် လောက်တိုးတက်မှုရှိနေပြီလဲ"

"မကြာခင်မှာတော့ တရားခံတွေကို ဖမ်းမိတော့မှာပါ အိုင်ပီ"

"အင်း. . . ကျုပ်တို့ဘက်က မြန်နိုင်လေကောင်းလေပဲ မောင်ကျော်စွာရေ၊ မင်းကြီးက တရားခံတွေကို မမိသေးဘူးလား လို့ ခဏခဏ ကျုပ်ကို သံကြိုးရိုက်မေးနေတော့တာပဲ"

"စိတ်ချပါ အိုင်ပီ ကျွန်တော်တစ်ပတ်နှစ်ပတ်အတွင်းမှာ ရွှေဒဂါးအတုလုပ်တဲ့ဂိုဏ်းကိုရော၊ ဟော်နန်းကုန်းအိမ်က





၊လူသတ်သမားနဲ့ ကေသီဆိုတဲ့မိန်းကလေးကို သတ်တဲ့တရားခံကို ပါ ဖမ်းပေးပါ့မယ်"

ထို့နောက် ထက်မင်းကျော်စွာသည် လမ်းဘေးတွင် အလေ့ကျပေါက်နေသော အနီရောင်ပန်းတစ်ပွင့်ကို ချိုးယူလိုက် ပြီး မိန်းကလေးအလောင်းရှိရာသို့ လျှောက်သွားသည်။

အလောင်းအနီးသို့ရောက်သောအခါ ဒူးထောက်၍ချ လိုက်ပြီး ပန်းပွင့်ဖြင့် မိန်းကလေး၏အလောင်းကိုမှ နမ်းဆိုတာ လိုက်သည်။ ရာမှဲ့သွားတော့

"ကဲ ကေသီဆိုတဲ့မိန်းကလေး ငါမင်းကိုယ်တော့ ဒီခန္ဓာ ခံကိုသိချင်တယ်၊ မင်းကိုဘယ်သူသတ်တယ်ဆိုတာ ငါ့ကိုပြောကြ ပင်းငါ့နောက်ကို လိုက်ခဲ့ပေတော့"

ဟုဆိုကာ ပန်းပွင့်ကိုအိတ်အတွင်းသို့ထည့်ကာ အပြင် သို့ထွက်လာခဲ့တော့သည်၊ သူသည်ဈေးနားနှင့် လူသွားလူလာ စည်ကားသောနေရာများတွင် ဆည်းဆာဆိုသောမိန်းကလေးကို တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သော်လည်း မတွေ့ရသဖြင့် မိုင်းပွန်သချိုင်းဘက်သို့ ထွက်ခဲ့သည်။

သချိုင်းအတွင်းမှ ဇရပ်ပေါ် ရောက်သောအခါ ဦးဇန်ကောင်း တစ်ယောက်တည်းကိုသာ တွေ့ရသည်။

"ညှို့သည်လေးလား"

"ဟုတ်တယ်အဘ၊ ဆည်းဆာပြန်မရောက်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆည်းဆာ နယ်ဘက်ကိုခရီးထွက်သွားတာ ပြန်မရောက်သေးဘူး"

"ဒီလိုဆိုရင် အတော်ပဲ၊ ကျွန်တော် ဒီည အဘနဲ့ဒီမှာအိပ်မယ်"

ဦးဗန်ကောင်းက အတန်ငယ်စဉ်းစားနေပြီးမှ. . .၊

"သံသယရှိလို့လား"

တောင် သူ့ကိုသည်။

အသတ်ခံလိုက်ကယ်အဘ၊ ကျွန်တော် သေသွားတဲ့လူရဲ့ဝိဉာဉ်အိုင်းချင်တာလေးတွေမေးမလို့ပါ"

သဘင် ဦးဗန်ကောင်းက ဘေးနားတွင်ချထားသော ဆေးပတ်လိပ်ကိုကောက်ယူပြီး တစ်ဖွာ၊ နှစ်ဖွာ,ဖွာသည်၊ မီးသေစပြုနေပြီဖြစ်သောကြောင့် အတန်ငယ်ဖွာမှ မီးခိုးပြန်ထွက်လာသည်။

"ညော့်သည်လေးက ဝိဉာဉ်နဲ့ပတ်သက်တာတွေကို အယုံအကြည်ရှိလို့လား၊ လက်ခံလို့လား"

"လက်ခံပါတယ်အဘ၊ ရုပ်နဲ့နာမ်ရှိနေတာပဲ၊ ရုပ်ရှိရင်နာမ်ဆိုတာရှိရမှာပေါ့၊ ရုပ်ကမြင်နိုင်တယ်၊ နာမ်ကမမြင်နိုင်ဘူး၊ ဒါပဲကွာပါတယ်၊ ကျွန်တော် နိုင်ငံခြားမဂ္ဂဇင်းတစ်စောင်မှာဖတ်ဖူးတာကတော့ နာမ်ကိုအမှီပြုပြီးမှ ရုပ်ဖြစ်လာတယ်လို့ အခိုင်အမာရေးထားတာဖတ်ဖူးတယ်၊ အဘရောဘယ်လိုသဘောရသလဲ"

"ကျုပ်တို့ဗုဒ္ဓအယူအဆနဲ့ဆိုရင်တော့ တခြားဆီပါပဲ၊





မြတ်စွာဘုရားဟောတဲ့တရားတော်တွေမှာတော့ ရုပ်နာမ်နှစ်ပါးဆိုပြီး၊ ရုပ်ကိုအမှီပြုပြီး နာမ်ဖြစ်ရတယ်လို့ ပါပါတယ်၊ နာမ်ရုပ်ဆိုပြီးတော့ မဟောခဲ့ပါဘူး၊ နာမ်ဆိုတဲ့ဝိဉာဉ်ဟာ မှီတွယ်ဖို့ခန္ဓာအိမ်မရှိရင် ဘယ်လိုမှလုပ်လို့မရဘူး"

"ဒါကြောင့် ဝိဉာဉ်တစ်ခုဟာ လူ့ဘဝကိုလာတော့မယ်ဆိုရင် သူတွယ်ရမယ့် ခန္ဓာအိမ်ကိုအရင်ရှာရတယ်၊ ဒါကြောင့်ကျုပ်တို့ရဲ့ ဗုဒ္ဓလမ်းစဉ်မှာတော့ ရုပ်ကိုအမှီပြုပြီးမှ နာမ်ဆိုတာဖြစ်ရတာပါပဲ၊ ရုပ်ကြီးသေသွားရင် နာမ်ဟာနေစရာမဲ့သွားတော့တာပါပဲ၊ တစ်ချို့ကြတော့လည်း အကျိုးပေးကောင်းတော့ ဒီခန္ဓာကထွက်တာနဲ့ နောက်တစ်နေရာမှာနေဖို့အဆင်သင့်ရှိနေတတ်ပါတယ်၊ တစ်ချို့ကြတော့လည်း နေစရာမှီခိုစရာမရှိပဲနဲ့ နှစ်ပေါင်းများစွာလွင့်နေတတ်ကြရတယ်"

ဦးဗန်ကောင်းစကားကြားရသောအခါ ထက်မင်းကျော်စွာရင်မောစွာ သက်ပြင်းချလိုက်သည်။

"လူဆိုတာ ဘဝကူးကောင်းဖို့လိုတယ်ဆိုတာ သေမှပဲသိကြရတယ်ကွယ့်"

ထိုသို့ဖြင့် နှစ်ယောက်သားစကားတပြောပြောဖြင့်နေကြရာ တဖြည်းဖြည်းညဦးပိုင်းအချိန်သို့ ရောက်လာလေတော့သည်၊ မှောင်စပျိုးသွားသည်နှင့် အမှောင်ထုနှင့်တိတ်ဆိတ်ငြိမ်သက်ခြင်းက သချိုင်းတစ်ခုလုံး ဖုံးလွှမ်းလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ပုရစ်အော်သံများ စူးစူးဝါးဝါးဖြစ်ပေါ်လာသည်။

"ညော့်သည်လေး ဝိဉာဉ်ခေါ်မယ်ဆိုရင် ဒီအချိန်ခေါ်တာ အကောင်းဆုံးပဲ၊ ပိတ်စအနက်တစ်စပါလား"

"ဟင့်အင်း မပါဘူးအဘ"

"မပါရင် ဒီမှာယူသွား၊ ဟိုဘက်မှာ လူသေအလောင်းတွေကို သရဏဂုံတင်တဲ့နေရာရှိတယ်၊ အဲဒီနေရာရောက်ရင် အဲဒီပိတ်စအနက်ကို ကြမ်းပေါ်မှာခင်းလိုက်၊ ပြီးရင် အဲဒီအပေါ်မှာ လက်ဝါးမှောက်အုပ်ပြီး ဝိဉာဉ်ခေါ်ရင်လာလိမ့်မယ်၊ ကိုင်း ကျုပ်ပါလိုက်ခဲ့ပါ့မယ်၊ သွားကြရအောင်၊ သန်းခေါင်ကျော်သွားရင် ဝိဉာဉ်တွေကိုခေါ်လို့မရနိုင်ဘူး"

ဦးဇန်ကောင်းက နေရာမှထရပ်ပြီး နံရံတွင်ထောင်ထားသော တုတ်ရှည်တစ်ချောင်းကိုဆွဲယူပြီး စမ်း၍လျှောက်သည်။

"အပြင်မှာ သိပ်မှောင်နေတယ်၊ အဘလျှောက်လို့ဖြစ်ပါ့မလား"

ဦးဇန်ကောင်းထံမှ ရယ်သံကြားလိုက်ရသည်။

"မျက်စိကန်းနေတဲ့သူဟာ အမှောင်ထဲမှာပိုပြီး မြင်ရတယ်ဆိုတာ ညော့်သည်လေးမေ့နေပြီထင်တယ်၊ ကဲ သွားမယ်၊ အရှေ့ဘက်သွားပြီး မြောက်ဘက်ကိုနည်းနည်းကွေ့လျှောက်လိုက်ရင် သရဏဂုံတင်တဲ့ဇရပ်ရှိတယ်"





ဦးဇန်ကောင်းကပင် အမှောင်ထဲမှာ တုတ်ဖြင့်စမ်းလျှောက်ရင်း ရှေ့မှသွားသည်၊ သူကနောက်မှလိုက်သည်။

အုတ်ဂူများ၊ မြေပုံမှတ်တိုင်များကြားမှ လျှောက်ကြရသည်။ မြေပုံများကြားမှ မြေကွက်ကြီးများ အလန့်တကြားဖြတ်ပြေးသွားသံမှာ တိတ်ဆိတ်လျက်ရှိသောပတ်ဝန်းကျင်ကို ချောက်ခြားဖွယ်ရာဖြစ်စေသည်။

ခဏအကြာတွင် မှောင်မည်းလျက်ရှိသော ဇရပ်ဟောင်းတစ်ခုပေါ်သို့ ရောက်လာကြသည်၊ ဇရပ်အမိုးမှာ သွပ်ဟောင်းများမိုးထားဟန်ရှိပြီး သံကွာလျက်ရှိသောနေရာများမှာ တဗျမ်းဗျမ်းဖြစ်သံများ မြည်နေသည်၊ ထုပ်ယောက်ဒိုင်းများမှ တကျိကျိမြည်သံများလည်းကြားရသည်၊ ဇရပ်ပေါ်တွင် ညှီစို့စို့အနံ့များ၊ အပုပ်နံ့များရှိနေသည်။

"ကိုင်း. . . ညော့်သည်လေး၊ ကျုပ်ဒီနေရာမှာ ထိုင်နေမယ်၊ ညော့်သည်လေးလုပ်စရာရှိတာ လုပ်ပေတော့၊ အခုအချိန်မျိုးက ဝိဉာဉ်တွေခေါ်လို့အကောင်းဆုံးပဲ"

"ဘယ်လိုလုပ်ရမလဲအဘ"

"လွယ်ပါတယ်၊ မောင်ရင်ဝိဉာဉ်ခေါ်လာတဲ့ ပန်းခက်ကို နံရံမှာထောင်ထားပြီး ပိတ်အနက်စကို အဲဒီရှေ့မှာ ဖြန့်ခင်းလိုက်ပေါ့၊ အဲဒီအပေါ်မှာ လက်ဝါးမှောက်ချပြီးရင် မောင်ခေါ်ချင်တဲ့ ဝိဉာဉ်နာမည်ကိုခေါ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကျော်စွာက ဦးဇန်ကောင်းပြောသည့်အတိုင်း ပန်းခက်ကိုထောင်ပြီး ပိတ်အနက်စကိုခင်းသည်၊ လက်တစ်ဖက်က ထိုအပေါ် မှောက်အုပ်ပြီး ကျန်တစ်ဖက်က သေနတ်အနီးတွင် အဆင်သင့်တင်ထားသည်။

ထို့နောက်. . . .၊

"ကဲ သေဆုံးသွားတဲ့ကေသီဆိုတဲ့ မိန်းကလေးရဲ့ဝိဉာဉ်. . ဒီအနီးဝန်းကျင်တစ်ဝိုက်မှာရောက်နေရင် ဒီကိုအမြန်လာခဲ့ပါ၊ ကျုပ်မင်းကိုတွေ့ချင်တယ်၊ မေးစရာတွေရှိတယ်၊ မင်းရောက်လာပြီဆိုရင် ငါသိအောင်အချက်ပြပေးပါ"

ဤသို့ ခပ်တိုးတိုးရေရွတ်လိုက်သည်။

မျက်လုံးကိုမှိတ်ပြီး သတိဖြင့်စောင့်ဆိုင်းနေစဉ် ခဏအကြာ နားထဲမှာ လေတိုးသံလိုလို အသံများကြားလာရသည်၊ သချိုင်းတစ်ခုလုံး လှုပ်ရှားမှုအသံများ ဟိုနေရာ၊ ဒီနေရာမှ ကြားလာရသည်။

"မျက်လုံးမဖွင့်နဲ့၊ အသံကြားရင် မေးချင်တာမေးလို့ရပြီ"

ဦးဇန်ကောင်းက နောက်မှ ခပ်တိုးတိုးပြောသည်။

လေတိုးသံနှင့်အတူ ဇရပ်တစ်ခုလုံး အသံမျိုးစုံတို့ ထွက်ပေါ်လာသည်၊ အတန်ကြာသောအခါ လေတိုးသံများကြားမှ. .

"ကျွန်မရောက်လာပါပြီ"

ဟူသော အသံတစ်သံကို မသဲမကွဲကြားလိုက်ရသည်၊





ထက်မင်းကျော်စွာ မျက်လုံးကို ဖျပ်ကနဲဖွင့်ကြည့်လိုက်သည်၊ အမှောင်ထုကြောင့် ဘာမှမမြင်ရပေ။

"မေးချင်တာမေးပါ"

"မင်းကိုသတ်တဲ့တရားခံဘယ်သူလဲ၊ ပြောပါ"

ထိုအခါ လေတိုးသံများနှင့်အတူ သူသိလိုသောအကြောင်းအရာအချို့ကို ပြောပြလေတော့သည်။

ထိုအကြောင်းအရာများသည် အမှုနှင့်သက်ဆိုင်သောအကြောင်းများ ဖြစ်နေသောကြောင့် ထက်မင်းကျော်စွာ အံ့သြမိသည်၊ နောက်တစ်ကြိမ်မျက်လုံးဖွင့်ကြည့်သောအခါ ဇရပ်ထောင့်တစ်နေရာတွင် ဖြူဖြူသဏ္ဍာန်တစ်ခုကို မသဲမကွဲလှမ်းမြင်ရသည်။

"ကိစ္စပြီးပြီဆိုရင် သူ့ကိုလွှတ်လွှတ်လပ်လပ်ရသည်၊ သို့ကြောင့် ;

"မင်းတာဝန်ကျေပြီ မင်းသွားလိုရာသွားနိုင်ပြီ၊ မင်းဒီနေရာက သွားလိုရာသွားနိုင်ပြီ"

ထက်မင်းကျော်စွာက မျက်လုံးမှိတ်ပြီး ထိုသို့ပြောလိုက်ပြီးနောက် မျက်လုံးပြန်ဖွင့်လိုက်သောအခါ စောစောကဇရပ်ထောင့်တွင်တွေ့လိုက်ရသော ဖြူဖြူသဏ္ဍာန်ကို မတွေ့ရတော့ပေ။

✝ ✝ ✝



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ညသန်းခေါင်ယံအချိန်. . .၊

သချိုင်းအစပ်၌ရှိသော ဂူကြီးအတွင်း၌ အဝတ်နက်ကြီးများခြုံထားသော ဝိညာဉ်တို့၏ဆွေမျိုးများ တစ်စတစ်စရေးရောက်ရှိလာကြရာ မကြာမီ ဂူအတွင်းတွင် အတော်များများရောက်နေကြတော့သည်။

ဂူအတွင်း၌ မီးတိုင်အချို့ထွန်းထားသောကြောင့် အလင်းရောင်အတန်အသင့်ရှိသည်ဆိုသော်ငြားလည်း တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲမမြင်ရပေ။

ထို့ပြင် အဝတ်နက်ကြီးများခြုံထားသောကြောင့် တစ်ဦးနှင့်တစ်ဦး မည်သူမည်ဝါမှန်းမသိနိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်း၌ ဝိဉာဉ်အဖွဲ့သားများစုံသောအခါ ငြိမ်သက်စွာ စောင့်ဆိုင်းနေကြစဉ် မကြာမီဂူအတွင်းပိုင်းမှ အရိပ်မည်းကြီး တစ်ခုထွက်လာသည်။

ခဏအကြာတွင် အောင်မြင်သောအသံသြကြီးဖြင့်. . ။

"ကျွန်ုပ်တို့ကျားခံတွင်းအဖွဲ့သားများ အစုံအလင်ရောက် လာကြပြီလား၊ ဒီတစ်ပတ်အတွင်းမှာ ကျွန်ုပ်တို့ရဲ့ကျားခံတွင်းထဲ ကို မုဆိုးတွေဝင်လာတာ စုံစမ်းသိရတယ်၊ ကျွန်ုပ်တို့အဖွဲ့ထဲမှာ လည်း အတွင်းကလောက်ထွက်တာတွေရှိတယ်၊ ဒါကြောင့် ဒီ လောက်တွေကို ဖယ်ရှားပစ်ဖို့ တာဝန်ပေးခဲ့တာ အောင်မြင်အောင် ဆောင်ရွက်ပြီးခဲ့ပြီမဟုတ်လား နံပါတ်(၅)"

"ပြီးပါပြီအရှင်"

"ကောင်းပြီ အခုပြောချင်တာက ကျွန်ုပ်တို့နယ်မြေမှာ ကျားဖမ်းမယ့်မုဆိုးတွေရောက်နေလေတော့ အရင်ကလို လွတ် လွတ်လပ်လပ် လှုပ်ရှားဖို့မလွယ်တော့ဘူး၊ ဒါကြောင့် ဘယ်နေရာ မှာပဲဖြစ်ဖြစ် ဘယ်လိုပဲလှုပ်ရှား လှုပ်ရှား အယူးသတိနဲ့သွားလာ လှုပ်ရှားကြပါ၊ ဒီတစ်ပတ်နှစ်ပတ်အတွင်းမှာ တစ်ချီနှစ်ချီ ဖြစ် မြောက်အောင်လှုပ်ရှားပြီးရင် ကျွန်ုပ်တို့ရဲ့မြေအောက်ရတနာ သိုက်ကို ပိတ်ထားဖို့ဆုံးဖြတ်လိုက်ပြီ"

ထိုစကားကြောင့် အခန်းတွင်းမှာ ပိုမိုတိတ်ဆိတ်သွား သည်။





"အခု ဒီကထွက်သွားရင် ဝိဉာဉ်နံပါတ်(၂)နဲ့(၃)က သူလျှိုသစ္စာဖောက်နဲ့ မုဆိုးတွေကို ဖြစ်တဲ့နည်းနဲ့ ရှင်းလင်းသုတ် သင်ပစ်ရမယ်ကြားလား"

"ကောင်းပါပြီ အရှင်"

"နံပါတ်(၄)နဲ့(၅)က ရတနာသိုက်ထဲကပစ္စည်းတွေကို တစ်ဖက်နိုင်ငံကခိုးဝင်လာတဲ့ကုန်သည်တွေကို အမြန်ဆုံးရောင်း ချဖို့နဲ့ သူတို့ဆီကလက်နက်တွေဝယ်ယူဖို့ အမြန်ဆုံးစီစဉ်ပေတော့"

"ကောင်းပါပြီ အရှင်"

"ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ရင် သင်တို့အတွက် တစ်သက်စာရမယ်၊ မအောင်မြင်ရင် ရှေ့ကလူ တွေသွားတဲ့လမ်းအတိုင်း လိုက်ရမယ်၊ အဖွဲ့ဝင်တွေ တခြားဘာ မေးစရာရှိသေးလဲ"

တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့်သာ တုံ့ပြန်ကြသည်။

"ကောင်းပြီ၊ ကျန်တဲ့အဖွဲ့ဝင်တွေ ပြန်နိုင်ကြပြီ၊ အဖွဲ့ဝင် (၂)၊ (၃)၊ (၄)၊ (၅) ကျွန်ုပ်နှင့်တိုင်ပင်ရန် နေရစ်ခဲ့ကြပါ"

နံပါတ်(၁)၏စကားဆုံးသည်နှင့် ကျန်အဖွဲ့ဝင်များ ဂူ အတွင်းမှ တိတ်ဆိတ်စွာ ပြန်လည်ထွက်ခွာသွားကြပြီး ဂူထဲတွင် လူခြောက်ယောက်သာ ကျန်ခဲ့သည်။

ခေါင်းဆောင်လုပ်သူက ဂူထဲတွင်လူလေးယောက်ကျန် ရစ်ခဲ့ရမည့်အစား ငါးယောက်ကျန်နေသည်ကိုတွေ့ရသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုမှားယွင်းမှုဖြစ်နေပြီကို သိလိုက်သည်။

"နံပါတ်(၂)ထပါ"

တစ်ယောက်ကထရပ်ပြီး အမှတ်(၁)ရှေ့တွင် သွားရပ်သည်။

"အဖွဲ့ဝင်အမှတ်တံဆိပ်ပြပါ"

အမှတ်(၂)က ငွေရောင်မတ်စေ့ပြားတစ်ခုကို ခေါင်းဆောင်လက်ထဲသို့ ထည့်ပေးလိုက်သည်။

၎င်းမတ်စေ့မှာ တစ်ဖက်တွင် ကနုပ်ပန်းများရှိပြီး အလယ်တွင် အင်္ဂလိပ်အက္ခရာဖြင့် နံပါတ်(၂)ဟူ၍ ရေးထားသည်။ ကျန်တစ်ဖက်မှာ ကျားခေါင်းတံဆိပ်ရှိသည်။

"ကမ္ဘာပေါ်တွင် အငယ်ဆုံးနိုင်ငံက ဘယ်နိုင်ငံလဲ"

ခေါင်းဆောင်ကမေးသည်။

အမှတ်(၂)က. . .၊

"အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ ဗာတီကန်ဆိုတဲ့ နိုင်ငံဖြစ်ပါတယ်"

"အကျယ်အဝန်းဘယ်လောက်ရှိလဲ"

"သုည ဒသမ ၁၇စတုရန်းမိုင်ပဲ ကျယ်ဝန်းပါတယ်"

ခေါင်းဆောင်က ခေါင်းညိတ်ပြလိုက်သည်နှင့် အမှတ်(၂)က သူ၏နေရာသို့ပြန်လာထိုင်သည်။

"အမှတ်(၃)"





အမှတ်(၃)က ထလာပြီး အဖွဲ့ဝင်တံဆိပ်ကိုပြသည်။

"ကမ္ဘာပေါ်မှာ အထင်ရှားဆုံးတောင်က ဘယ်တောင်လဲ"

"ဂျပန်နိုင်ငံမှာရှိတဲ့ ဖူဂျီယာမာတောင်ဖြစ်ပါတယ်"

"မီးတောင်ပေါက်ကွဲမှုမှာ လူအသေအပျောက်အများဆုံး မီးတောင်ပေါက်ကွဲမှုဟာ ဘယ်နှစ်ခုနှစ်မှာဖြစ်တာလဲ"

"၁၈၈၃-ခုနှစ်မှာဖြစ်တဲ့ ကာရာကာတိုမီးတောင်ပေါက်ကွဲမှုဖြစ်ပါတယ်"

ခေါင်းဆောင်ကခေါင်းညိတ်ပြလိုက်သည်နှင့် အမှတ်(၃)က နေရာတွင်ပြန်လာထိုင်သည်။

"အမှတ်(၄)"

အမှတ်(၄)က သွက်လက်စွာထသွားပြီး အဖွဲ့ဝင်တံဆိပ်ပြားကိုပြသည်။

"လူသက်တမ်းအရှည်ဆုံးနိုင်ငံ ဘယ်နိုင်ငံလဲ"

"ဂျပန်နိုင်ငံပါ"

"ဘယ်လောက်သက်တမ်းရှိလဲ"

"အမျိုးသားတစ်ဦး ပျမ်းမျှ ၇၅ ဒသမ ၉၁နှစ်ရှိပြီး အမျိုးသမီးပျမ်းမျှ ၈၁ ဒသမ ၇၇နှစ်ရှိပါတယ်"

ခေါင်းဆောင်ကြီးကခေါင်းညိတ်ပြလိုက်သောအခါ အမှတ်(၄)က မိမိနေရာသို့ ပြန်သွားလေသည်။

နှစ်၊ သုံး၊ လေးပြီးသောအခါ အမှတ်(၅)[illegible] နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေသည်၊ အမှတ်(၁)က အတန်ကြာအောင် ငြိမ်ပြီးကြည့်နေသည်။

အတန်ကြာမှ. . .၊

"အမှတ်(၅)"

နှစ်ယောက်စလုံးနေရာမှထလိုက်ပြီး ခေါင်းဆောင်ရှေ့သို့ ပြိုင်တူသွားကြသည်။

"ကြယ်ပွင့်ပါတဲ့ တိုင်းပြည်အလံရှိတဲ့နိုင်ငံ ဘယ်နှစ်နိုင်ငံရှိသလဲ"

"(၁၇)နိုင်ငံရှိပါတယ်"

ပြိုင်တူပင် ဖြေလိုက်ကြသည်။

"ပြောပါ"

"(၁) မြန်မာ၊ (၂) ကျူးဘား၊ (၃) ချီလီ၊ (၄) ပါကစ္စတန်၊ (၅) ဆီးရီးယား၊ (၆) တရုတ်၊ (၇) အီဂျစ်၊ (၈) နယူးဇီလန်၊ (၉) ဩစတေးလျ၊ (၁၀) အစ္စရေး၊ (၁၁) ယီမင်၊ (၁၂) အမေရိကန်၊ (၁၃) တူရကီ၊ (၁၄) ယူဂိုဆလားဗီးယား၊ (၁၅) အီရတ်၊ (၁၆) ဗင်နီဇွဲလား စတဲ့နိုင်ငံတွေဖြစ်ပါတယ်"

အမှတ်(၁)က အတန်ကြာအောင် ငြိမ်ပြီးစဉ်းစားနေသည်။

နှစ်ယောက်စလုံးမှာ အရည်အချင်းများတူနေသောကြောင့် ဝေခွဲရခက်နေဟန်ရှိသည်။





"အဖွဲ့ဝင်နံပါတ်ပြားပြပါ"

တစ်ယောက်ကမပြနိုင်ပဲ ကျန်တစ်ယောက်က နံပါတ်(၅)တံဆိပ်ပါသော အဖွဲ့ဝင်ငွေမတ်စေ့ပြားလေးကိုထုတ်ပြီး အမှတ်(၁)လက်ထဲသို့ ပေးလိုက်သည်။

အမှတ်(၁)ကသေချာစွာကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

အမှတ်(၁)က တံဆိပ်ပြားမပါသူဘက်သို့လှည့်ကာ. . .၊

"မင်းဘယ်သူလဲ"

"ကျွန်တော်အဖွဲ့ဝင် ငါးပါ"

"အဖွဲ့ဝင်တံဆိပ် ဘာကြောင့်မရှိတာလဲ"

"တစ်နေ့က တာဝန်ထမ်းဆောင်ရင်း ပျောက်ကျန်ခဲ့တာပါအရှင်"

"ဒီလို ဆင်ခြေပေးလို့မရဘူးလေ၊ တို့ ကျားခံတွင်းအဖွဲ့မှာ စည်းကမ်းရှိတယ်ဆိုတာ မသိဘူးလား၊ အဖွဲ့ဝင်တံဆိပ်ပြနိုင်တဲ့သူသာလျှင် အဖွဲ့ဝင်အဖြစ်အသိအမှတ်ပြုနိုင်မယ်၊ ကျန်တာတွေ ဘာမှဆင်ခြေပေးလို့မရဘူး"

အမှတ်(၁)က အချက်ပေးလိုက်သောအခါ နောက်ဘက်မှ အဝတ်နက်ကြီးများခြုံထားသော လူကြီးလေးယောက်ထွက်လာပြီး အဖွဲ့ဝင်တံဆိပ်ပြားမပါသူကို ဆွဲခေါ် သွားကြတော့သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး သူလူလိမ်၊ လူလိမ်"



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်စွာအော်ဟစ်ရင်းနှင့်ပင် ဂူနောက်ဘက်
ပါသွားလေသည်။

"ဗိဥာဉ်နံပါတ်(၂)နဲ့(၃) သွားနိုင်ပြီ"

နှစ်ယောက် အပြင်သို့ထွက်သွားသည်။

"နံပါတ်(၄)နဲ့(၅) ပစ္စည်းတွေထုခွဲရောင်းချဖို့အတွ
အသေးစိတ် အစီအစဉ်ဆွေးနွေးရအောင်၊ ကျွန်ုပ်နောက်
လိုက်ခဲ့ကြပါ"

ဗိဥာဉ်အမှတ်(၄)နှင့် အမှတ်(၅)တို့မှာ နေရာမှသွက်လ
စွာထရပ်လိုက်ပြီးနောက် အမှတ်(၁)ဝင်သွားရာနောက်
ခပ်သုတ် သုတ် ဝင်လိုက်သွားကြတော့သည်။

အပြင်ဘက်၌မူ အမှောင်ထုနှင့်တိတ်ဆိတ်ခြင်းက ကြ
မင်းမူလျက်ရှိနေသည်။



## အခန်း(၁၅)

တစ်ညသော ညဦးပိုင်းအချိန်တွင် ညဉ့်လွှာရုံလောင်း
ကစားဒိုင်များရှိရာသို့ လူသုံးယောက်ရောက်လာလေသည်။

ခြံဝတွင်စောင့်နေသောအစောင့်များက ထိုလူသုံးဦးကို
မြင်သောအခါ မနှစ်မြို့သလိုအမူအယာဖြင့် ခြံတွင်းသို့ဝင်ခွင့်မပေး
ပေ။

"ခင်ဗျားဝင်ချင်ရင်တော့ တစ်ယောက်တည်းဝင်သွားပေ
တော့၊ သူတို့ကိုတော့ အထဲဝင်ခွင့်မပေးနိုင်ဘူး"

"ဘာကြောင့်လဲ"

"ဒီမှာက ဂုဏ်သရေရှိတဲ့လူကြီးလူကောင်းတွေသာဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စားကြသောက်ကြကစားကြတာ၊ လမ်းဘေးမှာ တောင်းစားတဲ့ သူတောင်းစားတွေကို ဝင်ခွင့်မပေးနိုင်ဘူး”

“ဒါ ငါ့ရဲ့မိတ်ဆွေတွေပဲ၊ မင်းတို့ဆိုင်ကို ပိုက်ဆံပေးနိုင်ရင် ဘယ်သူမဆိုဝင်စားနိုင်တယ်မဟုတ်လား”

အစောင့်နှစ်ယောက်က ထက်မင်းကျော်စွာကို မနှစ်မြို့သလိုကြည့်နေသည်။

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့က လမ်းဘေးမှာတောင်းစားနေကြတာဆိုတော့ ဆိုင်ထဲကိုတော့ ဘယ်နည်းနဲ့မှ ဝင်ခွင့်မပေးနိုင်ဘူး၊ သူတို့အတွက်နဲ့ ကျန်တဲ့စားသောက်နေကြသူတွေကို အနှောင့်အယှက်ဖြစ်လိမ့်မယ်၊ ဒီတော့ ခင်ဗျားမိတ်ဆွေတွေကို စေတနာရှိလို့ ကျွေးချင်မွေးချင်တယ်ဆိုရင်လည်း အပြင်မှာဝယ်ပြီး ကျွေးလိုက်ပေါ့ဗျာ”

ထက်မင်းကျော်စွာက အိတ်ထဲမှ တစ်ဆယ်တန်ဆယ်ရွက်ကို ထုတ်ယူလိုက်ပြီး အစောင့်နှစ်ယောက်အား တစ်ယောက်ငါးရွက်စီ လက်ထဲထည့်ပေးလိုက်သည်။

“တို့က စားဖို့သောက်ဖို့သွားမှာမဟုတ်ဘူး၊ လောင်းကစားသွားလုပ်ကြမှာ၊ တကယ်လို့နိုင်လာရင်လည်း မင်းတို့အတွက် မြိုးမြိုးမြက်မြက်ကလေး ထပ်ရဦးမှာပေါ့ကွာ”

အစောင့်နှစ်ယောက်၏မျက်နှာပေါ်တွင် တင်းမာမှုများ တမဟုတ်ချင်းလျော့ကျသွားပြီး အမူအယာပြောင်းသွားလေတော့





သည်။

“ကဲ. . ကဲ ဒီလိုဆိုရင်လည်း ဝင်ဗျာ. . ဝင် ဝင်”

ခြံတံခါးကိုဖွင့်ပေးလိုက်မှ သူတို့အတွင်းသို့ ဝင်လာကြတော့သည်၊ အတွင်းဘက်တွင် စားသောက်နေသူများ၊ လောင်းကစားဒိုင်များဘက်တွင် လူများစည်ကားလျက်ရှိနေသည်။

သူတို့ ဂျင်ဝိုင်းရှိရာဘက်သို့ လျှောက်လာကြသည်။

“ဟား. . . မောင်ရင်လေး၊ ရောက်လာပြန်ပြီလား”

အဝတ်အစားများစုတ်စုတ်ပြတ်ပြတ်ဖြင့် ဦးချမ်းသာ သူ့အနီးသို့ ရောက်လာသည်။

“ဟား ဦးချမ်းသာပါလား”

“ဟုတ်တယ်မောင်ကျော်စွာ၊ အရင်တစ်ခါက ဟော်နန်းကုန်းအိမ်ကြီးထဲမှာ မောင်ရင်နိုင်လိုက်တာကတော့ အခုထိ တစ်မြို့လုံး ပြောမဆုံးဘူး၊ မောင်ရင်ပြောခဲ့သလိုပဲ၊ လောင်းကစားလာဘ်တော့ အတော့်ကိုကံကောင်းပုံရတယ်”

ထက်မင်းကျော်စွာက ပြုံးရုံသာပြုံးနေလိုက်သည်။

ဦးချမ်းသာက ထက်မင်းကျော်စွာနံဘေးတွင်ပါလာသော ဦးဗန်ကောင်းနှင့်ဆည်းဆာကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

“ဒီတစ်ခါတော့ ဧည့်သည်တွေပါ,ပါလာပါလား၊ ဒါ မောင်ရင့်ဧည့်သည်တွေလား”



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်”

မည်သည့်အရာကို သဘောကျသွားသည်မသိ၊ ဦးချမ်းသာက ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

“ကဲ ဦးချမ်းသာ၊ ကျွန်တော့်ကို လောင်းကြေးကောင်းတဲ့ ဂျင်ဝိုင်းတစ်ဝိုင်းလောက် လမ်းညွှန်ပေးစမ်းပါဗျာ”

“ရှိတာပေါ့၊ သိပ်ရှိတာပေါ့၊ အရင်လူတွေပဲ အခုဒိုင်ပြန်ဖွင့်နေကြတယ်၊ မောင်နဲ့တွေ့ရင်သာ အခြေအနေဘယ်လိုရှိမလဲ မသိဘူး၊ အခုရက်တွေမှာတော့ သူတို့ချည်းနိုင်နေကြတာပဲ”

ထို့နောက် ဂျင်ဝိုင်းရှိရာသို့လာကြသည်။

ဆည်းဆာက ဦးဗန်ကောင်းကို တွဲခေါ်လာသည်။

ဂျင်ဝိုင်းရှေ့တွင်သူရပ်လိုက်သောအခါ ဒိုင်လုပ်သူများက တစ်ချက်မော့ကြည့်ပြီး မှတ်မိသွားဟန်ဖြင့် မျက်စေ့မျက်နှာပျက်သွားကြသည်။

ထက်မင်းကျော်စွာက အိတ်ထဲမှ ငွေစက္ကူတစ်ထပ်နှင့် ရွှေဒင်္ဂါးအချို့ကိုထုတ်ယူပြီး စားပွဲပေါ် ချလိုက်သည်။

ဒိုင်က ဂျင်သီးကိုလက်ဖြင့်ကိုင်ထားရင်း ချိန်ဆနေသည်၊ ထို့နောက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ဂျင်ကိုလှည့်၍ အုပ်သည်၊ ထိုးသားများက မိမိတို့နှစ်သက်ရာအကွက်များပေါ်တွင် လောင်းကြေးငွေများထိုးကြသည်။

ထက်မင်းကျော်စွာ မထိုးသေးပေ။





“ဘာကောင်ပေါ် သွားလဲ မောင်ကျော်စွာ”

“ကြက်”

နောက်တစ်ကြိမ်လှည့်ရန်ပြင်နေဆဲမှာပင် ဦးဗန်ကောင်း နောက်ဘက်မှ တိုးတိုးကပ်မေးသည်။

“ဒီတစ်ပတ်လွှတ်ပေးလိုက်ပြီးမှ နောက်တစ်ပတ်မှာ ထိုးမယ်”

“ဟုတ်ကဲ့”

နောက်တစ်ကြိမ်တွင်လည်း ဒိုင်စားသွားပြန်သည်။

ဒိုင်ကနောက်တစ်ကြိမ် ဂျင်ကိုလှည့်ပြီးအုပ်သည်။

ဦးဗန်ကောင်းက နောက်ဘက်မှ ဂျင်လည်သံ၊ လဲကျသံများကို နားစွင့်နေသည်။

“ဆရာ ထိုးလေဗျာ၊ ဘာစဉ်းစားနေတာလဲ”

ဒိုင်က ထက်မင်းကျော်စွာကို လှမ်းပြောလိုက်သည်။

ဦးဗန်ကောင်းက ထက်မင်းကျော်စွာအား နောက်ဘက်မှ ကပ်ပြီး တစ်စုံတစ်ရာပြောသည်။

“ထိုးကြေး၊ လျော်ကြေးက ဘယ်လိုလဲ”

“ထုံးစံအတိုင်း အလျော်အစားလုပ်မယ်၊ ကြိုက်သလောက် ထိုးနိုင်တယ်”

ထက်မင်းကျော်စွာက ခေါင်းတစ်ချက်ညိတ်ပြီး [illegible] အကွက်ပေါ်သို့ ရှိသမျှရွှေငွေများ ပုံအောထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖုံးဖွင့်လိုက်သောအခါ. . . .၊

"ပုဇွန်ကွေးကွေးလေး၊ ပုဇွန်ကွေးကွေးလေး"

ဘေးမှကြည့်နေသူများက ဝိုင်းအော်ကြသည်။

ဒိုင်များ မျက်နှာပျက်သွားကြသည်။

ထက်မင်းကျော်စွာထိုးထားသော ရွှေဒင်္ဂါးနှင့်ငွေများက မနည်းလှပေ၊ ထိုလျော်ကြေးများကို သုံးဆနှုန်းလျော်ရလျှင် ဒီဉ အဖို့ ဒိုင်ပိတ်ရတော့မည်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက် လိုက်သည်။

"မင်းဘယ်သူလဲ"

"ငါ့နာမည် နတ်မျက်လုံးတဲ့ မှတ်ထား၊ မင်းတို့လို လောင်း ကစားဒိုင်တွေကို လိုက်ပြီးစိန်ခေါ်နေတဲ့သူလို့ပဲ မှတ်ထားလိုက် ပေါ့ကွာ"

"မင်းလူလိမ်ပဲ၊ ဒီအောက်က ပေါက်ကောင်ကို ဘယ်လို မြင်နေသလဲပြောစမ်း"

"ငါ့နာမည် နတ်မျက်စိလို့ပြောထားတာ မေ့သွားပြီလား၊ မင်းတို့မှောက်ထားတဲ့ခွက်အောက်က ပေါက်ကောင်လောက်တော့ မပြောနဲ့၊ ဟို အဝီစိငရဲကိုတောင် လှမ်းမြင်ရတယ်"

"မင်း တို့ကို သက်သက်လာနှောင့်ယှက်နေတာမဟုတ်လား မင်းကို မှတ်လောက်အောင် ဆုံးမပေးလိုက်ရမယ်"

"ဒါကတော့ မင်းတို့ သက်သက်ကလိန်ကျတာပဲ၊ လောင်း ကစားဒိုင်လည်း အမည်ခံထားသေးတယ်၊ ထိုးလို့ပေါက်ပြန်တော့ လည်း မလျော်ပေးချင်ဘူး၊ ဒါ ဘယ်လိုသဘောလဲ"

"ဒါကတော့ မင်းကို ကောင်းကောင်းဆုံးမပေးချင်တဲ့ သဘောပေါ့ကွာ"

"ဟေ့. . ဟေ့ မင်းတို့ ဒီလိုမလုပ်ကြနဲ့လေ၊ မလုပ်ကြနဲ့ လေ"

ဦးချမ်းသာက ကြားထဲမှဝင်ပြောသည်။

သို့သော် မရတော့ပေ။

နဂိုကတည်းကရန်လိုနေသော လူသုံးယောက်က ရှေ့သို့ ထွက်လာပြီး ထက်မင်းကျော်စွာအား ဝိုင်းဝန်းတိုက်ခိုက်ကြလေ တော့သည်၊ ရန်ပွဲဖြစ်သည်နှင့် အခြားသူများက လွတ်ရာသို့ ရှောင်သွားကြတော့သည်။

ထိုအခါ စောစောကလူသုံးယောက်အပြင် အခြားသူများ ပါ ဝင်ရောက်တိုက်ခိုက်ကြသည်၊ သို့သော် တိုက်ရည်ခိုက်ရည် ကျွမ်းကျင်လှသော ထက်မင်းကျော်စွာလက်ချက်ကြောင့် တစ် ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်။

ခဏအကြာ ဘေးနားတွင်ရပ်နေသော ဦးဇန်ကောင်း နောက်ဘက်မှ လူတစ်ယောက်က ရန်မူရန်ပြေးဝင်သွားသည်။

အနီးသို့ရောက်သောအခါ ဦးဇန်ကောင်းမှာ အရှိန်နှင့် လိုက်အောင် လျင်မြန်သွက်လက်စွာ လက်ထဲမှတုတ်ချည်ဖြင့်







www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ဆောင့်ထိုးချလိုက်ရာ နောက်ဘက်မှအရှိန်ဖြင့် ဝင်လ
သူမှာ ရင်ဝတည့်တည့်သို့တုတ်ချက်မိသွားကာ 'အင့်'ကနဲအော
နိုင်ပြီး ပက်လက်လန်လဲကျသွားတော့သည်။

နောက်တစ်ယောက်က ဆည်းဆာကိုဝင်ချုပ်ရန် ကြိုးစ
ပြန်သည်၊ ထိုအခါ ဦးဇန်ကောင်းလက်ထဲမှ တုတ်ရှည်က ဝဲက
ထွက်သွားသည်။

"ဗြဲ"

"ဖြောင်း"

"အား"

နောက်ဇေ့တည့်တည့်ကို တုတ်ရှည်ချက်မိသွားပြီး တ
ယောက် လဲကျသွားပြန်သည်။

ဤသို့ဖြင့် မျက်စိမမြင်သော ဦးဇန်ကောင်း၏တုတ်ရှ
ချက်ကြောင့် လူနှစ်ယောက်၊ သုံးယောက်လဲကျကုန်သည်။

ထက်မင်းကျော်စွာက ထိုမြင်ကွင်းကိုလှမ်းမြင်ရသဖြ
စိတ်ထဲမှာ လွန်စွာအံ့သြသွားမိတော့သည်။

"ဦးဇန်ကောင်းဟာ မျက်စိသာမမြင်တာ ငါထင်တာထ
တောင် ဖျပ်လတ်သွက်လက်နေပါလား"

ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

သည်ဘက်မှ နှစ်ယောက်သုံးယောက်ကိုလည်း ထက်
ကျော်စွာက အလွယ်တကူပင် တိုက်ခိုက်အနိုင်ယူလိုက်နိုင်





ကြောင့် မကြာမီ ပွဲကပြီးသွားလေတော့သည်။

မလှမ်းမကမ်းမှ အခြေအနေကိုကြည့်နေသူများမှာလည်း ယခင်ကတွေ့နေကျမြင်နေကျအတိုင်းမဟုတ်ပဲ သူတို့ထင်သလို ဖြစ်မလာပဲနှင့် ဒိုင်အဖွဲ့များ ကြမ်းပြင်ပေါ်သို့ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားသည်ကိုမြင်တွေ့ကြရသဖြင့် တအံ့တသြ ဖြစ်ကုန်ကြသည်။

အချို့ကလည်း ကျေနပ်အားရသောလေသံဖြင့်. . .၊

"တစ်သက်လုံး သူများတကာတွေကို အနိုင်ကျင့်ချင်တဲ့ လူတွေ၊ အခုလို ခံရမှကောင်းတယ်"

ဟု တိုးတိုးပြောကြသည်။

ထက်မင်းကျော်စွာကတော့ အေးအေးဆေးဆေးအမူ အယာဖြင့် အိတ်တစ်လုံးကိုထုတ်ကာ စားပွဲပေါ်တွင်ချထားသော ငွေစက္ကူများ၊ ရွှေဒင်္ဂါးများကို အကုန်သိမ်းယူ၍ထည့်သည်။

ထို့နောက် မလှမ်းမကမ်းတွင်ရပ်ကြည့်နေသော ဦးချမ်းသာအား ငွေစက္ကူအနည်းငယ်ပေးလိုက်သည်။

"ကျေး. . . ကျေးဇူးပဲမောင်ကျော်စွာ၊ မင်းကတော့ တကယ် လက်သံပြောင်တဲ့သူငယ်ပဲ၊ ဟိုလူတွေကို တီးလိုက်တာများ ရုံတောမီးလောင်တဲ့အတိုင်းပဲကွာ"

အားရပါးရပြောနေလေသည်။

ထက်မင်းကျော်စွာက ဦးဇန်ကောင်းနှင့်ဆည်းဆာတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး အပြင်သို့ထွက်လာစဉ် ဘိုးမင်းဖြူနှင့်လူအချို့ အပြင်ဘက်မှ ဝင်လာကြသည်။

ထက်မင်းကျော်စွာ အနီးသို့ရောက်သောအခါ. . . ၊

"ပြန်တော့မလို့လားကွယ့်၊ ဒီကလူတွေ မိုက်မဲကြလို့ ဧည့်သည်အပေါ်မှာ အခုလိုဆက်ဆံတာ အဘကပဲ ကြားထဲက မောင်ရင့်ကိုတောင်းပန်ပါတယ်"

ဟု ချိုသာစွာဖြင့် စကားဆိုသည်။

"ရပါတယ်အဘ"

"ပြန်တော့မလို့လားကွယ့်"

ထက်မင်းကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။

"အထဲကို ခဏဝင်ပါဦးကွယ်၊ မောင်ရင်လေးကို အဘ စကားနည်းနည်းပြောစရာရှိလို့ပါ"

အခြေအနေက ဇွတ်ထွက်သွားလို့ကောင်းသော အခြေအနေမျိုးမဟုတ်ပေ၊ ထက်မင်းကျော်စွာက ဦးဗန်ကောင်းနှင့် ဆည်းဆာတို့ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး. . . ၊

"သူတို့ကိုပါ အထဲခေါ်ခဲ့လို့ရမလား"

ဟု မေးလိုက်သည်။

"ရပါတယ်၊ ရပါတယ် ခေါ်ခဲ့ပါ၊ အဘတို့က အဆင့်အတန်း မခွဲတတ်ပါဘူး၊ ကဲ လာကြပါ"

ဘိုးမင်းဖြူက ရှေ့မှဦးဆောင်ခေါ်သွားရာနောက်သို့ လိုက်





ခဲ့ကြရသည်၊ စားပွဲတစ်လုံးသို့ရောက်သောအခါ ဝိုင်းထိုင်လိုက်ကြပြီး ဘိုးမင်းဖြူကပင် ၎င်း၏တပည့်တစ်ယောက်အား စားသောက်ဖွယ်ရာများ မှာကြားခိုင်းလေသည်။

ယခုတော့လည်း ခန်းမအတွင်းမှာ စားသောက်သူများ၊ လောင်းကစားဝိုင်းများဖြင့် ပြန်လည်စည်ကားနေတော့သည်။

မကြာမီ မှာကြားထားသောစားသောက်စရာများ ရောက်လာသည်၊ စားရင်းသောက်ရင်းနှင့်ပင် စကားပြောကြသည်။

"မောင်ရင်လေးက နယ်ဘက်ကလာတဲ့ဧည့်သည်ထင်တယ်၊ တစ်ခါတောင် အဘဆီမှာ ဝေဒင်လာမေးဖူးသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"ဒီကို ရောက်နေတာအတော်ကြာပြီထင်တယ်၊ အလုပ်အကိုင်ရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ ဒီမှာက လောင်းကစားဝိုင်းလေးတွေပေါတော့ မပြန်နိုင်သေးဘူးဖြစ်နေတယ် အဘ"

ဘိုးမင်းဖြူက သဘောကျစွာရယ်နေသည်။

"မောင်ရဲ့သတင်းကတော့ ကြားပါတယ်၊ ဒီမှာ လောင်းကစားလုပ်တိုင်း နိုင်သွားတာချည်းပဲလို့ ပြောကြတယ်၊ မောင်က လောင်းကစားနဲ့တော့ အတော့်ကိုအကျိုးပေးသန်ပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ ယော်နန်းကုန်းအိမ်ကြီးမှာ တစ်ယောက်တည်းသွားအိပ်တာတောင် ဘာမှမဖြစ်ပဲ အနိုင်ရတယ်ဆိုတော့ အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



စရာပဲ"

"ဒါကတော့ သိပ်ပြီးမဆန်းကြယ်လှပါဘူးအဘ၊ ကျွန်တော်မှ သရဲတစ္ဆေတို့ ဝိဉာဉ်တို့ကို မယုံကြည်တာ၊ အဲဒီညက အရက်ကလည်းမူးနေတော့ ရောက်ကတည်းက ခုတင်ကြီးပေါ် တက်အိပ်လိုက်တာ မိုးလင်းမှပဲ တစ်ရေးနိုးတော့တယ်"

"ဒီမှာရှိတဲ့လောင်းကစားဒိုင်တွေကလည်း အဲဒါကိုပဲ မကျေမနပ်ဖြစ်နေကြတာ၊ မောင်ရင့်ဘက်က သဘောတူမယ်ဆိုရင်တော့ သူတို့ဘက်က နောက်တစ်ကြိမ်ထပ်ပြီး အလောင်းအစားလုပ်ချင်ကြသေးတယ်လို့ ပြောကြတယ်၊ အဲဒါ မောင်ရင့်သဘောက ဘယ်လိုလဲ"

ထက်မင်းကျော်စွာက အရက်တစ်ခွက်ကိုမော့သောက်လိုက်ပြီး ခေတ္တမျှစဉ်းစားနေသည်။

"ဘယ်လိုလဲ မောင်ရင်၊ ကြောက်သွားပြီလားကွယ့်"

"မကြောက်ပါဘူး၊ ကျွန်တော်လည်း ဒီတစ်ပွဲနှစ်ပွဲပြီးရင် နယ်ကိုပြန်တော့မှာဆိုတော့ ပွဲကြီးပွဲကောင်းတစ်ပွဲလောက်တော့ ထပ်ပြီး လောင်းချင်ပါသေးတယ်"

"ဒီလိုဆိုရင်လည်း ချိန်းလိုက်ကြရအောင်လေ"

"အခုလာမယ့်လကွယ်နေ့ညမှာ ကျွန်တော်အိပ်ပါ့မယ်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း ထပ်ပြီးဆွေးနွေးကြသေးတာပေါ့၊ ကဲ အစားအသောက်တွေလည်း စားကြသောက်ကြ





ပါဦး"

"ကျေးဇူးတင်ပါတယ်အဘ၊ ကျွန်တော်မိတ်ဆွေတွေကို ပြန်ပို့ပေးရမှာမို့ ပြန်ခွင့်ပြုပါဦး"

"သူတို့က ဘယ်မှာနေလို့လဲ"

"မိုင်းပွန်သင်္ချိုင်းထဲမှာပါ"

"ဟင်"

ဘိုးမင်းဖြူက တအံ့တသြအမူအယာဖြင့် ဦးဇန်ကောင်းကို့မြေးအဘိုးကို အကဲခတ်သလိုစိုက်ကြည့်နေသည်။

သူတို့သုံးယောက်အပြင်သို့ရောက်သောအခါ အမှောင်ထုက ကြီးစိုးလျက်ရှိနေပြီ။

လမ်းမဘက်တွင်တွေ့ရသော လန်ချားတစ်စီးကိုခေါ်ပြီး မိုင်းပွန်သင်္ချိုင်းဘက်သို့ ထွက်ခဲ့ကြသည်။

သင်္ချိုင်းအဝသို့ပြန်ရောက်သောအခါ လန်ချားသမားက ကြောက်လန့်တကြားဖြင့် သူတို့ကိုချထားခဲ့ပြီး အတင်းပြန်လှည့်သွားလေတော့သည်။

ထိုအခါ ဦးဇန်ကောင်းက. . .၊

"နောက်ဆိုရင် တို့မြေးအဘိုးလည်း ဒီသင်္ချိုင်းထဲမှာ အရင်ကလို အေးအေးဆေးဆေးနေလို့ရတော့မယ်မထင်ဘူး ငြည့်သည်လေးရေ"

"ဘာကြောင့်လဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"တို့က ပဒ္ဒူအုံကို တုတ်နဲ့ဆွခဲ့ပြီးပြီလေ၊ ဒီတော့ သူတို့ကလည်း တို့ကိုဒီအတိုင်းလက်ပိုက်ပြီး ဘယ်ကြည့်နေပါ့မလဲ၊ တစ်ချိန်မဟုတ်တစ်ချိန်တော့ လာပြီးအကြွေးတောင်းကြဦးမှာပေါ့"

"ဒီလိုဆိုရင် ဘယ်လိုလုပ်မလဲ အဘ"

"ဘယ်လိုမှ လုပ်စရာမလိုသေးပါဘူး၊ သူတို့ရောက်လာမှပဲ အဆင်ပြေသလိုကြည့်လုပ်ကြတာပေါ့၊ ညှိ့သည်လေး လုပ်စရာရှိတဲ့အလုပ်ကိုသာ ဖြောင့်ဖြောင့်ဆက်လုပ်ပါ၊ ကျုပ်တို့မြေးအဘိုးအတွက် ဘာမှမစိုးရိမ်ပါနဲ့ကွယ်၊ ကိုင်း အဘလည်း ဘုရားဝတ်ပြုဖို့ရှိသေးတယ်၊ ဇရပ်ပေါ်တက်လိုက်ဦးမယ်"

ဟုဆိုကာ တုတ်ဖြင့်စမ်း၍ ဇရပ်ပေါ်တက်သွားလေသည်။

ထိုအခါ ဆည်းဆာက သူ့အနီးသို့ကပ်လာသည်။

"အစ်ကို့ . သွားတာလာတာ နေတာထိုင်တာ သတိထားနော်၊ အစ်ကို့ကို ဟိုလူတွေက သိပ်ကျေနပ်ကြမှာမဟုတ်ဘူး"

"စိတ်ချပါဆည်းဆာရဲ့၊ အစ်ကိုက ဆည်းဆာတို့အတွက်ပဲပူတာပါ"

"ကျွန်မတို့အတွက်တော့ ပူစရာမရှိပါဘူး၊ ဒီနေရာမကောင်းရင် နောက်တစ်နေရာပြောင်းနေလိုက်ရုံပါပဲ၊ အစ်ကိုသာ ဂရုစိုက်နော်"

"စိတ်ချပါ"





ထက်မင်းကျော်စွာသည် ဆည်းဆာ၏လက်ကလေးကို ဆုပ်ကိုင်နှုတ်ဆက်ပြီးနောက် အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

မိုင်းပွန်မြို့၏ အနောက်ဘက်တောင်တန်းကြီးများ၊ တောအုပ်ကြီးများသည် အုပ်ဆိုင်းနေသောနေရာဖြစ်သည်။

ထိုနေရာသည် တောင်တန်းကြီးများထူထပ်ခြင်း၊ တောအုပ်ကြီးများအုပ်ဆိုင်းလျက်ရှိသောကြောင့် ကားလမ်းနှင့်နီးသည်ဆိုသော်ငြားလည်း လူသူအရောက်အပေါက်နည်းလှသည်။

မိုင်းပွန်သို့တက်သောကားနှင့် မန္တလေးသို့ဆင်းသောကားများသာ တစ်ခါတစ်ရံဖြတ်သွားလေ့ရှိသည်။

နံနက်ပိုင်း နှင်းများမကွဲသေးသောအချိန်ဖြစ်သည်။ ကားလမ်းတစ်လျှောက် နှင်းများဖြင့် စိုစွတ်လျက်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ဝေဝါးလျက်ရှိသည်။

ထိုနေရာသည် မိုင်းပွန်မန္တလေးကားလမ်းပေါ်ရှိ နာမည်ကျော်လူသိများလှသော ကိုးလောင်းတောင်ကွေ့ဖြစ်သည်။

ထိုနေရာသို့ဖြတ်လျှင် လူကိုးယောက်တင်၍မသွားရပေ၊ အကယ်၍ လူကိုးယောက်သွားမိပါက ကျောက်တုံးတစ်တုံးကိုပါ အပိုတင်၍ ဆယ်ယောက်ပြည့်အောင် ဖြည့်တင်သွားကြရသည်။

ထိုသို့မဟုတ်ပဲ လူကိုးယောက်တည်းဖြင့်သွားမိပါက အန္တရာယ်ဆိုးဖြင့် ကြုံတွေ့ရတတ်သည်ဟု ကားဖြင့်သွားသူတိုင်းက ယုံကြည်ကြသည်၊ ကိုးလောင်းတောင်ကွေ့၏အထက်နားတွင် ကိုးမြို့ရှင်နတ်ကွန်းနတ်နန်းများလည်း ရှိသည်။

အချို့ကလည်း နတ်မကြိုက်သောကြောင့် ထိုသို့ဖြစ်သည်ဟုထင်ကြသည်။

မည်သို့ပင်ဆိုစေ. . .၊

ကိုးလောင်းတောင်ကွေ့သည် တောင်တက်တောင်ဆင်းများသည်ကတစ်ကြောင်း၊ အကွေ့အကောက်များသည်ကတစ်ကြောင်း၊ လမ်းကျဉ်းများသည်ကတစ်ကြောင်းဖြင့် အလွန်အန္တရာယ်များလှပေသည်။

ကားလမ်းသည် တောင်ကြီးများကိုပတ်၍ ဖောက်ထားသည်ဖြစ်ရာ တစ်ဖက်တွင် မတ်စောက်လှသောတောင်နံရံနှင့် ကျန်တစ်ဖက်တွင်မူ နက်ရှိုင်းလှသောချောက်ကမ်းပါးကြီးများရှိသည်။

ချောက်ထဲထိုးကျသွားလျှင် မည်သို့မျှအသက်ရှင်စရာလမ်းမရှိနိုင်ပေ၊ ထိုကိုးလောင်းတောင်ကွေ့ဆီသို့ ကားနှစ်စင်းဦးတည်၍ လာနေကြသည်၊ တစ်စီးက မိုင်းပွန်မှဆင်းလာတာဖြစ်ပြီး နောက်တစ်စီးက မန္တလေးမှတက်လာခြင်းဖြစ်သည်။

နှစ်စီးစလုံး မှန်လုံကားများဖြစ်ကြသည်။

မန္တလေးမှတက်လာသောကားပေါ်တွင် လူငါးယောက်လိုက်ပါလာပြီး အားလုံးလူမျိုးကွဲများဖြစ်ကြသည်။

မိုင်းပွန်ဘက်မှလာသောကားပေါ်တွင်လည်း လူငါးယောက်လိုက်ပါလာပြီး အားလုံးဘောင်းဘီအကျႌအနက်ဆင်တူဝတ်ဆင်လာကြသည်။

၎င်းတို့သည် ကိုးလောင်းတောင်ကွေ့သို့ရောက်ခါနီးသောအခါ အသင့်ဆောင်ယူလာသောခေါင်းစွပ်များကို အသီးသီးစွပ်လိုက်ကြသည်၊ ကားနှစ်စီးသည် ကိုးလောင်းတောင်ကွေ့တွင် နံနက်(၆)နာရီတိတိအချိန်တွင် ဆုံကြသည်။

လူမျိုးကွဲများလက်ထဲတွင် ဒေါ်လာငွေများထည့်ထားသော သေတ္တာတစ်လုံးပါလာပြီး အဝတ်နက်များဝတ်ဆင်ထားသူများလက်ထဲတွင်လည်း သေတ္တာတစ်လုံးပါလာလေသည်။

သူတို့နှစ်ဖွဲ့သည် တောင်စောင်းတစ်နေရာတွင် နေကြသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဝတ်နက်ဝတ်ထားသူများက ၎င်းတို့ယူဆောင်လာသောသေတ္တာကို ဖွင့်ပြသည်၊ ၎င်းသေတ္တာအတွင်း၌ အရည်အသွေးကောင်းလှသော ရွှေချောင်းများပါလာသည်။

ရွှေချောင်းများမှာ အရည်အသွေးကောင်းလှပြီး အပေါ်တွင် ကျားခေါင်းတံဆိပ်များ ရိုက်နှိပ်ထားသည်။

ကုန်သည်များက ရွှေချောင်းများကို မှတ်ကျောက်များ၊ အက်စစ်ရည်များဖြင့် စိတ်တိုင်းကျစစ်ဆေးပြီးမှ ၎င်းတို့ယူလာသောသေတ္တာကို ဖွင့်ပြလိုက်သည်။

ဒေါ်လာငွေစက္ကူများက သေတ္တာနှင့်အပြည့်ဖြစ်သည်။

နှစ်ဦးနှစ်ဖက် စိတ်ကျေနပ်လောက်အောင်စစ်ဆေးမှုများ ပြုလုပ်လိုက်ကြပြီး သေတ္တာချင်းလဲလှယ်လိုက်ကြသည်။

“ဟေ့ တစ်ယောက်မှမလှုပ်ကြနဲ့၊ မင်းတို့ကို စုံထောက်တွေ၊ ပုလိပ်တွေ ဝိုင်းထားကြပြီ”

ကားလမ်းအထက် တောင်စောင်းများပေါ်မှ အော်သံများပေါ်ထွက်လာသည်၊ တောင်အောက်မှ ပစ္စည်းလဲနေကြသူများ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတော့သည်။

ပြေးသူပြေး၊ ပုန်းသူပုန်း. . .၊

အသင့်ယူဆောင်လာသောသေနတ်များဖြင့် ပစ်ခတ်သူကပစ်နှင့် ကိတ်ဆိတ်လျက်ရှိသောပတ်ဝန်းကျင်တစ်ဝိုက် ငရဲပွက်သံအလား ဆူညံသွားလေတော့သည်။





တောင်စောင်းပေါ်တွင် အသင့်စောင့်ဆိုင်းနေဟန်ရှိသောပုလိပ်များဆီမှ သေနတ်သံများ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာလေတော့သည်၊ သည်ဘက်ကလည်း ပြန်လည်ပစ်ခတ်ကြသည်။

ထိုအချိန်တွင် ဝတ်ရုံနက်ဝတ်ထားသူနှစ်ဦးမှာ. . .၊

“ရော့ နံပါတ်(၅)၊ မင်းဒီငွေသေတ္တာကို နံပါတ်(၁)ဆီကို ရောက်အောင်ပြန်ပို့ပေးပေတော့၊ ငါဒီမှာ ခုခံထားနှင့်မယ်၊ အဖွဲ့ဝင်တွေထဲက တစ်ယောက်ခေါ်သွားတော့”

“ကောင်းပြီ”

နံပါတ်(၅)က နံပါတ်(၄)ထံမှငွေသေတ္တာကိုယူပြီး ရပ်ထားသော ကားရှိရာသို့ပြေးသည်၊ တောင်ကုန်းပေါ်မှပစ်လိုက်သောကျည်ဆံများက သူရှိရာသို့ ဒရဟောရောက်လာသည်။

သူကားပေါ်ရောက်သည်နှင့် ကားက မိုင်းပွန်ဘက်သို့မောင်းထွက်ခဲ့သည်၊ နောက်ဘက်မှသေနတ်သံများက ဆူညံစွာကျန်ရစ်ခဲ့သည်၊ ကားမောင်းသမား၏ကျွမ်းကျင်မှုကြောင့်သာ တော်ရေ့သည်၊ သို့မဟုတ်ပါက အကွေ့အကောက်များလွန်းသော ဒီတောင်တက်လမ်းတွင် ကားသည် ချောက်အတွင်းကျသွားနိုင်ပေသည်။

တစ်စတစ်စနှင့် သေနတ်သံများ ဝေး၍ပျောက်ကွယ်သွားတော့သည်၊ မကြာမီ ကားသည် မိုင်းပွန်မြို့အဝင်လမ်းသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ကားခဏရပ်ဦး၊ အဝတ်တွေလဲရအောင်"

ကားမောင်းသူက ဇဝေဇဝါဖြင့် ကားကိုလမ်းဘေးတွင် ထိုးရပ်လိုက်သည်။

ထိုအချိန်တွင် နံပါတ်(၅)လက်ထဲ၌ အသံတိတ်ကိရိယာ တပ်ထားသောသေနတ်တစ်လက်ရောက်လာပြီး ဝတ်ရုံနက်မျက်နှာဖုံးစွပ်ထားသောကားမောင်းသမားကို နှစ်ချက်ဆင့်ပစ်လိုက်သည်။

"ဒုတ်. . ဒုတ်"

ကားမောင်းသူမှာ 'အင့်'ကနဲမျှသာ ငြီးငြူနိုင်ပြီး ဘေးသို့ လဲကျသွားလေသည်။

ထိုအခါမှ နံပါတ်(၅)သည် ၎င်း၏ဦးခေါင်းမှခေါင်းစွပ်ကို ဆွဲချွတ်လိုက်သည်။

ထက်မင်းကျော်စွာပင်ဖြစ်သည်။

သူသည် ကိုယ်ပေါ်မှာဝတ်ထားသောအဝတ်နက်များကို အလျင်အမြန်ဆွဲချွတ်လိုက်သည်၊ အင်္ကျီအိတ်အတွင်းမှ နံပါတ်(၅)တံဆိပ်ပါသော အဖွဲ့ဝင်ငွေပြားလေးကိုသာ နှိုက်ယူထားလိုက်သည်။

ထို့နောက် ဓာတ်ဆီပုံးထဲမှဓာတ်ဆီများကို ကားအတွင်းသို့ လောင်းချလိုက်သည်၊ ပြီးလျှင် မီးခြစ်ကိုခြစ်ထည့်လိုက်ပြီး တံခါးများကိုအလုံပိတ်လိုက်ပြီးနောက် ကားကိုချောက်အတွင်းသို့





တွန်းချလိုက်သည်။

ကားသည် ကျောက်တုံးကြီးများဖြင့်ဆောင့်မိပြီး မီးလောင်ပေါက်ကွဲသွားလေတော့သည်။

ထက်မင်းကျော်စွာသည် သေတ္တာအတွင်းမှ ဒေါ်လာငွေစက္ကူများအား အိတ်တစ်လုံးဖြင့်ပြောင်းထည့်လိုက်ပြီးနောက် သေတ္တာကိုပါ ချောက်အတွင်းသို့ ပစ်ချလိုက်သည်။

ထို့နောက် မိုင်းပွန်သို့ဟန်မပျက်ပြန်ခဲ့သည်။

သူ မိုင်းပွန်သချိုင်းသို့ရောက်သွားတော့ ဆည်းဆာတို့မြေးအဘိုးမရှိတော့ပေ။

အပြင်ထွက်သွားသလားလို့ ဇရပ်ပေါ် တက်ကြည့်တော့လည်း ၎င်းတို့ပစ္စည်းဟူ၍ ဘာတစ်ခုမှမရှိတော့ပေ။

ဦးဇန်ကောင်းထိုင်နေကျနေရာ၏ ခေါင်းရင်းဘက်နံရံတွင် မီးသွေးခဲဖြင့် မညီမညာရေးထားသောစာတစ်လုံးကို တွေ့ရသည်။

ထိုစာလုံးမှာ (နေ)ဟူသောစာလုံးဖြစ်သည်၊ ဇရပ်ပေါ် အနှံ့လိုက်ကြည့်တော့ အခြားတစ်နေရာတွင် (ရာ)ဟူသောစာလုံး တစ်လုံးထပ်တွေ့ရပြန်သည်။

ခေါင်မိုးနှင့်ကြမ်းပြင်အပါအဝင် တိုင်များမကျန် လိုက်လံကြည့်သောအခါ မီးသွေးခဲဖြင့်ရေးခြစ်ထားသော စာလုံးငါးလုံးကို ဆက်စပ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရာပြောင်းသွားပြီ"

ဟူသော စာများဖြစ်သည်။

"ဩော် သူတို့နေရာပြောင်းသွားပြီကိုး"

ဇရပ်ရှေ့တွင် အုတ်ဂူတစ်ဂူရှိသည်၊ ထိုအုတ်ဂူ၏နံရံတွင် မီးသွေးခဲဖြင့် ရေးထားသောစာအချို့ရှိသည်။

ထိုစာများမှာ. . .၊

"အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့မျှော်လိုက်ရင်၊

တံခွန်တိုင်ရွှေကုက္ကား၊ ဘုရားကိုမြင်. . .၊

ဘဝင်ချမ်းမြေ့၊ ဖူးကာတွေ့. . ."

ဟူသော စာပိုဒ်ဖြစ်သည်။

သူ ထိုစာပိုဒ်ကို အလွတ်ရအောင်မှတ်သားထားလိုက်ပြီး နောက် မိုင်းပွန်သချိုင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။

နေ့လည်ဘက်တွင် မိုင်းပွန်စုံထောက်ဌာနသို့ သူရောက်သွားတော့ အိုင်ပီအောင်မင်းအောင်ကို အဆင်သင့်တွေ့ရသည်။

"လာဟေ့. . မောင်ကျော်စွာ. . ထိုင်ကွာ"

သူက ထုပ်ယူလာသော ဒေါ်လာငွေစက္ကူများအား စားပွဲပေါ်တင်ပေးလိုက်သည်။

အိုင်ပီအောင်မင်းအောင်က အထုပ်ကို တစ်ချက်ကြည့်ပြီး. . .၊

"ဒေါ်လာတွေ မှတ်တယ်"





"ဟုတ်တယ် အိုင်ပီ"

"ကောင်းတယ်၊ ဟိုဘက်မှာလည်း တရားခံတွေရော၊ ရွှေချောင်းသေတ္တာပါ ဖမ်းမိလိုက်တယ်၊ ရွှေချောင်းတွေက အစစ်နည်းနည်းပဲပါတယ်၊ အထဲကရွှေတွေက အစစ်မဟုတ်ဘူး၊ ကြေးတွေကို ရွှေရည်လောင်းပြီး ရွှေတုံးလိုလုပ်ထားတာ၊ အတော်ဉာဏ်များတဲ့လူတွေပဲ"

အိုင်ပီအောင်မင်းအောင်က မှတ်ချက်ချသည်။

"ဒီဒေါ်လာတွေရော အားလုံးအစစ်တွေချည်းပဲလို့တော့ ပြောလို့မရဘူး၊ အတုတွေကြားညပ်ပြီး ရောချင်ရောထားမှာ"

"ဒါကတော့ စစ်ဆေးကြည့်လိုက်ရင် အဖြေပေါ်မှာပါ၊ အဓိက,က မောင်ရင်ရဲ့စွမ်းဆောင်မှုကြောင့် တရားခံတွေကို သက်သေနဲ့တကွ ဖမ်းမိတာကတော့ ကျေနပ်စရာပဲ၊ မကြာမီအားလုံး ဖမ်းမိနိုင်တော့မယ်လို့ မျှော်လင့်ပါတယ်၊ ဒါထက် ကျားခံတွင်းထဲကို ဘယ်လိုရောက်အောင်ဝင်ခဲ့တယ်ဆိုတာလည်း တစ်ဆိတ်ရှင်းပြပေးပါဦး"

ဟု အိုင်ပီအောင်မင်းအောင်ကမေးသဖြင့် ထက်မင်းကျော်စွာက အိတ်အတွင်းမှ ဘားမားစတိတ်စီးကရက်ဗူးကိုထုတ်၍ တစ်လိပ်နှိုက်ယူကာ မီးညှိဖွာလိုက်ပြီးမှ အေးအေးဆေးဆေး ရှင်းပြလေသည်။

"ကျွန်တော် မိုင်းပွန်ကိုရောက်လာပြီး ကျားခံတွင်းဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်လို့ ပထမဆုံးသဲလွန်စရတဲ့အချက်ကတော့ ညဉ့်လွှာရုံမှာ ဂျင်ထိုးရင်းနဲ့ရခဲ့တာပါ၊ အဲဒီမှာ လောင်းကြေးအလျှော်အစားလုပ်တဲ့ ရွှေဒင်္ဂါးတွေက သူတို့ဆီကထွက်တဲ့ရွှေဒင်္ဂါးအတုတွေမှန်း သိခဲ့ရတယ်”

“ဟုတ်ပြီ”

“နောက်တစ်ချက်ကတော့ ဒီနယ်မှာနာမည်ကြီးလှတဲ့ ပေါ်နန်းကုန်းအိမ်ကြီးမှာ ကျွန်တော်ကိုယ်တိုင်သွားအိပ်တဲ့အခါမှာ ဒီအချက်ကိုပိုပြီးခိုင်မာသွားစေခဲ့တယ်၊ ကျွန်တော် သဲလွန်စတွေကိုလိုက်ရှာနေတဲ့အချိန်မှာ အထောက်အကူပေးတဲ့လူတွေ ရှိလာတယ်၊ သူတို့ပေးတဲ့သတင်းတွေ၊ သူတို့ရဲ့အကူအညီတွေဟာ ကျွန်တော့်အတွက် အထောက်အကူရခဲ့တယ်”

“အဲဒီအထဲမှာ တည်းခိုခန်းက အသတ်ခံလိုက်ရတဲ့ ကေသီဆိုတဲ့မိန်းကလေးလည်းပါတယ်မဟုတ်လား”

ထက်မင်းကျော်စွာက ဆေးလိပ်ကို အပြီးသပ်တစ်ဖွာနှစ်ဖွာ,ဖွာလိုက်ပြီး ခွက်ထဲသို့ထိုးချေထည့်လိုက်သည်။

“ဟုတ်ပါတယ်၊ အမှန်တော့ ကေသီကို ကျွန်တော့်ဆီကိုလွှတ်တဲ့အချိန်က တည်ကြက်အဖြစ်လွှတ်ခဲ့တာပါ၊ ဒါပေမယ့်နောက်တော့ ကေသီဟာ ကျွန်တော့်လူဖြစ်လာပြီး တစ်ဖက်ကသတင်းတွေကိုပေးခဲ့တယ်၊ သူ့အကူအညီကြောင့် ဝိညာဉ်တွေလျှို့ဝှက်တွေ့ဆုံပွဲကို တက်ခဲ့ရတယ်၊ ဒါကို သူတို့သိသွားပြီး ကေသီ





ဆိုတဲ့မိန်းကလေးကို ရက်ရက်စက်စက်သတ်လိုက်ကြတယ်”

“ဒါပေမယ့် ကေသီဟာ နောက်ဆုံးအချိန်ထိ မောင်ရင့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ အကူအညီပေးသွားခဲ့တယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ သူသေသွားတော့ သူ့ကိုသတ်သွားတဲ့ အဖွဲ့ဝင်နံပါတ်(၅)ရဲ့ ငွေမတ်စေ့ကလေး ရခဲ့တယ်၊ ဒါကြောင့်လည်း ကျွန်တော် သူတို့အထဲကို ဝင်နိုင်ခဲ့တာပါ၊ အသင်းဝင်ငွေပြားမပြနိုင်ခဲ့တဲ့ တကယ့်အဖွဲ့ဝင်အမှတ်(၅)ဖြစ်တဲ့ တည်းခိုခန်းမန်နေဂျာကတော့ အဲဒီညမှာတင် အသတ်ခံလိုက်ရတယ်”

“ဟုတ်တယ်၊ ကျွန်ုပ်တို့နောက်တစ်နေ့မှာ အဲဒီတည်းခိုခန်းရောက်သေးတယ်၊ ဒါကြောင့် အဲဒီမန်နေဂျာကို မတွေ့တော့တာကိုး၊ ဒါထက်မောင်ရင်က သူတို့မေးတဲ့မေးခွန်းတွေကို ဘယ်လိုကြောင့် အလွယ်တကူဖြေနိုင်ခဲ့တာလဲ ပြောပါဦး”

“ဒါကတော့ သချိုင်းထဲမှာနေတဲ့ မျက်စိမမြင်ရှာတဲ့ ဦးဗုန်ကောင်းဆိုတဲ့ သူတောင်းစားကြီးက ပြောပြလိုက်လို့ အထဲမဝင်ခင်ကတည်းက အပြင်မှာအကုန်လေ့လာသွားခဲ့တာကြောင့်ပါ”

“ဒါကြောင့် မောင်ရင်ဒီတစ်ပတ်ရွှေဒင်္ဂါးတွေရောင်းတဲ့အချိန်မှာစောင့်ပြီးဖမ်းနိုင်အောင်လို့ အသေအချာစီစဉ်ခဲ့တာပေါ့ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အိုင်ပီ၊ ဒီအတိုင်းပါပဲ၊ ကျွန်တော် ကိုယ်တိုင် အဲဒီကိစ္စကိုဆောင်ရွက်ရတာဆိုတော့ စုံထောက်နဲ့ ပုလိပ်တွေကို အဲဒီနေရာမှာကြိုပြီးစောင့်ခိုင်းထားခဲ့လို့ အခုလို ဖမ်းနိုင်ခဲ့တာပါ"

"အင်း မောင်ရင်ကတော့ ကျွန်ုပ်လူရွေးမမှားဘူးလို့ ပြောရလောက်အောင်ကိုတော်ပါတယ်၊ ဒါထက် ကျွန်ုပ်တို့ ရန်ကုန်ကို ဘယ်တော့လောက်ပြန်နိုင်မယ်လို့ ခန့်မှန်းသလဲမောင်ကျော်စွာ"

"အင်း မကြာတော့ပါဘူးအိုင်ပီ၊ တစ်ပတ်လောက်အတွင်းမှာတော့ ကျားခံတွင်းဂိုဏ်းတစ်ခုလုံးကို ဖြိုခွင်းနိုင်ပါလိမ့်မယ်၊ ကဲ ကျွန်တော်သွားဦးမယ်၊ ကျွန်တော့်မိတ်ဆွေကြီးကို ရှာရဦးမယ်"

"ဘယ်သူလဲကွယ့်"

"ဦးဗန်ကောင်း"

ထက်မင်းကျော်စွာက ထိုသို့ပြောပြီးနောက် အခန်းထဲမှ အပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။

~ ~ ~



## အခန်း(၁၇)

"အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့မျှော်လိုက်ရင်. ၊

တံခွန်တိုင်ရွှေကုက္ကား၊ ဘုရားကိုမြင်. . . ၊

ဘဝင်ချမ်းမြေ့၊ ဖူးကာတွေ့. . . "

သချိုင်းအတွင်းအုတ်ဂူတစ်ခုပေါ်မှ မှတ်သားလာခဲ့သော စာပိုဒ်ကို စာရွက်ပေါ်တွင်ချရေးပြီး ပြန်ဖတ်ကြည့်လိုက်သည်။

"အုတ်ဂူပေါ်ကစာပိုဒ်ဟာ ဦးဗန်ကောင်းရေးသွားတာပဲ ဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ 'နေရာပြောင်းသွားပြီ'ဆိုတဲ့ စာရေးတဲ့လက်ရေးအတိုင်း အသတ်အဆွဲကတူတယ်၊ ပထမ သူတို့ နေရာပြောင်းသွားပြီဆိုပြီး ငါ့ကိုအသိပေးတာဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီစာပိုဒ်က သူတို့ရှိတဲ့နေရာကို လမ်းညွှန်ခဲ့တာဖြစ်ရမယ်၊ ဒီအချိန်မှာ ငါဦးဇန်ကောင်းနဲ့တွေ့မှဖြစ်မယ်"

ဟု ဆုံးဖြတ်ကာ သင်္ချိုင်းမှအရှေ့ဘက်သို့သွားသောလမ်းအတိုင်း လျှောက်လာခဲ့သည်၊ ထိုလမ်းမှာ မြို့ပြင်ဘက်သို့ထွက်သောလမ်းဖြစ်ပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် လူနေအိမ်ခြေမရှိပဲ သစ်ပင်များသာရှိသည်။

လမ်းမှာလည်း မြေနီလမ်းမဟုတ်ပဲ တောင်ဆင်းတောင်တက်လမ်းမျိုးဖြစ်သည်၊ ထိုလမ်းမှာ တောင်ယာစခန်းများတွင်နေကြသူများ မိုင်းပွန်သို့ ဈေးရောင်းဈေးဝယ်လာသောအခါတွင်သာ သွားလာကြသဖြင့် လူသွားလူလာနည်းလှသည်။

ထက်မင်းကျော်စွာအိတ်ထဲမှလူဂါသေနတ်ကို အဆင်သင့်ထည့်ထားရင်း တောလမ်းအတိုင်းဖြတ်လျှောက်လာခဲ့ရာ မကြာမီလမ်းဆုံတစ်ခုသို့ရောက်လာသည်။

ထိုနေရာတွင် လမ်းသုံးခွဆုံနေသည်။

အရှေ့ဘက်သွားသောလမ်း၊

အနောက်ဘက်သွားသောလမ်းနှင့် မြောက်ဘက်သို့ခွဲထွက်သွားသောလမ်းများ ဖြစ်ကြသည်။

"အညွှန်းထဲမှာပါတဲ့အတိုင်းဆိုရင်တော့ အနောက်ဘက်ကိုသွားရမှာပဲ၊ ဘာပဲဖြစ်ဖြစ် အနောက်ဘက်လမ်းအတိုင်း လိုက်သွားကြည့်မယ်"





အနောက်ဘက်လမ်းမှာ တောင်ဆင်းလမ်းဖြစ်သည်။

အချောဖောက်ထားသောလမ်းမဟုတ်သောကြောင့် ကျောက်တုံးကျောက်ခဲများ၊ မြေနီလမ်းများပေါ်မှ ဖြတ်လျှောက်ရသည်။

မကြာမီ တောအုပ်ကိုလွန်ပြီး လွင်ပြင်တစ်ခုသို့ ရောက်လာသည်၊ ထိုလွင်ပြင်မှ မိုင်ဝက်ခန့်ဝေးသောနေရာတွင် ကျောက်တောင်တန်းတစ်ခုရှိပြီး ထိုကျောက်တောင်ထိပ်ပေါ်တွင် စေတီတစ်ဆူနှင့် တံခွန်တိုင်တစ်ခုကိုတွေ့ရသဖြင့် ထိုနေရာသို့ ဆက်လျှောက်လာခဲ့သည်။

ကျောက်တောင်မှာမမြင့်လှပဲ တောင်ပေါ်သို့တက်ရာလမ်းရှိသည်၊ ထိုလမ်းအတိုင်းတက်လာခဲ့ရာ မကြာမီတောင်ထိပ်ပေါ်တွင် တည်ထားသော ကျောက်စေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။

စေတီမှာ ရာသီဥတုဒဏ်ကြောင့် ထုံးသင်္ကန်းများပင်ကွာကျနေပြီ၊ စေတီရင်ပြင်တော်နှင့် မလှမ်းမကမ်းနေရာတွင် တံခွန်တိုင်တစ်ခုရှိသည်။

ထက်မင်းကျော်စွာကဘုရားပေါ်ရောက်ခဲ့ပြီး ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်သော်လည်း သက်ရှိလူတစ်ယောက်မှ မတွေ့ရပဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

လျှောက်လာစဉ်က ဝေးလွန်းသည်ထင်ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုကုန်းပေါ်မှကြည့်လျှင် မိုင်းပွန်မြို့ကို အပေါ်စီးမှ နီးကပ်စွာ လှမ်းမြင်ရသည်။

ထက်မင်းကျော်စွာက ဘုရားဖူးရန်ပြုလုပ်ထားသော ကျောက်ပြားပေါ်တွင်ထိုင်ပြီး ဘုရားကန်တော့လိုက်သည်။

ထိုသို့ကန်တော့ပြီးပြန်မော့လိုက်သောအခါ မုခ်အတွင်းရှိရုပ်ပွားတော်အောက်တွင် စာရွက်ခေါက်တစ်ခုကို လှမ်းမြင်ရသဖြင့် သွားယူပြီးဖတ်ကြည့်လိုက်သည်။

"• • • ဒီစေတီရဲ့အောက်တည့်တည့်မှာ ဂူပေါက်တစ်ခုရှိတယ်၊ သတိနဲ့ဝင်သွားပါ၊ ထူးခြားတာတွေ့ရလိမ့်မယ်"

ထက်မင်းကျော်စွာ စာရွက်ကိုပြန်ခေါက်ပြီး အိတ်ထဲထည့်ကာ တောင်အောက်သို့ပြန်ဆင်းလာခဲ့သည်။

စေတီတော်အောက်တည့်တည့်နေရာတွင် ချုံနွယ်များဖုံးနေသည်ကိုတွေ့ရပြီး ထိုချုံနွယ်များကို ဖယ်ကြည့်သောအခါ ဂူပေါက်ဝတစ်ခုကို တွေ့ရသည်။

ဂူဝမှာ အတန်ငယ်ကျဉ်းသည်ဟုဆိုသော်လည်း လူတစ်ယောက် ချောင်ချိစွာသွားလာနိုင်သည်။

အတွင်းပိုင်းသို့ရောက်သောအခါ ပို၍ကျယ်လာသည်။

မှောင်နေသည်ဆိုသော်လည်း အလင်းရောင်နှင့် လေဝင်လေထွက်ရှိသည်၊ ဂူမှာ ယခင်ကတည်းကလူများအသုံးပြုခဲ့ဟန်ရှိသည်။





လမ်းများဖုံးနေပြီး အချို့နေရာများတွင် လေဝင်လေထွက်နှင့် အလင်းရောင်ရစေရန် စီစဉ်ပြုလုပ်ထားသည်။

ထက်မင်းကျော်စွာသည် သေနတ်ကိုထုတ်ပြီး အဆင်သင့်ကိုင်၍ သတိဖြင့်ရှေ့သို့ဆက်လျှောက်ခဲ့ရာ အတန်ငယ်ကြာသောအခါ လမ်းခွဲတစ်ခုကိုတွေ့ရသည်၊ ထိုနေရာရောက်သောအခါ မှောင်လာသဖြင့် မိမိအိတ်အတွင်း၌ချိတ်ထားသော ဖောင်တိန် လက်နှိပ်မီးကလေးကိုဖွင့်ပြီး ရှေ့ဆက်သွားသည်။

လူသွားလမ်းမှာ တဖြည်းဖြည်းမြင့်တက်လာကာ မကြာမီ အပေါ်သို့တက်သော ကျောက်လှေခါးထစ်များကို တွေ့ရသဖြင့် အပေါ်သို့တက်ခဲ့သည်။

ကျောက်လှေခါးဆုံးသွားသောနေရာတွင် ပိတ်ထားသော တံခါးတစ်ချပ်တွေ့ရသဖြင့် အသာတွန်းကြည့်သောအခါ ဟသွားလေသည်၊ အတွင်းသို့ချောင်းကြည့်သောအခါ လူတစ်ဦးတစ်ယောက်မှမရှိပဲ ဂူ၏အခန်းကျယ်ကိုသာတွေ့ရသည်။

ထိုအခန်းကျယ်ကြီးအတွင်းသို့ ဝင်ကြည့်သောအခါ ထက်မင်းကျော်စွာ ကောင်းစွာမှတ်မိသွားတော့သည်။

ထိုအခန်းကျယ်ကြီးမှာ• • •၊

ဝိဉာဉ်တို့နှင့်တွေ့ဆုံပွဲလုပ်သည်ဟု အကြောင်းပြော ဝတ်ရုံနက်ကြီးများ အစည်းအဝေးပြုလုပ်ရာ အခန်းကျယ်ကြီးပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တခြားအဖွဲ့ဝင်တွေက ရှေ့ပေါက်ကဝင်လာပြီး ကျားခံတွင်းဂိုဏ်း၏ခေါင်းဆောင်လုပ်သူများက ဤနောက်ဘက်လမ်းမှ လျှို့ဝှက်စွာ ဝင်လာကြခြင်းဖြစ်ဟန်တူသည်။

ထက်မင်းကျော်စွာက အခန်းအခြေအနေနှင့် အခြားဝင်လမ်းထွက်လမ်းများ ရှိမရှိကို လိုက်လံကြည့်ရှုမှတ်သားပြီး လာလမ်းအတိုင်းပြန်ထွက်ခဲ့ရာ မကြာမီ လမ်းဆုံသို့ပြန်ရောက်လာသည်။

"ဒီလမ်းကသွားရင် ဘယ်ကိုရောက်မလဲ"

တစ်ယောက်တည်းစဉ်းစားနေစဉ် နောက်ဘက်မှ လှုပ်ရှားမှုအသံတစ်သံကြားလိုက်ရသဖြင့် ဖျပ်ကနဲကိုယ်ကိုလှည့်၍ သေနတ်ဖြင့်ချိန်လိုက်သည်။

"ဟင် ဦးဇန်ကောင်း"

ဦးဇန်ကောင်းက သူ၏တောင်ဝှေးကိုအားပြု၍ လျှောက်လာသည်။

"ဒီလမ်းကသွားရင် ဘယ်ကိုရောက်မလဲလို့ စဉ်းစားနေတာမဟုတ်လား၊ တခြားဘယ်ကိုမှမရောက်ဘူး၊ မိစ္ဆာအိမ်ကြီးလို့နာမည်ကြီးနေတဲ့ ဟော်နန်းကုန်းအိမ်ကြီးထဲကို ရောက်သွားတဲ့လမ်းပဲ"

ဦးဇန်ကောင်းက သူ့အတွေးထဲဝင်ကြည့်နေသည့်အလား သိလိုက်သောအချက်ကို ပြောပြလိုက်သည်။





"ဦးဇန်ကောင်းက ဒီကိုဘယ်လိုရောက်လာတာလဲ"

တအံ့တသြမေးလိုက်သည်။

"မျက်စိမမြင်တဲ့ဇန်ကောင်း၊ ကံကောင်းလွန်းလို့ ဒီနေရာကိုရောက်လာတာမဟုတ်ပါဘူး၊ ညွှန့်သည်လေး ဒီဂူထဲရောက်နေလောက်ပြီလို့ထင်လို့ တမင်ဝင်လိုက်လာတာပါ"

"ကျွန်တော် ဒီအထဲမှာရှိနေတာ ဘယ်လိုသိတာလဲ ပြောပါဦး"

"ဒါကလွယ်ပါတယ်၊ ညွှန့်သည်လေး ကျုပ်အုတ်ဂူတွေမှာရေးထားခဲ့တဲ့စာတွေကိုတွေ့ပြီး ဒီနေရာကိုရောက်လာတာမဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်လျှို့ဝှက်ရေးခဲ့တဲ့စာတွေကိုတောင် တွေ့အောင်ရှာနိုင်မှတော့ ဘုရားအောက်မှာကျုပ်ထားတဲ့ စာရွက်ကိုလည်း ဘယ်နည်းနဲ့မဆို တွေ့မယ်လို့ ကျုပ်ထင်ထားတာ အခုတော့ ကျုပ်ထင်တာမှန်နေပြီမဟုတ်လား"

ဟု အေးအေးဆေးဆေးပြောပြလေသည်။

ထက်မင်းကျော်စွာမှာ ဦးဇန်ကောင်း၏အတွေးအခေါ်ကို မချီးကျူးပဲမနေနိုင်အောင် ဖြစ်သွားသည်။

"တော်ပါပေတယ် ဦးဇန်ကောင်းရယ်"

"ဇန်ကောင်းတို့ ကံကောင်းလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်ရယ်မောမောပြောလိုက်လေသည်။

"ဒါထက် ဆည်းဆာရောအဘ"

"ဆည်းဆာက သူ့အလုပ်သူသွားလုပ်နေတယ်၊ လာ ဒီအထဲမှာနေရတာ မွန်းလှပါတယ်၊ အပြင်ထွက်ပြီး စကားပြောကြရအောင်၊ လာ ဧည့်သည်လေး"

ထက်မင်းကျော်စွာအနေဖြင့် ဟော်နန်းကုန်းအိမ်ကြီးဆီသို့ ရောက်သည်ဆိုသောလမ်းအတိုင်း လိုက်ကြည့်ချင်သောဆန္ဒကရှိနေသေးသည်။

"ဧည့်သည်လေးက ဟိုဘက်လမ်းကိုဝင်ကြည့်ချင်သေးလို့လား၊ ဒီအချိန်ဝင်ကြည့်လို့မဖြစ်သေးဘူးလေ၊ အချိန်တန်တော့လည်း ဝင်ရမှာပေါ့၊ ကဲ သွားကြရအောင်"

ဂူအတွင်းမှာမှောင်နေသောကြောင့် ထက်မင်းကျော်စွာမှာ လက်နှိပ်မီးအသေးလေးကိုအားပြု၍ စမ်းတဝါးဝါးလျှောက်နေရသော်လည်း မျက်စိမမြင်သောဦးဗန်ကောင်းမှာ အရွယ်နှင့်မမျှ သွက်လက်စွာ ရှေ့မှလျှောက်သွားသည်ကို အံ့သြဖွယ်ရာတွေ့မြင်ရသည်။

"အင်း သူတစ်ခါကပြောခဲ့သလို မျက်စိမမြင်ရတဲ့သူဟာ အမှောင်ထဲမှာ ပိုပြီးမြင်ရတယ်ဆိုတာ ဟုတ်လောက်တယ်"

ဟု စိတ်ထဲမှာတွေးရင်း လျှောက်လာရာ မကြာမီ အပြင်ဘက်သို့ ပြန်ရောက်လာကြသည်။





အပြင်သို့ရောက်သောအခါ ထိုဂူပေါက်နှင့်မလှမ်းမကမ်းရှိ တောင်ကုန်းပေါ်သို့ဆက်တက်သွားရာ မကြာမီ အခြားဂူတစ်ခုသို့ ရောက်ကြသည်၊ ထိုဂူမှလှမ်းကြည့်လျှင် စေတီအောက်ဘက်မှ ဂူပေါက်ဝအား ကောင်းစွာမြင်နိုင်လေသည်။

ဦးဗန်ကောင်းက ဂူထဲရောက်သောအခါ ထိုင်ချလိုက်သည်။

"ကျုပ်တို့မြေးအဘိုး၊ အခု ဒီဂူမှာပြောင်းနေကြရတယ်"

"မိုင်းပွန်သင်္ချိုင်းမှာ ဘာဖြစ်လို့လဲအဘ"

"ဘာကြောင့်လည်းဆိုတော့ ဝိဉာဉ်တွေက ကျုပ်တို့ကို သိပ်ပြီးမသင်္ကာချင်ကြဘူး၊ အထူးသဖြင့် ဧည့်သည်လေးနဲ့ဆက်သွယ်နေတာကို သိသွားပြီးသွားတဲ့နောက်ပိုင်းမှာ ကျုပ်တို့ကို အန္တရာယ်ပေးတော့မယ်ဆိုတာသိလို့ အေးအေးဆေးဆေး ဒီဘက်လာနေတာပါ"

ဦးဗန်ကောင်းက ဆေးပတ်လိပ်တစ်လိပ်ကိုထုတ်ပြီး ပါးစပ်တွင်ခဲလိုက်သည်၊ ထို့နောက် တယောတံဆိပ်ကိုထုတ်ယူ၍ မီးခြစ်ကာ မီးညှိလိုက်သည်။

"သူတို့ ကျွန်တော့်ကိုလည်း အမျိုးမျိုးရန်ရှာကြတယ်အဘ"

"ရှာမယ်လေ၊ ပဒ္မအိုးကိုတုတ်နဲ့သွားထိုးမှတော့ ပဒ္မတွေဝိုင်းတုပ်ဖို့ ကြိုးစားကြတာမဆန်းပါဘူး၊ ကိုင်း . . အခုဒီလိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ကိစ္စကိုလည်း ပြောပြပါဦး"

"ကျွန်တော် ဟော်နန်းကုန်းအိမ်ကြီးနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်အကြောင်းတွေရယ်၊ နောက် ကျားခံတွင်းဝိညာဉ်ဂိုဏ်းသားတွေအကြောင်းလည်း သိချင်တယ်၊ အဲဒါ အဘသိသမျှ ပြောပြပေးပါ"

ဦးဗန်ကောင်းက ဆေးပတ်လိပ်ကို တစ်ဖွာနှစ်ဖွာ,ဖွာပြီး စဉ်းစားနေသည်။

"ဧည့်သည်လေးက ဘယ်ကလာလို့ ဘယ်ကိုသွားမယ်မှန်းလည်းမသိ၊ ဘယ်သူဆိုတာလည်း မသိရပါပဲနဲ့ ကျုပ်သိတာတွေ ပြောလို့ဖြစ်ပါ့မလားကွယ့်၊ တော်ကြာ. . . "

"ကျွန်တော် ဘယ်သူဆိုတာ အဘမသိပဲမရှိပါဘူး၊ အခု အခြေအနေမှာ အဘဘယ်သူလည်းဆိုတာ ကျွန်တော်က တိတိကျကျမသိရသေးတာပါ"

"ငါက ဘယ်သူလည်းဆိုတော့ ကံကောင်းတဲ့ဗန်ကောင်းပဲပေါ့ကွာ"

ဟု ပြောရင်း တဟားဟားရယ်နေသည်။

ထက်မင်းကျော်စွာက စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်း အေးအေးဆေးဆေးစောင့်နေလိုက်သည်။

အတန်ကြာသောအခါမှ ဦးဗန်ကောင်းက. . .၊

"မောင်ရင်က စီအိုင်ဒီက အထူးတာဝန်နဲ့လွှတ်လိုက်တဲ့





လူဆိုတာလောက်ရယ်၊ မောင်နဲ့အတူ အိုင်ပီအောင်မင်းအောင် ပါလာသေးတယ်ဆိုတာရယ်၊ ဒီက ကျားခံတွင်းဂိုဏ်းကိုဖြိုဖို့ လာတယ်ဆိုတာရယ်လောက်ပဲ နည်းနည်းပါးပါးသိတာပါ"

ဟု အေးအေးဆေးဆေးပြောပြသည်။

ထိုသို့ပြောလိုက်သည့်တိုင် ထက်မင်းကျော်စွာက မအံ့သြမိပေ၊ ဦးဗန်ကောင်းအနေဖြင့် အစောပိုင်းကတည်းက ထိုအကြောင်းများကို ကြိုသိနေလိမ့်မည်ဟု ထင်ထားမိသောကြောင့် ဖြစ်သည်။

"မောင်ရင် မိုင်းပွန်စရောက်လာကတည်းက ရန်ကုန်က လွှတ်လိုက်တဲ့အထူးဧဂျင့်တစ်ယောက် ရောက်လာပြီဆိုတာကို ကျုပ်သိပါတယ်၊ ဒါကြောင့် မြေးမလေးကို အခေါ်လွှတ်လိုက်တာပေါ့"

"ဟင် ဆည်းဆာက ကျွန်တော့်ကို တစ်ခါမှလည်း လာမခေါ်ပါလား အဘ"

"ဒါပေမယ့်မောင်ရင် ကျုပ်တို့မြေးအဘိုးရှိတဲ့သချိုင်းထဲကို ရောက်လာရတာပဲမဟုတ်ဘူးလား"

ထိုအခါမှ နောက်ကြောင်းကိုပြန်ပြီးဆက်စပ်၍ တွေးကြည့်ရသည်၊ ဆည်းဆာအား လူဆိုးများဝိုင်းဝန်းရန်ပြုနေစဉ် သူရောက်သွားခဲ့ပြီး ကယ်တင်ပေးခဲ့ရာမှစ၍ မိုင်းပွန်သချိုင်းအတွင်းသို့ စတင်ရောက်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဆိုလျှင် ဆည်းဆာအားဝိုင်းဝန်းရန်ရှာသော လူများမှာ တကယ့်လူဆိုးများရောဟုတ်ပါရဲ့လား။

ဆည်းဆာကရော တကယ့်သူတောင်းစားမလေး ဟုတ်ရဲ့လား ဟူသောအတွေးများက အတွေးထဲ၌အလုပ်ရှုပ်လျက် ရှိနေတော့သည်။

"စကားပုံတစ်ခုရှိတယ်မဟုတ်လား၊ သင်ဘယ်လောက်ပဲတော်တော်၊ လုပ်ရည်ကိုင်ရည်ဘယ်လောက်ပဲရှိရှိ ရန်သူကို သတိမထားမိခဲ့ရင် မိမိကြံစည်ဆောင်ရွက်သမျှတွေအားလုံး ခဲငှေသမျှသဲရေကျ ဖြစ်သွားနိုင်တယ်ဆိုတဲ့စကားပုံလေ၊ ဒါကြောင့် ဘာပဲလုပ်လုပ် ရန်သူကိုတော့ ဘယ်တော့မှ မျက်ခြည်ပြတ်မခံနဲ့ သတိမလစ်စေနဲ့၊ ကိုင်း. . လာမယ့်လကွယ်နေ့ညမှာ မောင်ရင် ပော်နန်းကုန်းအိမ်ကြီးမှာ တစ်ညထပ်အိပ်ဦးမှာမဟုတ်လား"

"ဟုတ်တယ် အဘ"

"အခွင့်အရေးဆိုတာ ဘယ်တော့မှနှစ်ခါမရနိုင်ဘူး ညှော့သည်လေး၊ ဒီအိမ်ကြီးထဲကို နှစ်ခါဝင်ခွင့်ပေးတယ်ဆိုတာ အကြောင်းမရှိပဲနဲ့တော့ ဝင်ခွင့်ပေးမှာမဟုတ်ဘူး၊ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ ကြိုးစားပေတော့ ညှော့သည်လေး"

"စိတ်ချပါ အဘ"

"အိမ်ကြီးထဲကိုလိုက်မပို့ခင်မှာ မင်းကိုအရက်တိုက်လိုက်လိမ့်မယ်၊ မသောက်လို့မရဘူး၊ သူတို့တိုက်တဲ့အရက်ကိုမသောက်





ရင် ယုတ္တိကင်းသွားလိမ့်မယ်၊ အရက်ထဲမှာ အိပ်ဆေးတစ်မျိုးမျိုး ပါလိမ့်မယ်"

"အဲဒီတော့ ဘယ်လိုလုပ်ရမလဲ အဘ"

"မပူနဲ့ ဒီဆေးမြစ်လေးကိုသာ ပါးစပ်ထဲမှာငုံထားလိုက်၊ အရက်ဘယ်လောက်သောက်သောက် ဘာမှမဖြစ်စေရဘူး"

ဦးဗန်ကောင်းက အိတ်အတွင်းမှ လက်မအရွယ်ခန့်ရှိသော ဆေးမြစ်တစ်ခုကို ထုတ်ပေးသည်။

ထက်မင်းကျော်စွာက လှမ်းယူရင်း 'ဒါကေရာဇ်မြစ်လား အဘ'ဟု မေးလိုက်တော့ ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"ကိုင်း အိမ်ကြီးနဲ့ပတ်သက်တာတွေကို ငါပြောပြမယ်၊ နောက်ပြီး အစီအစဉ်တွေလုပ်ကြရအောင်"

ထက်မင်းကျော်စွာအား ဦးဗန်ကောင်းက သူသိထားသော အချက်အလက်များအား ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

လက္ကွယ်နေ့ညတွင် ဘိုးမင်းဖြူတို့နှင့်တွေ့ဆုံပြီး လောင်းကြေးထပ်သည်၊ နောက်ဆုံးအနေနှင့် ရွှေနှင့်ငွေများအား ပုံအော၍ ထပ်ကြခြင်းဖြစ်သည်။

ထုံးစံအတိုင်း အိမ်ကြီးဆီသို့မသွားမီ အရက်ဝိုင်းဖြင့်ညှိခံကြသည်၊ ထက်မင်းကျော်စွာအား အရက်များတစ်ခွက်ပြီးတစ်ခွက်ထည့်ပေးရာ ထက်မင်းကျော်စွာကလည်း မငြင်းတမ်းမော့သောက်နေတော့သည်။

"ဒီတစ်ပတ်လည်း မောင်ရင်လေးထပ်ပြီး ကံကောင်းပါစေလို့ ကျုပ်တို့အဖွဲ့က ဆုတောင်းပေးလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ. . ဆုတောင်းပြည့်ပါစေ၊ ကျုပ်လည်း ဒီည အဲတော်များသွားလို့ အိပ်ချင်လာပြီ၊ သွားကြစို့ရဲ့"

ထိုသို့ဆိုကာ လံချားများခေါ်ပြီး ဟော်နန်းကုန်းအိမ်ကြီး ဆီသို့လာခဲ့ကြသည်။

အပေါ်ထပ်သို့ဘိုးမင်းဖြူကိုယ်တိုင် လိုက်ပို့ပေးသည်။

အခန်းတံခါးဖွင့်ပြီး အမူးလွန်နေဟန်ရှိသော ထက်မင်းကျော်စွာအား ခုတင်ကြီးပေါ်တင်လိုက်သည်။

ခုတင်ပေါ်တင်လိုက်သည်နှင့် မဟန်နိုင်အောင်လဲကျသွားတော့သည်၊ သည်တော့မှ စိတ်ချလက်ချဖြစ်သွားဟန်ဖြင့် အခန်းတံခါးကို သော့ခတ်ပိတ်ပြီး အိမ်ကြီးအတွင်းမှ အလျင်အမြန်ပြန်ထွက်သွားကြလေသည်၊ ၎င်းတို့ခြေသံများ ပျောက်ကွယ်သွားသောအခါ ခုတင်ပေါ်မှအိပ်ပျော်နေဟန်ရှိသော ထက်မင်းကျော်စွာ မျက်လုံးဖျပ်ကနဲပြန်ပွင့်လာသည်။

ပါးစပ်ထဲမှာငုံထားသော ကေရာဇ်မြစ်ကို ပြန်ထွေးထုတ်ပြီး ထထိုင်လိုက်သည်။

ဖယောင်းတိုင်ထွန်းမထားသောကြောင့် တစ်ခန်းလုံး မှောင်မည်းလျက်ရှိသည်၊ သို့သော် ခဏအကြာတွင် မျက်လုံးကျင့်သားရသွားသောအခါ ဝိုးတဝါးမြင်လာရသည်။

သူ သေနတ်ကိုအဆင်သင့်ထုတ်ထားပြီး ခုတင်ပေါ်တွင် ပြန်လှဲရင်း ဟော်နန်းကုန်းအိမ်ကြီးမှ လူသတ်သမားကြီးကို အေး





အေးဆေးဆေး စောင့်နေလိုက်သည်။

သိပ်ကြာကြာမစောင့်လိုက်ရပေ။

မကြာမီ ခေါင်မိုးမျက်နှာကြက်နေရာမှာ ခိုနေသော လူသတ်သမားကြီးက တရွေ့ရွေ့ဆင်းလာတော့သည်။

လူသတ်သမားမှာ သက်ရှိလူနှင့်တိရိစ္ဆာန်တစ်ကောင်မဟုတ်ပဲ သက်မဲ့အရာဝတ္ထုကြီးတစ်ခု ဖြစ်နေတော့သည်။

ထိုအရာကြီးမှာ အခြားမဟုတ်ပေ။

ခေါင်မိုးမျက်နှာကြက်တွင် ကပ်နေသော ခုတင်အမိုးကြီးပင်ဖြစ်တော့သည်။

ထိုမျက်နှာကြက်အမိုးကြီးမှာ ရှေးအခါကတည်းက စော်ဘွားကြီးပေါင်းများစွာ လူပေါင်းများစွာတို့၏အသက်ကို ပညာသားပါပါဖြင့် လျှို့ဝှက်စွာသတ်ဖြတ်ခဲ့သော ခုတင်မျက်နှာကြက်အမိုးကြီးပင် ဖြစ်တော့သည်။

အလောင်းအစားလုပ်သူတိုင်း တစ္ဆေသူရဲချောက်လှန့်မည်စိုးသဖြင့် အရက်မူးအောင်သောက်ပြီး အိပ်ကြမည်မှာမလွဲပေ။

ထိုသို့သောက်ရာတွင်လည်း လောင်းကစားဒိုင်မှ တိုက်သောအရက်ထဲတွင် အိပ်ဆေးများလည်းပါသဖြင့် ခုတင်ပေါ်ရောက်သည်နှင့်မထချင်အောင်ဖြစ်ပြီး အိပ်ပျော်သွားမည်မှာ သေချာလှသည်၊ ထိုသို့အိပ်ပျော်နေစဉ် ခုတင်အမိုးပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်အပြားကြီး တဖြည်းဖြည်းနိမ့်ဆင်းလာပြီး ဖိသတ်လိုက်ခြင်းပင်ဖြစ်သည်၊ အိပ်ပျော်နေသူမှာ အပေါ်မှ အသက်ရှူမရအောင်ဖိသတ်ခြင်းခံလိုက်ရသဖြင့် နောက်တစ်နေ့တွင် ဒဏ်ရာမရှိပဲ သေဆုံးသွားမည်ဖြစ်သည်။

ပြီးလျှင် ခုတင်အမိုးကြီးက အပေါ်မျက်နှာကြက်တွင် ပြန်တက်ကပ်သွားသောအခါ နောက်တစ်နေ့တွင် လူသတ်တရားခံအား မည်သည့်နည်းနှင့်မျှ ရှာမတွေ့နိုင်တော့ပေ။

အသံလုံးဝမကြားရပဲ ခုတင်အမိုးကြီးနိမ့်ဆင်းလာပုံမှာ ညင်သာလှသဖြင့် နိမ့်ဆင်းလာသည်ဟုပင် မထင်ရပေ။

အနီးရောက်မှသိရသည်မှာ ခုတင်အမိုးတွင် ဆိုဖာကြီးကပ်ထားခြင်းပင်၊ ထိုဆိုဖာကြီးနှင့်ဖိထားခံရသူမှာ မိနစ်ပိုင်းအတွင်း အသက်ရှူရပ်ပြီးသေဆုံးသွားမည်မှာ မလွဲပေ။

အပေါ်မှဆင်းလာသောခုတင်အမိုးကြီးအနီးသို့ ရောက်လာသောအခါ ထက်မင်းကျော်စွာ ခုတင်ဘေးသို့အသံမကြားအောင်လှိမ့်ချလိုက်သည်။

သူ အောက်ရောက်သည်နှင့် အောက်မှမွေ့ယာနှင့် အပေါ်မှဆင်းလာသောမွေ့ယာကြီးတို့မှာ တစ်ခုနှင့်တစ်ခုဖိကပ်သွားလေတော့သည်။

ထက်မင်းကျော်စွာနေရာမှထပြီး ခုတင်အမိုးကြီးအား လက်ဖြင့်မကြည့်သည်၊ နည်းနည်းမှမလှုပ်ပဲ တစ်သားတည်းဖိကပ်





ပျက်ရှိသည်၊ သည်အောက်သို့ရောက်သွားသူမှန်သမျှ မည်သို့ပျူရုန်းထွက်၍မရပဲ မကြာခင် အသက်ရှူရပ်၍ အသက်ပျောက်သွားမည်မှာ သေချာလှသည်။

နာရီဝက်ခန့်ဖိကပ်ထားပြီးသောအခါ တဖြည်းဖြည်း ပြန်လည်ကြွတက်လာသည်။

ထိုအခါ ထက်မင်းကျော်စွာက ဖျပ်ကနဲအပေါ်သို့ ခုန်တက်လိုက်သည်။

အလယ်တွင် ခုတင်အမိုးကြီးကိုဆွဲထားသော သံပိုက်လုံးကြီးတစ်ခုကိုတွေ့ရသည်၊ စက်သီးကြိုးကို ထိုသံပိုက်လုံးအတွင်း၌ မြှုပ်ထားဟန်ရှိသည်။

သူ ခုတင်အမိုးကြီးအပေါ်မှလိုက်သွားရာ မကြာမီ မျက်နှာကြက်ပေါ်သို့ရောက်သွားပြီး မျက်နှာကြက်အပေါ်ရှိ အပေါက်သို့ခုန်တက်လိုက်သည်။

မျက်နှာကြက်အပေါ်တွင် ခုတင်အမိုးကြီးအားတွဲထားသော စက်သီးကြိုးသွားရာလမ်းအတိုင်း လိုက်ခဲ့သည်။

စက်သီးက အပေါ်မှာချိတ်ထားပြီး ကြိုးက အောက်ဘက်သို့ဆင်းသွားသည်၊ ထိုကြိုးသွားရာလမ်းအတိုင်းလိုက်ခဲ့ရာ မကြာမီ မြေအောက်ခန်းသို့သွားသော လမ်းတစ်လမ်းကိုတွေ့ရသဖြင့် ဝင်လိုက်ခဲ့သည်၊ မြေအောက်ခန်းထဲတွင် ရေနံဆီမီးအိမ်တလုံး ထွန်းထားသောကြောင့် အလင်းရောင်အနည်းငယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်သီးကြိုးမှာ အခန်းတစ်ခန်းထဲသို့ဝင်သွားသဖြင့် အတွင်းသို့ကြည့်ရာ ထိုအခန်းထဲတွင် စက်သီးကြိုးကို အတင်အချ ပြုလုပ်သော ဒလက်ကြီးများရှိသည်။

ထိုဒလက်ကြီးကို လူတစ်ယောက်က ဆွဲတင်နေသည်။

ထက်မင်းကျော်စွာက သူတင်ပြီးသည်အထိ စောင့်နေလိုက်သည်၊ ထိုသူက ကြိုးဆုံးသွားသောအခါ ကြိုးကိုရစ်ပတ်ပြီး ချည်ထားလိုက်ရင်း 'ဒီတစ်ခါတော့ မလွတ်နိုင်တော့ပါဘူး'ဟု ရေရွတ်ရင်း တစ်ဖက်သို့လှည့်လိုက်စဉ် ထက်မင်းကျော်စွာအား မြင်လိုက်ရသောကြောင့် တအံ့တသြဖြစ်သွားဟန်ဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေတော့သည်။

"ဒီတစ်ခါမလွတ်တာ ငါမဟုတ်ဘူး၊ မင်းတို့တွေပဲ"

ထိုသူမှာ ထက်မင်းကျော်စွာအား အခန်းတွင်းသို့လိုက်ပို့ပေးသော လောင်းကစားဒိုင်အဖွဲ့မှ တစ်ယောက်ဖြစ်လေသည်။

သူသည် ထက်မင်းကျော်စွာလက်ထဲမှ ကိုင်ထားသော သေနတ်ကိုမြင်သောအခါ အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်သွားလေသည်။

"မင်း. . မင်း မသေဘူး၊ မင်းဘယ်သူလဲ"

"ငါဘယ်သူလဲဆိုတာ မင်းသိဖို့မလိုဘူး၊ မြေအောက်ဆင်းတဲ့လှေခါး ဘယ်နေရာမှာရှိတယ်ဆိုတာပဲ ငါသိချင်တယ်"

"ငါ. . ငါ မသိဘူး"





"ကလစ်. . "

ထက်မင်းကျော်စွာက သေနတ်မောင်းကိုဆွဲတင်လိုက်သည်။

"မ. . မပစ်ပါနဲ့၊ ပြော. . ပြောပါ့မယ်"

ထက်မင်းကျော်စွာအနားကပ်သွားတော့ ထိုသူက မြေအောက်အခန်းသို့ဆင်းသောနေရာသို့ ပြောပြသည်။

ခဏကြာသောအခါ ထိုသူမှာ အခန်းထောင့်တစ်နေရာတွင် ပါးစပ်အဝတ်စည်း၊ ခြေလက်များကြိုးတုပ်ခံရသောအဆင့်သို့ ရောက်သွားတော့သည်။

ထက်မင်းကျော်စွာ မျက်နှာကြက်ထပ်ခိုးအခန်းသို့ ဆင်းသောအခါ ဟော်နန်းကုန်းအိမ်ကြီး၏ ဘုရားခန်းအတွင်းသို့ ရောက်သွားသည်၊ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်၊ မည်းမှောင်လျက်ရှိသောအခန်းများကို ကျော်လာသောအခါ မိမိတို့အလောင်းအစားပြုလုပ်ကြသော အခန်းရှေ့သို့ ပြန်ရောက်သည်။

အခန်းတံခါးဝတွင် သော့ခလောက်ကြီးခတ်ပိတ်ထားသည်။

ထက်မင်းကျော်စွာ အောက်ထပ်သို့ဆင်းသော လှေခါးမှ ဆင်းခဲ့သည်၊ ထိုလှေခါးရင်း၏နောက်ဘက်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်သောအခါ ကြမ်းပြင်တွင် အံဖုံးတစ်ခုကိုတွေ့ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖုံးကို အသံမကြားအောင်ဆွဲဖွင့်ပြီး မီးဖြင့်ကြည့်လိုက်တော့ အောက်ဘက်သို့ဆင်းသောလှေခါးကို တွေ့ရသည်။

ထိုလှေခါးမှ အောက်ဘက်သို့ဆင်းလာသောအခါ မြေအောက်ခန်းအတွင်းသို့ ရောက်လာသည်၊ မြေအောက်ခန်းမှာ အတော်ကျယ်ဝန်းလှသည်၊ အခန်းအလယ်တွင် အင်္ဂရုတ်ထိုးသောဖိုများ၊ ရွှေဒင်္ဂါးအတုပြုလုပ်သော ပုံစံခွက်များ၊ ညှပ်ပုံများကို တွေ့ရသည်။

"အင်း. . . အတော်အကြံပိုင်တဲ့လူတွေ၊ အင်္ဂရုတ်ရွှေတွေကို တကယ့်ရွှေအစစ်နဲ့ရောပြီး ရွှေဒင်္ဂါးအတုတွေ လုပ်ကြတာကိုး"

ထက်မင်းကျော်စွာ အတွင်းသို့လိုက်ကြည့်သောအခါ ရွှေအတုပြုလုပ်ရာတွင် အသုံးပြုသောပစ္စည်းများကိုလည်း တွေ့ရသည်၊ အခန်း၏အခြားတစ်ဖက်တွင် အပြင်သို့ထွက်သော တံခါးတစ်ချပ်ကိုတွေ့ရသဖြင့် တံခါးဖွင့်၍ထွက်သောအခါ ကျောက်ဂူလမ်းတစ်လမ်းသို့ ရောက်သွားသည်ကိုတွေ့ရသည်။

"အင်း. . . ဒီဂူလမ်းကသွားရင် ဘုရားအောက်က ဂူပေါက်ဝကို ရောက်မယ်ထင်တယ်"






ထိုအချိန်တွင် သူ့နောက်ဘက်မှ တံခါးဝုန်းကနဲပွင့်သံကြားလိုက်ရသဖြင့် သေနတ်ဖြင့်လှည့်ချိန်လိုက်စဉ်မှာ နောက်ဘက်မှ ပြင်းထန်စွာအရိုက်ခံလိုက်ရသဖြင့် မှောင်အတိကျသွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၉)

သတိပြန်ရလာတော့ ခေါင်းတစ်ခုလုံး မူးဝေလျက်ရှိသည်၊ နောက်စေ့ဖက်ဆီမှ တစစ်စစ်နာကျင်နေသည်။

မျက်လုံးကိုအားယူဖွင့်ကြည့်လိုက်တော့ မြေအောက်ခန်းတစ်ခုထဲတွင် ရောက်နေကြောင်း သတိပြုမိသည်။

အခန်းထဲတွင်မှောင်နေသည်ဆိုသော်လည်း ထိုအခန်းမှာ အင်္ဂရိတ်ထိုးသောဖိုကြီးများ၊ ညှပ်ပုံများရှိသော ရွှေဒင်္ဂါးများအတုပြုလုပ်ရန် အခန်းဖြစ်ကြောင်း ကောင်းစွာမှတ်မိသည်။

သူ့ကို တိုင်တစ်လုံးတွင် မလှုပ်သာအောင် ကြိုးဖြင့်တုပ်ထားသည်၊ လက်ရောခြေထောက်ပါ တုပ်နှောင်ထားသည်။

"အင်း. . တော်သေးတယ်၊ တစ်ခါတည်းမသေဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်သက်သာသလိုတွေးနေစဉ် အပေါ်ထပ်မှဆင်းလာသော ခြေသံအချို့ကြားရပြီး အခန်းထဲသို့ အဝတ်နက်ကြီးများခြုံထားသော ကျားခံတွင်းဂိုဏ်းသားများ ဝင်လာကြသည်။

အခန်းတွင်းဝင်လာသူမှာ ငါးယောက်ဖြစ်သည်။

အခန်းတွင်းရောက်သည်နှင့် အချို့က မီးသွေးအဆင်သင့်ထည့်ထားသောဖိုများကို မီးမွှေး၍ ဖိုဆွဲကြသည်၊ မီးများအရှိန်ရလာသောအခါ သတ္တုရည်များထည့်ထားသော လုံများကိုထည့်ထိုးကြသည်။

ရွှေရည်များပျော်လာသောအခါ ပုံစံခွက်အတွင်းလောင်းထည့်၍ ညှပ်ပုံဖိကြသည်။

မကြာမီ ရွှေဒင်္ဂါးအချို့ထွက်လာသည်။

ထိုသို့ပြုလုပ်နေကြစဉ် အပေါ်ထပ်မှ နောက်ထပ်ဝတ်ရုံနက်ခြုံထားသော လူနှစ်ယောက်ဆင်းလာသည်၊ ထိုနှစ်ယောက်မှာ ထက်မင်းကျော်စွာရှိရာသို့ လျှောက်လာကြသည်။

အနီးသို့ရောက်သောအခါ ရပ်လိုက်ကြသည်။

မျက်လုံးနေရာသာချန်ထားပြီး တစ်ကိုယ်လုံးအဝတ်နက်ကြီးများ ခြုံထားသောကြောင့် မည်သူမည်ဝါဖြစ်မှန်း ခန့်မှန်းရန်မလွယ်ပေ။

"မင်းဘယ်သူလဲ"

ဝတ်ရုံနက်က မေးသည်။





"ကျုပ်နာမည် ကျော်စွာ"

"မင်း ဒီကိုဘာလာလုပ်တာလဲ"

"ကျုပ်က လောင်းကစားသမားတစ်ယောက်ပါ၊ နယ်လှည့်ပြီး လောင်းကစားလုပ်ရင်း ဒီကိုရောက်လာတာပါ"

"ဒီမြေအောက်ခန်းထဲကို ဘယ်လိုသိပြီးဝင်လာတာလဲ"

ထက်မင်းကျော်စွာ မြေအောက်ခန်းထဲကို မည်သို့မည်ပုံရောက်လာပုံကို ပြောပြလိုက်သည်။

ဝတ်ရုံနက်ကြီးက သေနတ်တစ်လက်ကို ထုတ်ပြသည်။

"ဒါဘယ်သူ့သေနတ်လဲ"

သူ့ရဲ့လက်စွဲတော် လူဂါသေနတ်ဖြစ်သည်။

"ကျုပ်သေနတ်ပါ"

"ကစားသမားတစ်ယောက်က ဒီလိုသေနတ်မျိုးကိုင်ဖို့လိုအပ်လို့လား"

"အနယ်နယ်အရပ်ရပ်လှည့်ပြီး လောင်းကစားဝိုင်းတွေသွားရတာဆိုတော့ အန္တရာယ်များလို့ဆောင်ထားတာပါ"

ဝတ်ရုံနက်မှ တိုးညှင်းသောရယ်သံကြားလိုက်ရသည်။

"မင်းလိမ်နေတာ၊ အယောင်ဆောင်နေတယ်ဆိုတာ ငါသိတယ်၊ မင်းဟာ တို့အဖွဲ့ကိုစုံစမ်းဖော်ထုတ်ဖို့ ရန်ကုန်စီအိုင်ဒီကလွှတ်လိုက်တဲ့စုံထောက်တစ်ယောက်ဆိုတာ ငါတို့စုံစမ်းသိပြီးပြီ၊ မင်းကြောင့် တို့အဖွဲ့ဝင်အမှတ်ငါးကို မှားပြီးဖော်သင်ပစ်



www.burmeseclassic.com

www.burmeseclassic.com



၂၂၇

လိုက်ရတယ်၊ မင်းက တို့အဖွဲ့ထဲကို အမှတ်ငါးအယောင်ဆောင် ဝင်ပြီး စုံစမ်းထောက်လှမ်းခဲ့တယ်၊ ဒါကြောင့် ရွှေငွေရောင်းတဲ့ ကိစ္စမှာ မင်းပယောဂကြောင့် ပစ္စည်းတွေလည်းအားလုံးဆုံး၊ အဖွဲ့ ဝင်တွေလည်း အတော်များများအဖမ်းခံလိုက်ရတယ်၊ မင်းဘာပြင်း ဦးမလဲ"

"ခင်ဗျားပြောတာတွေကို ကျုပ်တစ်ခုမှမသိဘူး"

ဝတ်ရုံနက်က ၎င်း၏အိတ်အတွင်းမှ တစ်စုံတစ်ရာကို ထုတ်ပြလေသည်။

ကျားခေါင်းတံဆိပ်ပါသော အဖွဲ့ဝင်အမှတ်(၅)၏ ငွေရောင် ပြားလေးဖြစ်သည်။

ထက်မင်းကျော်စွာက ဘာမှပြန်မပြောပဲ အံကိုတင်းတင်း ကြိတ်ထားလိုက်သည်။

"ကျားဆိုတာ သားကောင်ကိုဘယ်တော့မှ အချက်ပေး တာမျိုးမရှိဘူး၊ ကျားခံတွင်းကို ဝင်လာတဲ့သားကောင်ဆိုရင်လည်း အသက်ရှင်လျက်နဲ့ ပြန်လွတ်ပေးတဲ့ထုံးစံမရှိဘူး"

ထိုသို့ဆိုကာ သူ့လူများကို အချက်ပြလိုက်သောအခါ ဖိုများထဲတွင်ထည့်ထားသော သံချွန်နှစ်ချောင်းကို ယူလာသည်။

သံချွန်များမှာ မီးရဲလျက်ရှိသည်။

ဝတ်ရုံနက်က ထိုသံချွန်ကိုယူကာ ရှေ့သို့ယူလာသည်။

ထက်မင်းကျော်စွာစိတ်ထဲ၌ 'ငါတော့ဒီတစ်ခါသွားပြီ'





ဟု တွေးလိုက်မိသည်။

ဝတ်ရုံနက်ကြီးက မီးရဲနေသောသံချွန်ဖြင့် ထက်မင်း ကျော်စွာမျက်လုံးကိုထိုးဖောက်ရန် ဟန်ပြင်လိုက်စဉ်မှာ ဂူဘက်မှ ပိတ်ထားသောတံခါးချပ် ဝုန်းကနဲပွင့်သွားပြီး လူတစ်ယောက် ခုန်ဝင်လာသည်။

"ဒိုင်း. . . ဒိုင်း"

မြေအောက်ခန်းအတွင်း ဟိန်းထွက်သွားသောသေနတ် သံနှင့်အတူ ဝတ်ရုံနက်လက်အတွင်းမှ သံချွန်လွင့်ထွက်သွားသည်။

ထိုသို့ဖြစ်သည်နှင့် မြေအောက်ခန်းအတွင်းမှာ ပြေးသူ ပြေး၊ ပုန်းသူပုန်းနှင့် ရုတ်ရုတ်သဲသဲဖြစ်သွားတော့သည်။

ဂူပေါက်ဝဘက်မှ လက်နက်ကိုင်ပုလိပ်များ ဆက်တိုက် ဝင်လာရာ ဝတ်ရုံနက်များကပြန်လှန်ပစ်ခတ်သောကြောင့် သေနတ် သံများဆူညံနေတော့သည်။

ထိုအချိန်တွင် ထက်မင်းကျော်စွာအနီးသို့ လူတစ်ယောက် လှစ်ကနဲရောက်လာပြီး ကြိုးများကိုဖြတ်ပေးလိုက်သည်။

အနှောင်အဖွဲ့လွတ်သွားသည်နှင့် နောက်ဘက်လှည့် ကြည့်တော့ ကြိုးဖြတ်ပေးသူမရှိတော့။

သူ ကြမ်းပြင်ပေါ်တွင်ကျနေသော လူဂါသေနတ်ကို ကောက်ပြီး အနီးရောက်လာသော ဝတ်ရုံနက်တစ်ယောက်ကို ပစ်ချလိုက်သည်၊ ဝတ်ရုံနက်များမှာ အခြေအနေမဟန်တော့မှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသဖြင့် အပေါ်ထပ်သို့တက်ပြေးရန် ကြိုးစားကြသည်။

ထိုအချိန်မှာပင် အပေါ်ထပ်ဆီမှ သေနတ်သံများ ကြားလိုက်ရသည်၊ အပေါ်ထပ်အခန်းမှာလည်း ပုလိပ်များရောက်နေကြပြီ။

အလင်းရောင်မသဲမကွဲအောက်ဝယ် သေနတ်ပစ်သံများ ဆူညံစွာပေါ်ထွက်ပြီးနောက် အတန်ကြာသောအခါ တစ်စတစ်စနှင့် ငြိမ်သက်သွားတော့သည်။

ထက်မင်းကျော်စွာ အပေါ်ထပ်သို့ရောက်သောအခါ ဝတ်ရုံနက်ခုနှစ်ယောက်စလုံးကို ပုလိပ်များကဖမ်းမိထားတော့သည်။

ထိုအဖွဲ့ထဲတွင် အိုင်ပီအောင်မင်းအောင်လည်း ပါလာလေသည်၊ သူ့ကိုမြင်သောအခါ. . .၊

"ဘယ်လိုလဲ မောင်ကျော်စွာ၊ အခြေအနေကောင်းရဲ့လား၊ သေတွင်းက လက်မတင်လေးလွတ်လာခဲ့ပုံရတယ်"

ဟု မေးသည်။

ထက်မင်းကျော်စွာက ဘာမှပြန်မပြောပဲ ပခုံးနှစ်ဘက်ကိုသာ တွန့်ပြလိုက်သည်။

ထို့နောက် ဝတ်ရုံနက်များကို တစ်ယောက်ချင်းလိုက်ပြီး ခေါင်းစွပ်များချွတ်ကြည့်သည်။

ဝိညာဉ်အဖွဲ့ဝင်(၃)နှင့်(၄)မှာ လောင်းကစားဒိုင်နှစ်ယောက်





တို့ဖြစ်ပြီး အမှတ်(၂)မှာ ဘိုးမင်းဖြူပင်ဖြစ်တော့သည်၊ ကျန်လူများမှာ အဖွဲ့ဝင်ဂိုဏ်းသားများသာ ဖြစ်ကြသည်။

ထက် င်းကျော်စွာအနေဖြင့် တစ်နေ့ကျလျှင် အဖြေထိုသို့ထွက်လာလိမ့်မည်ဟု ကြိုတွေးထားသဖြင့် သိပ်ပြီး အံ့သြမှုမဖြစ်လှပေ။

"ဒါဆိုရင် နံပါတ်(၁)ဘယ်သူဖြစ်မလဲ"

သူစဉ်းစားကြည့်သည်။

ဖြစ်နိုင်ချေရှိသည်များကို တစ်စချင်းထုတ်၍ တွေးကြည့်သောအခါ ပုံရိပ်တစ်ခုက ရေးရေးပေါ်လာသည်။

"ဒါဆိုရင် နံပါတ်(၁)ဟာ. . ."

ထိုအချိန်တွင် အိုင်ပီအောင်မင်းအောင်က သူ့အနီးသို့ရောက်လာသည်။

"ကျွန်တော့်ကိုကယ်လိုက်တာ ဘယ်သူလဲ အိုင်ပီ"

"မောင်ကျော်စွာအသက်ကို အချိန်မီကယ်လိုက်တာ ကျုပ်တို့အဖွဲ့ထဲတစ်ယောက်ပေါ့၊ သိချင်ရင် လှည့်ကြည့်လိုက်လေ"

အိုင်ပီအောင်မင်းအောင်စကားကြောင့် သူနောက်ကိုဖျပ်ကနဲလှည့်ကြည့်လိုက်သောအခါ ယူနီဖောင်းဝတ်စုံအပြည့်ဖြင့် ရပ်နေသော လူတစ်ယောက်ကိုတွေ့လိုက်ရသည်။

"ဟင်"

ထိုသူ၏မျက်နှာကိုမြင်သောအခါ သူတအံ့တသြဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ဟဲ. . ဟဲ လုံမချမ်းသာတဲ့ ဦးချမ်းသာကို တွေ့လိုက်ရတော့ အံ့ဩသွားသလား မောင်ကျော်စွာ"

"ဟင် ဦးချမ်းသာက. . ."

"ကျုပ်က မောင်ရင့်လိုပဲ ကျားခံတွင်းဂိုဏ်းကို ထောက်လှမ်းစုံစမ်းဖို့ရောက်နေတဲ့ စုံထောက်တစ်ယောက်ပဲပေါ့ကွယ်၊ ဒါကြောင့် မောင်ရင့်အသက်ကို အချိန်မီဝင်ကယ်နိုင်တာပေါ့"

"လေးစားပါတယ် ဦးချမ်းသာ"

ထက်မင်းကျော်စွာက ဦးချမ်းသာလက်ကိုဆွဲပြီး နှုတ်ဆက်လိုက်သည်။

"ဒါဖြင့် နံပါတ်(၁)က"

"ကျားခံတွင်းဂိုဏ်းရဲ့နံပါတ်(၁)ခေါင်းဆောင်က မောင်ရင့်ဘေးမှာအမြဲရှိနေတာပဲ၊ ဘယ်သူဖြစ်မလဲ စဉ်းစားကြည့်ပေါ့"

ထက်မင်းကျော်စွာအတွေးထဲတွင် ဦးဗန်ကောင်း၏ရုပ်ပုံလွှာကို ဖျပ်ကနဲသတိရလိုက်သည်။

"ဦးဗန်ကောင်း"

"ဟုတ်တယ်လေ၊ ကျားခံတွင်းဂိုဏ်းရဲ့အမှတ်(၁)ဟာ ဦးဗန်ကောင်းပဲပေါ့၊ မောင်ကျော်စွာ ဒီနယ်ကိုစရောက်လာကတည်းက ဦးဗန်ကောင်းက သတင်းကြားပြီးသိတယ်၊ ဒါကြောင့် သူ့မြေးမလေးကို တည်ကြက်လုပ်ပြီး မောင်ရင့်ကို သူ့အနားရောက်





အောင် ဖန်တီးလိုက်တယ်"

ထက်မင်းကျော်စွာအတွေးထဲ၌ မိုင်းပွန်သို့ရောက်ကာစက ဆည်းဆာဆိုသောမိန်းကလေးကို လူဆိုးများလက်မှ ကယ်တင်ရင်း မိုင်းပွန်သချိုင်းအတွင်းသို့ ရောက်သွားခဲ့ပြီး ဦးဗန်ကောင်းနှင့် တွေ့ခဲ့ရပုံများအား ပြန်လည်အမှတ်ရလေသည်။

"ဦးဗန်ကောင်းဟာ ရန်သူကို ကိုယ့်အနားရောက်အောင်ခေါ်ထားနိုင်တော့ တစ်ဖက်သတင်းတွေလည်း ရသင့်သမျှရတယ်၊ သူ့ရဲ့လှုပ်ရှားမှုတွေလည်း မျက်ခြေမပြတ်ကြည့်နိုင်တယ်၊ တစ်ဘက်လူလိုချင်တဲ့ သဲလွန်စလေးတွေပေးပြီး သူ့ရဲ့လှုပ်ရှားမှုတွေစောင့်ကြည့်ရုံနဲ့ သူဘယ်သူဆိုတာကိုလည်း အလွယ်တကူသိနိုင်တယ်၊ ဦးဗန်ကောင်းက ကောက်ပင်ရိတ်လှီးနည်းဗျူဟာကို ကောင်းကောင်းအသုံးချသွားတာပဲ၊ ကောက်ပင်ရိတ်လှီးဆိုတာ ကိုယ်လိုချင်တဲ့ကောက်ပင်ကို လက်ထဲမှာ မိမိရရဆုပ်ကိုင်ထားပြီး လိုချင်တဲ့အချိန်ကျမှ တံစဉ်နဲ့တိကနဲဖြတ်ချသွားသလိုမျိုးပေါ့၊ မောင်ရင့်ကိုအယုံသွင်းပြီး သဲလွန်စကလေးတွေ မသိမသာပေးခဲ့တာ မှတ်မိမှာပေါ့"

ဦးချမ်းသာက အေးအေးဆေးဆေးရှင်းပြသည်။

"ဒါပေမယ့် မောင်ကျော်စွာလည်းတော်ပါတယ်၊ ဦးတို့ကိုလက်တစ်လုံးခြားလှည့်ပြီး ဒီဂိုဏ်းထဲကို ထိုးဖောက်ရောက်နိုင်ခဲ့တာတော့ ချီးကျူးစရာပါပဲ၊ မောင်ရင့်ကိုနောက်ယောင်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က အခုလိုညှပ်ပူးညှပ်ပိတ် ဖမ်းနိုင်ခဲ့ကြတာပါ"

"အင်းလေ. . ဘာပဲဖြစ်ဖြစ် ဦးချမ်းသာရဲ့ပိရိသေသပ်မှုကို ချီးကျူးပါတယ်၊ ကျွန်တော်က ဦးချမ်းသာကို တစ်ဖက်ဂိုဏ်းက သူလျှိုလို့တောင် ထည့်တွက်ထားခဲ့တာ"

ထက်မင်းကျော်စွာက ပွင့်ပွင့်လင်းလင်းပင် ဝန်ခံလိုက်သည်။

"ကျုပ်ကလည်း အဲဒီလိုအထင်ခံရအောင်ကို တမင်နေခဲ့တာကိုး၊ ဒါမှ လွတ်လွတ်လပ်လပ်လှုပ်ရှားလို့ရမှာ မဟုတ်လား၊ ကျုပ်က နောက်ကလျှိုနေပြီး မောင်ကျော်စွာကို ရှေ့တင်ပေးလိုက်တော့ ကျားခံတွင်းဂိုဏ်းသားတွေ မျက်စိလည်ကုန်တာပေါ့၊ သူတို့က မောင်ကျော်စွာကို အာရုံစိုက်နေတဲ့အချိန်မှာ ကျုပ်က နောက်ကနေ လွတ်လွတ်လပ်လပ်လှုပ်ရှားလို့ရခဲ့တာပေါ့၊ ဒါကလည်း အိုင်ပီအောင်မင်းအောင်ရဲ့ အိုင်ဒီယာတွေအများကြီးပါတယ်လေ"

"ကိုင်း ဒါဖြင့်လည်း ကျန်တဲ့အဖွဲ့ဝင်တွေဖမ်းမိပြီဆိုတော့ နံပါတ်(၁)ကိုဖမ်းမိဖို့လိုသေးတယ်၊ အမြန်ဆုံးရှာဖွေဖမ်းဆီးရဦးမယ်"

"သူမိုင်းပွန်နယ်ထဲက မထွက်နိုင်အောင် ထွက်ပေါက်တွေအားလုံးမှာ စောင့်ကြည့်နေခိုင်းထားပါတယ်၊ ဒါပေမယ့် သတိတော့ထားရမယ်၊ ဦးဗန်ကောင်းဟာ ဉာဏ်သွားသလောက်





ဉာဏ်လည်းသိပ်များတယ်၊ အဲဒီမှာ သနားစရာကောင်းတာက ဆည်းဆာလို့အမည်ခံထားတဲ့ သူ့ရဲ့မြေးမလေးပဲ၊ အဘိုးဖြစ်သူကိုအားကိုးနေလေတော့ အဘိုးဖြစ်သူခိုင်းသမျှ မလုပ်ချင်သပဲ လုပ်နေရတာပဲ၊ အခုလည်း မိန်းကလေးကို ဘယ်ပို့လိုက်လဲမသိဘူး၊ မတွေ့ရတော့ဘူး"

"ဘာပဲဖြစ်ဖြစ်လေ ဦးဗန်ကောင်းကို မမိမချင်းကတော့ ကျုပ်တို့တာဝန်ပြီးတယ်လို့ မဆိုနိုင်သေးဘူးဗျို့၊ ကြိုးစားရဦးမယ်၊ ကိုင်း. . . သွားဦးမယ်"


ထက်မင်းကျော်စွာက အိုင်ပီအောင်မင်းအောင်နှင့် ဦးချမ်းသာအမည်ခံ စုံထောက်ကြီးဦးထင်ကျော်တို့အား နှုတ်ဆက်ပြီးနောက် အပြင်သို့ထွက်လာခဲ့တော့သည်။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

မိုင်းပွန်မြို့၏လူစည်ကားသောနေရာဖြစ်သည့် ဓမ္မာရုံကြီး၏ရှေ့တွင်ရှိသော ညောင်ပင်ကြီးအောက်တွင် မြေကွက်လပ်ကြီးတစ်ခုရှိသည်။

ထိုမြေကွက်လပ်ကြီးတွင် ရှမ်းအဘိုးကြီးတစ်ဦး မြေအလမွယ် မျက်လှည့်ပွဲပြရန် ပြင်ဆင်လျက်ရှိသည်၊ အဘိုးကြီးမှာ ရှမ်းဘောင်းဘီအနက်၊ အကျီအနက် ခေါင်းပေါင်းအနက်များ ဝတ်ဆင်ထားသည်၊ လင်းကွင်းနှင့် ဗုံတီးသောလူရွယ်မှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက စည်းဝိုင်းတစ်ဝိုင်းခြစ်လိုက်ပြီး စည်းဝိုင်းအလယ်တွင် မျက်လှည့်ပြရန်ပစ္စည်းများ၊ သေတ္တာပုံးများ၊ အရိုးခေါင်းများကို သူ့နေရာနှင့်သူချပြီး သေတ္တာတစ်လုံးပေါ်တွင် လူအရိုးခေါင်းတစ်လုံးတင်ကာ ထိုအပေါ်တွင် ဖယောင်းတိုင်ကြီးတစ်တိုင်ကို မီးထွန်းလိုက်သည်၊ စည်းဝိုင်း၏ထောင့်လေးထောင့်တွင်လည်း သပိတ်ကွဲအင်းချပ်များကို လိုက်လံချထားလိုက်သည်။

ထိုသို့ပြီးသောအခါ လူရွယ်ကလေးက ဗုံနှင့်လင်းကွင်းကို စည်းချက်ကျကျ စတင်တီးခတ်လေတော့သည်။

"တုံချမ်း၊ တုံချမ်း၊ တုံချမ်း"

ထိုတီးခတ်သံကြောင့် မကြာမီ စည်းဝိုင်းအနီးသို့ လူတစ်ယောက်စနှစ်ယောက်စရောက်လာပြီး ခဏကြာသောအခါ လူအတော်များများ စုဝေးရောက်လာတော့သည်။

လူအတန်ငယ်များလာသောအခါ ရှမ်းအဘိုးကြီးက လေသံဝဲဝဲဖြင့်. . .၊

"အခုရောက်လာကြတဲ့ ပရိတ်သတ်များကိုပြသမယ့် ကျွန်တော့်ရဲ့ပညာတွေကတော့ မျက်လှည့်ပညာနဲ့ မြွေအလမ္ပာယ်ပညာတို့ဖြစ်ပါတယ်၊ နောက်ထပ် ပရိတ်သတ်များကို ထူးဆန်းတဲ့ပစ္စည်းတွေကို ပြချင်ပါသေးတယ်၊ ဒါကတော့ လက်လှည့်မျက်လှည့်ပွဲနဲ့ မြွေအလမ္ပာယ်ပွဲတွေပြပြီးတဲ့အခါ ကျွန်တော်ထုတ်ပြပါ့





မယ်၊ ဒီပစ္စည်းတွေကို ကျွန်တော် ဟိမဝန္တာတောင်တန်းတွေမှာ အဓိဋ္ဌာန်လှည့်ဝင်ခဲ့စဉ်မှာ ရခဲ့တာဖြစ်ပါတယ်၊ နောက်တော့ ပြပေးပါ့မယ်၊ အခုအချိန်ကစပြီး ကျွန်တော့်ရဲ့လက်လှည့်မျက်လှည့်ပြကွက်တွေကို ကြည့်ရှုတော်မူကြပါ"

ထိုသို့ပြောပြီးနောက် အစောင့်အရှောက်များအား တိုင်တည်ပသပြီးနောက်တွင် မျက်လှည့်လက်လှည့်ပြကွက်များကို တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုးပြသလေတော့သည်။

ရှမ်းဆရာကြီးမှာ လက်လှည့်မျက်လှည့်ပညာများတွင် ကျွမ်းကျင်တတ်မြောက်သူဖြစ်သဖြင့် ပြကွက်တစ်ခုပြီးတိုင်း၊ ပြီးတိုင်း ပရိတ်သတ်များမှာ 'ဟာ'ကနဲ'ဟင်'ကနဲဖြစ်ကြရသည်။

ထိုပြကွက်များပြီးသောအခါ ခေတ္တရပ်နားပြီး ပုံးအတွင်း၌အသင့်ထည့်ယူလာသော မြွေများကိုထုတ်ပြီး မြွေအလမ္ပာယ်ပြလေသည်။

၎င်းကိုင်တွယ်ပြသသောမြွေများမှာ အလွန်အဆိပ်ပြင်းသောမြွေဟောက်၊ ငန်းတော်ကျားနှင့် ငန်းစောင်းများဖြစ်သော်လည်း မြွေဆိုးများမှာ ရှမ်းဆရာကြီးကိုင်တွယ်ပြသသောအခါ အိမ်မွေးတိရစ္ဆာန်များပမာ လိုသလိုစေခိုင်းပြသနိုင်သဖြင့် ပရိတ်သတ်များမှာ သည်းထိတ်ရင်ဖိုပြကွက်များအား ကြည့်ကြရသည်။ ထိုအချိန်တွင် စည်းဝိုင်းအပြင်ဘက်မှ ကြည့်ရှုနေသည့်ပရိတ်သတ်မှာလည်း တစ်စတစ်စနှင့် ပိုမိုများပြားလာတော့သည်။ စည်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌မူ ရှမ်းဆရာကြီး၏ပြကွက်များကလည်း ကောင်းလှသလို လူရှယ်၏ဗုံသံ၊ လင်းကွင်းသံတို့မှာလည်း မြိုင်ဆိုင်လှသည်။

"ထူးဆန်းတဲ့ပစ္စည်းတွေပြပေးမယ်ဆိုတာ ပြပါတော့ဗျို့"

ပရိတ်သတ်ထဲမှ တစ်ယောက်ကအော်ပြောလိုက်သည်။

ထိုအခါ ရှမ်းဆရာကြီးက 'ပြပေးပါ့မယ်၊ အခုပဲပြပေးပါ့မယ်"ဟု ချိုသာစွာပြောပြီး ၎င်း၏မြွေများကို သေတ္တာများအတွင်းသို့ ပြန်လည်ထည့်သွင်းကာ အဖုံးပိတ်ထားလိုက်သည်။

ထို့နောက် အခြားသေတ္တာတစ်လုံးကိုဖွင့်လိုက်ပြီး အတွင်းမှပစ္စည်းများကို ထုတ်ပြလေသည်။

ထိုပစ္စည်းများမှာ အခြားမဟုတ်ပေ။

သူယောင်ဂမုန်းပင်များပင် ဖြစ်တော့သည်။

"ဟင်"

"ဟယ်"

ပရိသတ်များမှာ တအံ့တသြဖြစ်သွားကြလေတော့သည်။

သူယောင်ဂမုန်းများ၏ အရပ်နှင့်အရွယ်အစားမှာ မကြီးမမြင့်လှပဲ အပင်အမြင့်မှာ တစ်တောင်သာသာခန့်သာရှိပြီး အရွက်မှာ လက်ဖဝါးသာသာခန့်ရှိသည်။

ထိုအရွက်များမှာ အချို့ဂမုန်းပင်က အရွက်နှစ်ခွသာပါပြီး အချို့အပင်၌မူ အရွက်များကသုံးခွပါလေသည်။





ထိုဂမုန်းပင်များ၏ထူးခြားချက်မှာ အောက်တွင်အသီးသီးဥများပါလာခြင်းပင်ဖြစ်သည်။

ထိုဥများမှာ မုန်လာဥအရွယ်ခန့်ရှိပြီး အဖြူရောင်အဆင်းရှိသည်၊ အရွက်နှစ်ခွရှိသောဂမုန်းပင်မှ ဥသောဥမှာ ခြေလက်နှင့်ယောက်ျားအင်္ဂါရပ်အစုံအလင်ပါပြီး အရွက်သုံးခွရှိသောဂမုန်းပင်မှ ဥသောဥတွင် မိန်းမအင်္ဂါများအစုံအလင်ပါလေသည်၊ ဂမုန်းဥများမှာ ဦးခေါင်းနေရာတွင် ဆံပင်မွှေးသဏ္ဌာန်အမြစ်ဖွားကလေးများပင် ပါရှိလေသည်။

"ဒါ. . သူယောင်ဂမုန်းအစစ်တွေပါ၊ ဇော်ဂျီတပသီတွေဟာ သူယောင်သီးတွေကို ဆေးတောင်ဝှေးနဲ့တို့ပြီး ပျော်ပါးကြသလို ဒီသူယောင်ဂမုန်းဥတွေကိုတော့ ဆေးအစီအရင်တွေမှာ သုံးကြတယ်လို့ ရှေးမှတ်တမ်းတွေမှာ ရေးထားတာရှိပါတယ်"

ပရိသတ်ကတော့ သူပြောတာထက် သူ့လက်ထဲမှာကိုင်ထားသော မိန်းမသဏ္ဌာန်၊ ယောက်ျားသဏ္ဌာန်ဂမုန်းဥကလေးများအား စိတ်ဝင်စားစွာကြည့်နေကြသည်။

"ပြီးခဲ့တဲ့လက ကျွန်တော် ဟိမဝန္တာတောင်ပေါ်မှာသွားပြီး အဓိဋ္ဌာန်ဝင်ခဲ့ပါတယ်၊ အဲဒီမှာ တိဗက်တောင်တန်းဘက်ကလာတဲ့ လားမားဘုန်းကြီးတစ်ပါးနဲ့တွေ့ပြီး သူက ဂမုန်းသူယောင်တွေရှိတဲ့ဂူကို လမ်းညွှန်ပေးလိုက်တာနဲ့ ကျွန်တော် အဲဒီနေရာကို ရောက်သွားခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"..........."

"ဂမုန်းသူယောင်ဆိုတာ လူမြင်မခံဘူး၊ လူသံကြားရင် တောင်မှ တခြားနေရာကို ရွှေ့သွားကြတာဗျ၊ ဒါကြောင့် ကျွန်တော်လည်း အဲဒီဂူနဲ့မျက်နှာချင်းဆိုင်မှာရှိတဲ့ ဂူတစ်ဂူထဲမှာ အမိဋ္ဌာန်ရင်းနဲ့စောင့်ကြည့်ခဲ့တယ်"

"..........."

"အဲဒီလိုစောင့်ကြည့်တဲ့အခါကျတော့ ညဘက်တွေ ရောက်ရင် အဲဒီဂူထဲကလူတွေအများကြီး ထွက်လာတာကို တွေ့ ရပါတယ်၊ လူကြီး၊ လူရွယ်၊ ကလေး၊ ယောကျ်ား၊ မိန်းမ အစုံပါပဲဗျာ၊ တစ်ခါတစ်ခါ မီးတုတ်တွေတောင် ပါလာသေးတယ်၊ လပြည့်နေ့တွေဆိုရင် လရောင်ရှိတဲ့တောင်ပေါ်တက်ပြီး ပျော်ပျော်ပါးပါး နေကြထိုင်ကြတာကို တွေ့ရပါတယ်၊ ကျွန်တော်အမိဋ္ဌာန်ပြီးတဲ့ အခါမှာ အဲဒီဂူထဲကိုဝင်ကြည့်တော့ အခုယူလာတဲ့ သူယောင်ဂမုန်းတွေ အများကြီးတွေ့ရတာကြောင့် ယူလာခဲ့တာပါ၊ သူယောင်ဂမုန်းအစစ်ဆိုတာ ဥတွေကိုကြည့်ရုံနဲ့ သိနိုင်ပါတယ်၊ ကြည့်ကြပါ၊ ကြည့်ကြပါ"

ဟု ဆိုပြီးနောက် ရှမ်းဆရာကြီးက ၎င်းလက်ထဲမှ ဂမုန်းသူယောင်ဥများကို ဝိုင်းကြည့်နေသော ပရိသတ်လက်ထဲသို့ ထည့်ပေးရာ ပရိသတ်များမှာ ၎င်းဂမုန်းဥများကို အနီးကပ်ကြည့်ရလေသည်။





ဂမုန်းဥများမှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ ဆံပင်၊ ခြေလက်၊ ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါအစုံအလင်ပါပြီး ဥကတခြား အပင်ကတခြားကို ဆက်ထားတာမဟုတ်ပဲ အပင်မှသဘာဝ အတိုင်းဖြစ်နေသော ဥအစစ်ဖြစ်သည်။

"ဒီဂမုန်းဥက ဘယ်လိုစွမ်းသလဲဆရာကြီး"

"ဒီဂမုန်းဥကို ခြံထဲမှာစိုက်ထားရင် အပြင်က အနှောင့်အယှက်၊ အဖျက်အဆီး၊ အမှောင့်ပယောဂတွေ၊ သူရဲတစ္ဆေတွေ မဝင်နိုင်ဘူး၊ အိမ်ပေါ်မှာစိုက်ထားရင် စီးပွားလာဘ်လာဘတွေ တိုးတယ်၊ အလုပ်အကိုင်ကောင်းတယ်၊ နောက်ဆုံး သားကောင်းရတနာ၊ သမီးကောင်းရတနာတွေ ရနိုင်တယ်ပေါ့ဗျာ"

"ဆရာကြီးပြောတော့ ဒီဂမုန်းမျိုးက လူတွေ့ရင်ထွက်ပြေးတယ်ဆို၊ ခြံထဲမှာစိုက်ထားရင်း ထွက်ပြေးသွားရင်မခက်ပေဘူးလား"

"ဒီအတွက်မပူပါနဲ့၊ ဂမုန်းစိုက်တဲ့အခါ အောက်က အင်းချပ်တစ်ချပ်ခံစိုက်ထားရင် ဒီဂမုန်းပင် ဘယ်တော့မှထွက်မပြေးနိုင်ပါဘူး"

"အဲဒီအင်းချပ်က ဘယ်ကရမှာလဲ ဆရာကြီး"

"အင်းချပ်က ဒီဂမုန်းတစ်ပင်ဝယ်သူတိုင်းကို တစ်ချပ် လက်ဆောင်ပေးပါ့မယ်"

"ဂမုန်းတစ်ပင်ကို ဘယ်လောက်နဲ့ရောင်းမှာလဲဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မများပါဘူး၊ ဒီဂမုန်းတစ်ပင်ကိုမှ ငွေဒင်္ဂါးတစ်ပြားနဲ့ပဲ ရောင်းမှာပါ။ ဒီဂမုန်းရောင်းလို့ရတဲ့ငွေတွေကိုလည်း ကျွန်တော် မစားပါဘူး၊ ဒီဂမုန်းတွေယူလာတဲ့ဂူပေါ်မှာ ဘုရားတည်ဖို့ပါပဲ၊ ဒီပွဲပြီးရင် ကျွန်တော်တို့လည်း ဟိမဝန္တာတောင်တန်းတွေဘက်ကို တစ်ခါတည်းပြန်တော့မှာမို့၊ ကဲ. . ကဲ စဉ်းစားမနေကြနဲ့၊ ယူချင် ယူထားလိုက်ကြပါ၊ ဦးရာလူပဲရမှာဆိုတော့ ယူချင်ယူကြပါ၊ ယူကြပါ"

ရှမ်းဆရာကြီး၏ စိတ်ဝင်စားဖွယ်ရာကောင်းသော စကားများကြောင့် ဂမုန်းပင်များမှာ သူတစ်ပင်၊ ငါတစ်ပင်နှင့် အရောင်း သွက်လှပေတော့သည်။

ရှေ့မှရှမ်းဆရာကြီးက ဂမုန်းပင်များရောင်းပေးကာ နောက်မှလူရွယ်ကလေးက အိတ်အနက်တစ်လုံးဖြင့် ရရှိသော ငွေဒင်္ဂါးများကို သိမ်းယူလေသည်။

တစ်နေရာရောက်သောအခါ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများနှင့် ရှမ်းဘောင်းဘီ၊ အင်္ကျီများဝတ်ထားကာ ခမောက်တစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားသော လူရွယ်တစ်ယောက်က သူ့အား ဂမုန်းတစ်ပင်ပေးပါဟုဆိုသဖြင့် ဂမုန်းတစ်ပင်လှမ်းပေးလိုက်ရာ သူက ငွေဒင်္ဂါးတစ်ပြားပေးသည်။

သူပေးသောငွေဒင်္ဂါးပြားမှာ အခြားငွေဒင်္ဂါးနှင့်မတူသဖြင့် ရှမ်းဆရာကြီးက အသေအချာစိုက်ကြည့်လိုက်သောအခါ တစ်ဘက်





တွင်ကျားခေါင်းတံဆိပ်ရှိပြီး ကျန်တစ်ဘက်တွင် ကနုတ်ပန်းများ ဝန်းရံထားသော (၅)ဂဏန်းကိုတွေ့ရသည်။

"အဘတို့က တောသူတောင်သားတွေဆိုတော့ ငွေကြေးတွေဘာတွေလည်း အစုံမမြင်ဖူးပါဘူး၊ သူငယ်ပေးတဲ့ငွေဒင်္ဂါးပုံစံကတစ်မျိုးပဲနော်၊ ဒီငွေဒင်္ဂါးမျိုးက သုံးလို့ရလားဟင်"

လူရွယ်ကခေါင်းညိတ်ပြပြီး. . .၊

"သုံးလို့ရတဲ့နေရာတွေ ရှိပါတယ်အဘရဲ့"

ဟု အေးအေးဆေးဆေး ပြောလိုက်လေသည်။

ရှမ်းဆရာကြီးက ဘာမှမပြောတော့ပဲ ငွေဒင်္ဂါးပြားကို နောက်မှလူငယ်အား ကမ်းပေးလိုက်ပြီး လက်ကျန်ဂမုန်းပင်များ ဆက်ရောင်းလေရာ မကြာမီ ဂမုန်းပင်များအားလုံးကုန်သွားသဖြင့် မျက်လှည့်ပွဲသိမ်းလိုက်လေတော့သည်။

မျက်လှည့်ပွဲပြီးသွားသောအခါ မျက်လှည့်ပွဲကြည့်ကြသူများရော ဂမုန်းပင်ဝယ်သူများပါ ပြန်သွားကြရာ မကြာမီညောင်ပင်ကြီးအောက်တွင် လူရှင်းသွားလေတော့သည်။

သို့သော် စည်းဝိုင်းပတ်လည်တွင် လူငါးယောက်ထိုင်လျက်သားကျန်နေခဲ့သည်။

ရင်းငါးယောက်မှာ အခြားသူများပြန်သွားသော်လည်း မပြန်သေးပဲ စည်းဝိုင်းအနီးတွင် ထိုင်မြဲထိုင်လျက်ရှိ[illegible]သည်။

ရှမ်းဆရာကြီးက ထိုလူငါးယောက်ကို[illegible]သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားဟန်ဖြင့်. . . ၊

“ဗျို့ဆရာတို့ မျက်လှည့်ပွဲပြီးပြီလေဗျာ၊ ကျွန်တော့်မှာ ဝဂုန်းပင်လည်းရောင်းစရာမကျန်တော့ဘူး၊ ပြန်ကြတော့လေဗျာ”

“ကျွန်တော်တို့က ဆရာကြီးဆီက နောက်ထပ်ပညာ တစ်ခု ကြည့်ချင်သေးလို့စောင့်နေကြတာပါ”

“ဘာပညာလဲကွယ့်”

“ရုပ်ပြောင်းရုပ်လွှဲပညာပါ”

ထိုစကားကြောင့် ရှမ်းဆရာကြီးက တအံ့တသြဖြစ်သွားဟန်ဖြင့် တဟားဟားရယ်မောနေလေသည်။

“မောင်တို့ ဘာတွေပြောနေကြတာလဲ၊ ကျုပ်က ရုပ်ပြောင်းရုပ်လွှဲပညာမှမတတ်ပဲ၊ မျက်လှည့်ပဲပြတတ်တာကွယ့်”

ထိုအခါ စည်းဝိုင်းနံဘေးမှ ခမောက်နှင့်လူရွယ်က ထလာပြီး ၎င်းခေါင်းပေါ်တွင်ဆောင်းထားသောခမောက်ကို ဆွဲချွတ်လိုက်သည်။

ထို့နောက် မျက်နှာပေါ်မှ နှုတ်ခမ်းမွေးအတု၊ မုတ်ဆိတ်မွေးအတုများကို ဖယ်လိုက်သောအခါ ထက်မင်းကျော်စွာ၏ ရုပ်ပေါ်လာတော့သည်။

“ဆက်ပြီး ဟန်မဆောင်ချင်ပါနဲ့တော့ ဦးဗန်ကောင်း၊ ရာဇဝတ်ဘေး ပြေးမလွတ်တော့ပါဘူး၊ အေးအေးဆေးဆေးသာ အဖမ်းခံပါတော့”





ထိုအချိန်တွင် ဘေးမှာထိုင်နေကြသော အရပ်သားယောင်ဆောင်ထားသည့် ပုလိပ်များကလည်း ထလာပြီး သေနတ်များဖြင့် ဝိုင်းချိန်ထားလိုက်သည်။

စည်းဝိုင်းအလယ်တွင်ရပ်နေသည့် ရှမ်းဆရာကြီးအယောင်ဆောင်ထားသည့် ဦးဗန်ကောင်းမှာ မလွတ်သာတော့သော အခြေအနေကို ရိပ်မိလိုက်သောအခါ အေးအေးဆေးဆေးအမူအယာနှင့် ခေါင်းပေါင်းအတု၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအတုများကို ဆွဲဖယ်ပစ်လိုက်သည်။

“တောက် စုံထောက်စုတ်၊ မင်းက ငါ့ထင်တာထက်တောင် ပိုတော်နေပါလား၊ မင်းကြောင့် ငါ့အနှစ်နှစ်အလလက ထူထောင်ခဲ့ရတဲ့လုပ်ငန်းတွေ အကုန်ပျက်စီးသွားပြီ၊ ဒီနေ့တော့ မင်းနဲ့ငါနဲ့ နောက်ဆုံးပွဲလို့သာ မှတ်လိုက်ပေတော့ဟေ့”

ဟုဆိုကာ အနီးတွင်ချထားသော သေတ္တာတစ်လုံးကို ဖျပ်ကနဲအဖုံးဖွင့်လိုက်ပြီး အတွင်းမှမြွေတစ်ကောင်နှိုက်ယူလိုက်သည်၊ မြွေမှာ တောကြီးမြွေဟောက်ဖြစ်ပြီး အဆိပ်ပြင်းလွန်းသောကြောင့် အကိုက်ခံရလျှင် ဆေးမမီပေ။

ထက်မင်းကျော်စွာက လူဂါသေနတ်ကိုဆွဲထုတ်ပြီး နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်းဆုတ်ပေးလိုက်သည်။

“အေးအေးဆေးဆေးအဖမ်းခံပါ ဦးဗန်ကောင်း၊ ဥပဒေ စက်ကွင်းက မလွတ်နိုင်တော့ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက တဟားဟားအော်ဟစ်ရယ်ရင်း လက်ထဲမှမြွေကို မြှောက်လိုက်သည်၊ မြွေက 'ဖြီး'ကနဲ ပါးပျဉ်းခွက်လိုက်လေသည်။

ထို့နောက် ကြောက်မက်ဖွယ်ရာရယ်မောရင်းနှင့် ထက်မင်းကျော်စွာရှိရာသို့ ပြေးဝင်လာသည်။

"အဘ မလုပ်နဲ့၊ မလုပ်ပါနဲ့"

နောက်ဘက်မှ ယောက်ျားလေးယောင်ဆောင်ထားသော ဆည်းဆာက လှမ်းအော်သည်။

ဦးဇန်ကောင်းက လက်ထဲမှမြွေဖြင့် လှမ်းပစ်လိုက်သည်။

ထိုအချိန်တွင် နောက်ဘက်မှသေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်၊ ထက်မင်းကျော်စွာက ဝဲကနဲဝင်လာသော မြွေကို သေနတ်ဖြင့်ပစ်ချသည်။

"ဒိုင်း. . . ဒိုင်း"

မြွေက နှစ်ပိုင်းပြတ်ပြီး လွင့်ထွက်သွားသည်။

ထိုအခိုက်မှာပင် ထက်မင်းကျော်စွာအနီးသို့ရောက်လာသော ဦးဇန်ကောင်းကိုယ်ခန္ဓာကြီးမှာ နောက်မှပစ်လိုက်သော သေနတ်ဒဏ်ရာကြောင့် တအိအိပြိုလဲကျလာသည်။

ထက်မင်းကျော်စွာက အနီးသို့လျှောက်သွားပြီး ငုံ့ကြည့်လိုက်သောအခါ ပါးစပ်မှသွေးများ ပွက်ကနဲအံထွက်လာသည်။

"အားကိုးရာမရှိတဲ့ ကျုပ်မြေးမလေးကို စောင့်ရှောက်ပေး





ပါ၊ သူ့မှာ ဘာအပြစ်မှမရှိပါဘူး၊ ကျုပ်ခိုင်းသမျှလုပ်နေရတာပါ၊ သူ့ကိုစောင့်ရှောက်ပါ့မယ်လို့ ကျုပ်အသေဖြောင့်အောင် ကတိပေးပါ"

"စိတ်ချပါ ဦးဇန်ကောင်း၊ ကျွန်တော် တာဝန်ယူစောင့်ရှောက်ပေးပါ့မယ်"

ဦးဇန်ကောင်းမျက်လုံးများထဲတွင် ကျေနပ်မှုအရိပ်အယောင်များပေါ်လာပြီး တဖြည်းဖြည်းပြန်မှိတ်သွားသည်၊ ပြန်ပွင့်မလာတော့. . . ။

"အဘ. . အဘရယ်၊ အခုတော့ သမီးကိုခွဲသွားပြီလား အဘရယ်" ဟူသော ဆည်းဆာ၏ ရင်နင့်ဖွယ်ရာငိုရှိုက်သံများက ပျံ့လွင့်ထွက်လာသည်။


ပုလိပ်များက ဦးဇန်ကောင်း၏အလောင်းကို လာရောက်သယ်ယူစဉ် ယူကျုံးမရဖြစ်နေသောဆည်းဆာအား ထက်မင်းကျော်စွာက ဖေးမတွဲခေါ်ထားလိုက်သည်။

ရာဇဝတ်ဘေးဟူသည့် အဘယ်မျှပင် တိမ်းရှောင်စေကာမူ နဂါးငွေ့တန်းနှင့်တူသော ဥပဒေစက်ကွင်းသို့ နောက်ဆုံး၌ သက်ဆင်းကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## နိဂုံး

မိုင်းပွန်စီအိုင်ဒီရုံးခန်းအတွင်း၌ဖြစ်သည်။

မိုင်းပွန်စုံထောက်ဌာန၊ ပုလိပ်ဌာနမှ တာဝန်ရှိသူများအပြင် အိုင်ပီအောင်မင်းအောင်၊ ထက်မင်းကျော်စွာနှင့် စုံထောက်ကြီးဦးထင်ကျော်တို့လည်း စုံစုံညီညီရောက်နေကြသည်။

"ဒါနဲ့ စကားမစပ်၊ ရှမ်းဆရာကြီးအယောင်ဆောင်ထားတဲ့ ဦးဇန်ကောင်းကို ဘယ်လိုများ ခြေရာခံမိသလဲဆိုတာ ပြောပြပါဦး"

စုံထောက်ကြီးဦးထင်ကျော်က မေးလိုက်သည်။

ထက်မင်းကျော်စွာက စီးကရက်တစ်လိပ်ကို မီးညှိဖွာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ ရှင်းပြသည်။

"တကယ်တော့ ဦးဇန်ကောင်းကိုအခုလိုဖမ်းမိတာ သူ့ကြောင့်မဟုတ်ပါဘူး၊ သူ့မြေးမလေးဆည်းဆာကြောင့် ဖမ်းမိတာပါ"

"ဟင် ဟုတ်လား၊ သူ့မြေးမလေးက မောင်ရင့်ကို သတင်းလာပေးတာလား"

"သူက သတင်းလာပေးတာမဟုတ်ပါဘူး၊ ကျွန်တော်က သူ့ကို သဲလွန်စရတာပါ၊ ဒီလိုနေရာမှာ မျက်လှည့်ဝိုင်းလာပြတယ်ဆိုတော့ ထူးပါတယ်ဆိုပြီးဝင်ကြည့်တာပါ၊ အဲဒီမှာဗုံတီးနေတဲ့ ဆည်းဆာကို သတိပြုမိတာ၊ သူက ယောကျ်ားလေးယောင်ဆောင်ထားပေမယ့် သိပ်မပီပြင်ဘူး၊ လှုပ်ရှားမှုက မိန်းကလေးလိုနွဲ့နေတယ်၊ အဲဒါနဲ့ သူဗုံတီးနေတဲ့နေရာရောက်အောင်သွားပြီး သူ့မျက်လုံးကိုစိုက်ကြည့်တဲ့အခါ သူ့မျက်လုံးကို ကျွန်တော်မှတ်မိသွားတယ်၊ ဒါကြောင့် ရှမ်းဆရာကြီးယောင်ဆောင်ထားတာ ဦးဇန်ကောင်းဖြစ်ရမယ်လို့ တထစ်ချတွေးနိုင်တာပါပဲ၊ နောက် ဦးဇန်ကောင်းက အသံကိုဖျက်ထားပေမယ့် သူ့အမူအယာက မျက်လုံးမမြင်ဟန်အကြာကြီးဆောင်ခဲ့ရတာဆိုတော့ တစ်ခါတစ်ခါ အဲဒီဟန်မျိုးပေါ်လာတယ်၊ ဒါကြောင့်အချိန်မီဖမ်းနိုင်ခဲ့တာပါ"

"တော်ပါပေတယ် မောင်ကျော်စွာရယ်၊ ဒါထက် သူရောင်းနေတဲ့ ဂမုန်းသူယောင်တွေဆိုတာ အစစ်တွေလားကွယ့်"





"မဟုတ်ပါဘူး၊ အတုလုပ်ထားတာတွေပါ"

"ဘယ်လိုလုပ်ထားတာလည်း ပြောပြပါဦး"

"ဂမုန်းသူယောင်ပင်ဆိုတာ တကယ်ရှိပါတယ်၊ ကျွန်တော် တောင်ကြီးက မြစိမ်းတောင်ပေါ် ကိုရောက်ခဲ့တုန်း ဆရာတော်တစ်ပါးပြောပြလို့သိခဲ့ရတယ်၊ သူယောင်ပင်က ဥဒီလိုမရှိပါဘူး"

"ဒါဖြင့် ဒီလိုယောကျ်ား၊ မိန်းမပုံတွေရအောင် ဘယ်လိုဖန်တီးထားတာလဲကွယ့်"

"ဒီဂမုန်းမျိုးတွေက ဥတော့အုပါတယ်၊ ဒါပေမယ့် ဒီလိုပုံစံတွေတော့မဟုတ်ပါဘူး၊ သူ့ဥက မုန်လာဥလိုဥမျိုးပါ၊ ဒီလိုဖြစ်အောင်လုပ်တာက တမင်လုပ်ယူတာပါ၊ ဂမုန်းပင် ဥစအုတဲ့အချိန်မှာ ယောကျ်ားပုံ၊ မိန်းမပုံထွင်းထားတဲ့ ပုံစံခွက်ထဲထည့်ပြီး မြေကြီးထဲ ပြန်မြှုပ်လိုက်တာပါ၊ အရွယ်ကြီးလာတဲ့အခါကျတော့ ပုံစံခွက်မှာပါတဲ့အတိုင်း ယောကျ်ားပုံ၊ မိန်းမပုံတွေ ဖြစ်လာတာပါ"

"သြော် အတော့်ကိုအကြံကောင်းလှပါပေတယ်"

"ဒါပေမယ့် ဒီဂမုန်းဥမျိုးက သူပြောသလောက် အစွမ်းမရှိပေမယ့် ဒီဥကိုကြိုသောက်ရင် ယောကျ်ားတွေအတွက် ခွန်အားဗလကတော့ စိတ်အချရဆုံးဆေးစွမ်းတစ်လက်ပေါ့ ဦးထင်ကျော်ရယ်"

"အင်း. . အခုလိုရှင်းပြမှပဲ သိရတော့တယ်၊ ကျုပ်လိုသာဆိုရင်တော့ အဟုတ်မှတ်ပြီး ဝယ်လိုက်မိမှာသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ရန်ကုန်သို့ပြန်ရန်ပြင်ဆင်နေကြစဉ် အိုင်ပီအောင်မင်းအောင်က ထက်မင်းကျော်စွာအား မေးလိုက်သည်။

"ဒါထက် ဦးဗန်ကောင်းရဲ့မြေးမလေးအတွက် မောင်ရင် ဘယ်လိုစဉ်းစားထားသလဲ ပြောပါဦး"

"ကျွန်တော် သူ့ကို ရန်ကုန်ကိုတစ်ခါတည်းခေါ် သွားမယ်လေ"

"ဟိုရောက်ရင်ရော ဘယ်လိုစီစဉ်မှာလဲ"

"ကျွန်တော် ဦးဗန်ကောင်းကို ကတိပေးခဲ့ပြီးတဲ့အတိုင်း အစစအရာရာစောင့်ရှောက်ပေးရမှာပေါ့"

"ဘယ်လိုစောင့်ရှောက်မှာလဲ၊ ခဏလေးစောင့်ရှောက်မှာလား၊ တစ်သက်လုံးစောင့်ရှောက်သွားမှာလား"

"အင်း. . . . ဒီအထိတော့ မစဉ်းစားရသေးပါဘူး၊ ကာယကံရှင်ရဲ့ဆန္ဒကလည်း ရှိသေးတယ်မဟုတ်လား၊ သူ သဘောတူရင်တော့ စီစဉ်တန်စီစဉ်ရမှာပေါ့၊ တော်ကြာ အခွင့်အရေးယူတာမျိုးလည်း ဖြစ်မှာစိုးရပါတယ်"

"မောင်ကလည်း လူပျိုလူလွတ်ဘစ်ယောက်ပဲ၊ သူ သဘောတူမယ်ဆိုရင်တော့ ရန်ကုန်ရောက်ရင် တစ်ခါတည်းသာ လက်မှတ်ထိုးလိုက်ကြပေတော့၊ ကျုပ်က မိဘနေရာက ဆောင်ရွက်ပေးပါ့မယ်၊ ကဲ ပြန်ဖို့ စီစဉ်ကြရအောင်၊ မိန်းကလေးဆီကို သွား





လိုက်ပါဦး မောင်ကျော်စွာ"

အိုင်ပီအောင်မင်းအောင်စကားဆုံးသည်နှင့် ထက်မင်းကျော်စွာသည် ဆည်းဆာနေထိုင်ရာအခန်းဘက်ဆီသို့ ကသုတ်ကရက်အမူအယာဖြင့် ထွက်သွားလေတော့ရာ ကျွန်ုပ်၏ 'နဂါးခံတွင်း ကျားခံတွင်း' အမည်ရှိ မှတ်တမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ်အဆုံးသတ်သွားပြီဖြစ်ပေတော့သတည်း။

ပြီး


စာပြီးချိန်- ၂၈. ၅. ၂၀၀၃ခုနှစ်၊
ဗုဒ္ဓဟူးနေ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com